

# ငြိမ်းချမ်းခြင်းဆိုသည်မှာ လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ခြင်း ဖြစ်သည်။

## ၂၀၁၆ ခုနှစ်တွင် မှတ်တမ်းပြုထားသော မြန်မာနိုင်ငံ၏ အပစ်ခတ်ရပ်စဲရေးရယူထားသည့် ဒေသများရှိ ဒေသခံပြည်သူများ၏ သဘောထားများ

# ငြိမ်းချမ်းခြင်းဆိုသည်မှာ လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ခြင်း ဖြစ်သည်။

*၂၀၁၆ ခုနှစ်တွင် မှတ်တမ်းပြုထားသော မြန်မာနိုင်ငံ၏ အပစ်ခတ်ရပ်စဲရေးရယူထားသည့် ဒေသများရှိ ဒေသခံပြည်သူများ၏ သဘောထားများ*

**ငြိမ်းချမ်းခြင်းဆိုသည်မှာ လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ခြင်း ဖြစ်သည်။**

*၂၀၁၆ ခုနှစ်တွင် မှတ်တမ်းပြုထားသော မြန်မာနိုင်ငံ၏ အပစ်ခတ်ရပ်စဲရေးရယူထားသည့် ဒေသများရှိ ဒေသခံပြည်သူများ၏ သဘောထားများ*


**နားထောင်ခြင်းဆိုင်ရာ သုတေသနနည်းနာ ပြင်ဆင်သူ** - Soth Plai Ngarm

**နားထောင်ခြင်း စီမံကိန်း အကောင်အထည်ဖော်ခြင်း (သင်တန်း၊ စီစဉ်မှု၊ ရေးသားခြင်း)**
**ကိုအော်ဒီနေတာ နှင့် တည်းဖြတ်သူ** - Karen Simbulan

**အဖွဲ့ဝင်များ၊** - Laurens Visser, Tengku Shahpur, Harshadeva Amarathunga

**မြန်မာမိတ်ဖက် အဖွဲ့အစည်းများ** -
ကရုဏာ မြန်မာလူမှု ကူညီရေး အဖွဲ့ (ကချင်)
တအာင်း ကျောင်းသားလူငယ်အဖွဲ့ (ရှမ်းပြည်နယ်မြောက်ပိုင်း)
ပြည်ငြိမ်းသုခ (ရှမ်းပြည်နယ်တောင်ပိုင်း)
ကယားပြည်နယ် ငြိမ်းချမ်းရေးစောင့်ကြည့်ရေး ကွန်ယက် (ကယား)
ကရင်ဖွံ့ဖြိုးရေး ကွန်ယက် (ကရင်)
မွန်အမျိုးသမီးကွန်ယက် (မွန်)

**မျက်နှာဖုံး ဓါတ်ပုံ** - Karlos Manlupig

**အတွင်းဓါတ်ပုံများ** - Zabra Yu Siwa, Shutterstock၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှနားထောင်သူ

**စာပြင်** - Husnur Esthiwahyu

**အပြင်အဆင်** - Boonruang Song-ngam

**ထုတ်ဝေသူ** - ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးစင်တာ (CPCS)

**ငွေကြေးအထောက်အပံ့** - ငြိမ်းချမ်းရေးထောက်ပံ့မှု ရံပုံငွေ အဖွဲ့ (PSF)

# ကျေးဇူး မှတ်တမ်း

ဤသုတေသနလုပ်ငန်းစဉ်တလျှောက် အဖိုးမဖြတ်နိုင်သော ကူညီမှုများပေးခဲ့သည့် မြန်မာမိတ်ဖက်အဖွဲ့များကို ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးစင်တာ (CPCS) က ကျေးဇူး တင်ရှိပါသည်။ သင်တို့၏ အကူအညီမပါဘဲ ကျွန်ုပ်တို့ ဤအကြောင်းအရာများ ပြုစုရန် မဖြစ်နိုင်ချေ။

အထူးသဖြင့် နားထောင်သူများအဖြစ် ပါဝင်ဆောင်ရွက်ပေးခဲ့သူ တဦးချင်းကိုလည်း ကျေးဇူး မှတ်တမ်းပြုလိုပါသည်။ သုတေသနလုပ်ငန်းစဉ်တလျှောက် အချိန်၊ လုပ်နိုင်စွမ်းအားနှင့် စိတ်အားထက်သန်မှုတို့ အပြင် ဝေးလံခေါင်ဖျား ဒေသများကို သွားလာရန် ဆန္ဒရှိခြင်းတို့အပေါ် အထူး ကျေးဇူးတင်ရပါသည်။

ကျွန်ုပ်တို့အနေဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယား၊ ကရင်နှင့် မွန်ပြည်နယ်များရှိ ပြည်သူများက မအားမလပ်သည့်ကြားထဲမှ ၎င်းတို့ အမြင်များ၊ အတွေ့အကြုံများ၊ ဗဟုသုတ၊ စိုးရိမ်ချက်များနှင့် အနာဂါတ်မျှော်လင့်ချက်များကို ပါဝင်ဖလှယ်ပေးခြင်းအတွက်ကိုလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း ပြောပါရစေ။ ပွင့်ပွင့်လင်းလင်း ပြောဆိုပေးခဲ့သည့် အတွက်ရော သင်တို့သဘောထားများကို ကျွန်ုပ်တို့ထံ ယုံကြည်စွာ ဖွင့်ဟ ခြင်းအတွက်ရော ကျေးဇူးတင်ပါသည်။

နောက်ဆုံးအနေဖြင့် ဤစာအုပ်ထုတ်ဝေနိုင်စေရန် ထောက်ပံ့ကူညီပေးခဲ့သည့် ငြိမ်းချမ်းရေး ထောက်ပံ့မှု ရံပုံငွေ အဖွဲ့ (PSF) ကို ကျေးဇူးမှတ်တမ်း တင်ပါသည်။ ၎င်းတို့အကူအညီမပါဘဲ ဤလုပ်ငန်းမအောင်မြင်နိုင်ပါ။

# မာတိကာ


**ကျေးဇူး မှတ်တမ်း..........iii**
**ဇယားများ.......... vi**
**အဖွဲ့အစည်း အခေါ်အဝေါ် အတိုကောက်များ ..........vii**

**အကြောင်းအရာ နှင့် တွေ့ရှိချက်အကျဉ်းချုပ်..........၁**
ကချင်ပြည်နယ် ..........၂၃
ရှမ်းပြည်နယ် မြောက်ပိုင်း..........၃၆
ရှမ်းပြည်နယ် တောင်ပိုင်း ..........၄၇
ကယားပြည်နယ်..........၅၇
ကရင်ပြည်နယ်..........၇၁
မွန်ပြည်နယ် ..........၈၁

**အကြံပြုချက်များ ..........၉၅**

# ဇယားများ


ဇယား (၁) နယ်မြေများအားလုံးရှိ အလုပ်ရုံဆွေးနွေးပွဲ၏ အဓိကအကြောင်းအရာများ ....၇
ဇယား (၂) အဓိကအကြောင်းအရာများ ....၂၃
ဇယား (၃) ကချင်ပြည်နယ် - သတ်မှတ်မေးခွန်းများမှ ရရှိလာသော အဓိကအကြောင်းအရာများ ....၂၆
ဇယား (၄) အဓိကအကြောင်းအရာများ ....၃၆
ဇယား (၅) ရှမ်းပြည်နယ် မြောက်ပိုင်း - သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ ....၃၉
ဇယား (၆) အဓိကအကြောင်းအရာများ ....၄၇
ဇယား (၇) ရှမ်းပြည်နယ် တောင်ပိုင်း - သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ ....၅၀
ဇယား (၈) အဓိကအကြောင်းအရာများ ....၅၈
ဇယား (၉) ကယားပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ ....၆၁
ဇယား (၁၀) အဓိကအကြောင်းအရာများ ....၇၁
ဇယား (၁၁) ကရင်ပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ ....၇၄
ဇယား (၁၂) အဓိကအကြောင်းအရာများ ....၈၁
ဇယား (၁၃) မွန်ပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ ....၈၆

မြေပုံအညွှန်းများ ....၅

# အဖွဲ့အစည်း အခေါ်အဝေါ် အတိုကောက်များ

| | |
|---|---|
| AA | Arakan Army (ရက္ခိုင့်တပ်မတော်) |
| BGF | Border Guard Force (နယ်ခြားစောင့်တပ်) |
| CBO | Community-Based Organization (ရပ်ရွာခြေပြု အဖွဲ့အစည်း) |
| CPB | Communist Patry of Burma (ဗမာပြည် ကွန်မြူနစ်ပါတီ) |
| CSO | Civil Society Organization (လူထုအခြေပြု အဖွဲ့အစည်း) |
| DKBA | Democratic Karen Benevolent Army (ကရင် ဒီမိုကရက်တစ် ကောင်းမြတ်ခြင်းတပ်) |
| EAG | Ethinic Armed Group (တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့) |
| HRP/MRP | Hongsawatoi Restoration Party/Mon Restoration Party (မွန်ပြည် ပြန်လည်ထူထောင်ရေးပါတီ) |
| IDPs | Internally Displaced Persons (ပြည်တွင်းအိုးအိမ်မဲ့စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသူများ) |
| KIO | Kachin Independence Organisation (ကချင် လွတ်မြောက်ရေး အဖွဲ့) |
| KIA | Kachin Independence Army (ကချင် လွတ်မြောက်ရေး တပ်မတော်) |
| KNU | Karen National Union (ကရင် အမျိုးသား အစည်းအရုံး) |
| KNPP | Karenni National Progressive Party (ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ) |
| KNPLF | Karenni National People's Liberation Front (ကရင်နီ အမျိုးသား လူထု လွတ်မြောက်ရေး တပ်ဦး) |
| KNG | Kayan National Guard (ကယား အမျိုးသား စောင့်ရှောက်ရေးတပ်) |
| KNLP | Kayan New Land Party (ကယားမြေသစ်ပါတီ) |
| MAMD | Mon Army Mergui District (မွန်တပ်- မကွေးခရိုင်) |
| MDWA | Mon Democratic Warrior Army (မွန် ဒီမိုကရက်တစ် သူရဲကောင်းတပ်) |
| MNDA | Mon National Democratic Army (မွန်အမျိုးသား ဒီမိုကရက်တစ် တပ်) |
| MNLA | Mon National Liberation Army (မွန်အမျိုးသား လွတ်မြောက်ရေး တပ်မတော်) |
| MPG | Mon Peace Group (မွန် ငြိမ်းချမ်းရေး အဖွဲ့) |

| | |
|---|---|
| MPF | Mon People’s Front (မွန် လူထု တပ်ဦး) |
| MTA | Mong Tai Army (မွန် တိုင်း တပ်မတော်) |
| MNDAA | Myanmar National Democratic Alliance Army (မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်) |
| NCA | Nationwide Ceasefire Agreement (တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်) |
| NCCT | Nationwide Ceasefire Coordination Team (တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့) |
| NLD | National League for Democracy (အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်) |
| NMSP | New Mon State Party (မွန်ပြည်သစ်ပါတီ) |
| NGOs | Non-Government Organisations (အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ) |
| NSAG | Non State Armed Group (အစိုးရနှင့် မဆိုင်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့) |
| PNLO | Pa’O National Liberation Organisation (ပအို့ဝ် အမျိုးသား လွတ်မြောက်ရေး အဖွဲ့) |
| RCSS | Restoration Council of Shan State (ရှမ်းပြည် ထူထောင်ရေး ကောင်စီ) |
| SLORC | State Law and Order Restoration Council (နိုင်ငံတော် တရားဥပဒေစိုးမိုးရေး ပြန်လည်ထူထောင်ရေးကောင်စီ) |
| SPDC | State Peace and Development Council (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) |
| SSA | Shan State Army (ရှမ်းပြည် တပ်မတော်) |
| SSA-N | Shan State Army – North (ရှမ်းပြည်တပ်မတော် - မြောက်) |
| SSA-S | Shan State Army – South (ရှမ်းပြည်တပ်မတော် - တောင်) |
| TNLA | Ta’ang National Liberation Army (တအောင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော်) |
| USDP | Union Solidary and Development Party (ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) |
| UWSA | United Wa State Army (ဝ ပြည် ညီညွတ်ရေး တပ်မတော်) |

# အကြောင်းအရာ နှင့်
# တွေ့ရှိချက်အကျဉ်းချုပ်



မြန်မာနိုင်ငံသည် အစိုးရ၏ မြန်မာ့တပ်မတော်နှင့် လက်နက်ကိုင်အုပ်စုများအကြား တိုက်ခိုက်မှုများကြောင့် ပဋိပက္ခ နယ်မြေ ဖြစ်ခဲ့ရသည်မှာ နှစ်ပေါင်း ၆၀ ကျော်ကြာခဲ့ပြီ ဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် မြန်မာအစိုးရက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ခဲ့ချိန်မှ အစပြု၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့နှင့် နှစ်ဘက် အပစ်ခတ်ရပ်စဲရေးစာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုသဘောတူညီချက်များမှာ မြန်မာနိုင်ငံဒေသ အတော်များများတွင် ဖြစ်ပွားနေသော အကြမ်းဖက်ပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် မျှော်လင့်ချက်ကြီးပင် ဖြစ်သည်။

နှစ်ဘက်အပစ်ခတ်ရပ်စဲရေးစာချုပ်များသည် ဗဟိုအစိုးရ၊ တပ်မတော်နှင့် မတူကွဲပြားသော တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများအကြား တနိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူညီချက်တခုရလာစေမည့် တွေ့ဆုံဆွေးနွေးပွဲများ စတင်နိုင်ခဲ့သည့် အခြေခံ အုတ်မြစ်တခု ဖြစ်သည်။ မြန်မာတနိုင်ငံလုံးတွင် တိုက်ခိုက်မှုများ ရပ်တန့်ရေး၊ အကြမ်းဖက်မှုများ အဆုံးသတ်ရေးသာမက လူမှုအသိုင်းအဝိုင်းများထိခိုက်ခံစားနေရသော ကာလရှည်ကြာ ထိခိုက်မှုအကြောင်းရာများကို ဖြေရှင်းအဖြေရှာနိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တခု ဖြစ်ပေါ်လာရေးကို တောင်းဆိုနေကြသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခြင်းသည် ဆယ်စုနှစ်များကြာ စွဲညီနေသော အမုန်း တရားများ၊ ဘေးဖယ်ခံထားရမှုများနှင့် တနိုင်ငံလုံးရှိ မတူကွဲပြားသော တိုင်းရင်းသားအုပ်စုများ၏ မယုံကြည်မှု တို့ကို ဖြေရှင်းရန် လိုအပ်သော လုပ်ငန်းရှည်ကြီးတခု၏ ပထမဦးဆုံးခြေလှမ်းအဖြစ် ရှုမြင်ကြသည်။ သောင်းကျန်း သူတန်ပြန် ဆန့်ကျင်ရေး နည်းနာများကို ဆယ်စုနှစ်များစွာ ကျင့်သုံးလာခြင်းက မတူကွဲပြားသော တိုင်းရင်းသား ပြည်နယ်များတွင် လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးမှု အဆမတန်နောက်ကျစေသည်။ ကျေးလက်ဒေသ အများစုသည် စာသင်ကျောင်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံကဲ့သို့သော အခြေခံ လူမှုရေး ဝန်ဆောင်မှုများ ရရှိမှု နည်းပါးသည်။ ထို့အပြင် လူမှုအသိုင်းအဝိုင်းများက အကန့်အသတ်ဖြင့်သာ ရှိသော အရင်းအမြစ်များအပေါ် ယှဉ်ပြိုင်ကြခြင်းကြောင့် လူနည်းစုတိုင်းရင်းသားအဖွဲ့အများစုအကြား တင်းမာမှုများမြင့်တက်လာရသည်။ ပြည့်စုံသောငြိမ်းချမ်းရေးသဘောတူညီချက်တွင် ထည့်သွင်းပြီး၊ နိုင်ငံရေး ဆွေးနွေးပွဲ လုပ်ငန်းစဉ်တွင် ထည့်သွင်းဆွေးနွေးရန်လိုသည့် အကြောင်းအရာ တချို့သာ ရှိသည်။

မြန်မာပြည်တွင် တတိယအကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအတွက် ပြင်ဆင်နေသည့်အချိန် မှာပင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည်လည်း ပြတ်လပ်စဲအဆင့်သို့ ရောက်နေသည်။

ကချင်ပြည်နယ်တွင် တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး ရှမ်းပြည်နယ် မြောက်ပိုင်းတွင်လည်း တပ်မတော်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) တို့အကြား တိုက်ပွဲများ ဆက်ဖြစ်ပွားနေသည်။ နယ်ခြားစောင့် တပ်ဖွဲ့ဝင်များ (BGF) နှင့် ဒီကေဘီအေ ခွဲထွက်အဖွဲ့များအကြား ထိတွေ့ပစ်ခတ်မှုများ ဖြစ်နေသကဲ့သို့ မွန်ပြည်သစ်ပါတီ (NMSP) နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့အကြား ကြိုကြားကြိုကြား တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုတိုက်ပွဲများက အနီးနားဝန်း ကျင်ရှိ ဒေသခံပြည်သူများ အပေါ် အန္တရာယ် ဖြစ်စေသည်သာမက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမျိုးသားအဆင့်ယုံကြည်မှု ကိုလည်း လျော့နည်းစေသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အခြားစိန်ခေါ်မှုများမှာ အားလုံးပါဝင်မှုနှင့် ငြိမ်းချမ်းရေးဆွေး နွေးပွဲများတွင် ကိုယ်စားပြုမှုတို့ ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၃ ဖွဲ့ကို ဘေးဖယ်ထားခြင်းအပြင် ဆွေးနွေးပွဲများ သည် လူမှုအဖွဲ့အစည်းများ နှင့် အမျိုးသမီးများ ပါဝင်မှုကို ကန့်သတ်ထားခြင်း စသည့် အပြစ်အနာဆာ ရှိနေသည်။ တွေ့ဆုံဆွေးနွေးမှုများတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ထိပ်ပိုင်းအဆင့် လုပ်ငန်းစဉ်တခုသာ ဖြစ်သည်မှာ ထင်ရှားနေပြီး၊ ဗဟိုအစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ၏ ခေါင်းဆောင် များက ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်များသာ အဓိကပါဝင်သည်။

ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးစင်တာ (CPCS) သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဒေသခံပြည်သူများ ပါဝင်မှုက အရေးကြီးသည်ကို လက်ခံသည်။ ဒေသခံအသိုင်းအဝိုင်းများသည် ခိုင်မာပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တခု ဖန်တီးရာတွင် လိုအပ်သော လက်တွဲဖော်များ ဖြစ်သည်။ အကြမ်းဖက်မှု ပဋိပက္ခများ ဖြစ်ပွားရာ ရှေ့တန်းဒေသများတွင် နေထိုင်နေရသူများဖြစ်သည့်အတွက် ထိုသူတို့သည် ပဋိပက္ခဖြစ်စေသည့် ကြေကွဲဖွယ်ရာများကို မျှဝေနိုင်သော အဖိုးတန်အမြင်များ မျှဝေနိုင်သူများ ဖြစ်သည်။ ၎င်းတို့ဒေသတွင် နှစ်ဘက် အပစ်ခတ်ရပ်စဲရေးစာချုပ် သဘောတူညီချက်များ အကောင်အထည်ဖော်ခြင်းကြောင့် ၎င်းတို့ မည်သို့ထိခိုက်နေရ သည်ကို နားထောင်ခြင်းသည် လက်ရှိ အောက်ခြေလူမှု အဝန်းအဝိုင်းအထိ ကြုံတွေ့နေရသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အကောင်းအဆိုး သက်ရောက်မှုအပေါ် တုံ့ပြန်ပေးသည့် အရေးကြီးသည့် အရင်းမြစ်တခု ဖြစ်သည်။

အောက်ဖော်ပြပါ တွေ့ရှိချက်များသည် မြန်မာနိုင်ငံရှိ အပစ်ခတ်ရပ်စဲထားသောဒေသခြောက်ခုရှိ ဒေသခံပြည်သူ နှင့် တိုက်ရိုက်မေးမြန်းချက်များ၊ သုတေသန ပြုထားချက်များအပေါ် အခြေခံထားသည်။ ဤပရောဂျက်၏ အဓိက ရည်ရွယ်ချက်သည် ဒေသခံပြည်သူများ၏သဘောထားများ တင်ပြရန် ဖြစ်ပြီး၊ ၎င်းတို့အတွေ့အကြုံများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင် တွေ့ဆုံညှိနှိုင်းနေသူများနှင့် အခြား ပါဝင်သင့်ပါဝင်ထိုက်သူများ အပါအဝင် ဆုံးဖြတ်ချက်ချမှတ်သူများ သိရှိရန်နှင့် ဩဇာ လွှမ်းနိုင်ရန် ဖြစ်သည်။




Map No. 4168 Rev. 3 UNITED NATIONS
June 2012

Department of Field Support
Cartographic Section

*Source: United Nations*

# တွေ့ရှိချက်အကျဉ်းချုပ်

၂၀၁၆ ခုနှစ် မတ်လ မှ ဩဂုတ်လအတွင်း နားထောင်သူ ၇၅ ဦးသည် ဒေသခြောက်ခုမှ ပါဝင်ဖြေဆိုသူ ၁၆၆၃ ဦးနှင့် စကားဝိုင်းပေါင်း ၄၅၉ ခုကို ပြုလုပ်ခဲ့သည်။ ထိုဒေသခြောက်ခုသည် လက်ရှိ နှစ်ဘက်အပစ်ခတ်ရပ်စဲရေး သဘော တူညီချက်ရယူထားသော ကချင်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ ကယား၊ ကရင် နှင့် မွန် ပြည်နယ်တို့တွင် ဖြစ်သည်။ ပါဝင်ဖြေဆိုသူများသည် ကချင်၊ ပလောင်၊ ကရင်၊ မွန်၊ ကယား၊ ခနေ၊ ပအို့ဝ်၊ ရှမ်း၊ ဗမာ၊ အင်းသား၊ ကယော၊ ကယန်း၊ လားဟူ၊ လော်ဝေါ်၊ လချိတ်၊ လီဆူးနှင့် နာဂ စသည့် မတူကွဲပြားသော တိုင်းရင်းသားလူမျိုးများ ဖြစ်သည်။ ၎င်းတို့သည် ဗုဒ္ဓဘာသာဝင်၊ ကတ်သလစ်၊ ခရစ်ယာန် ဘာသာဝင်၊ ဟိန္ဒူဘာသာဝင်၊ ဘာသာမဲ့များ၊ မွတ်ဆလင်နှင့် တံခွန်တိုင် ကိုးကွယ်သူများ ဖြစ်ကြပြီး၊ အသက်အရွယ်အားဖြင့် ၁၈ နှစ်မှ အသက် ၇၀ အထက်ထိ လူကြီးများ ပါဝင်ကြသည်။ ၎င်းတို့သည် လယ်သမားများ၊ လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များ၊ ပညာပေးသူများ၊ ဘာသာရေးခေါင်းဆောင်များ၊ ဈေးသည်များ၊ အလုပ်သမားများ၊ ကျန်းမာရေး လုပ်သားများ၊ အစိုးရဝန်ထမ်းများ၊ ငါးဖမ်းလုပ်သား၊ လူမှုရေးလုပ်သားများ ဖြစ်ကြသကဲ့သို့ အလုပ်လက်မဲ့များ အပြင် ပြည်တွင်းအိုးအိမ်မဲ့ စွန့်ခွာထွက်ပြေးနေရသူများလည်း ပါဝင်သည်။

နားထောင်ခြင်း နည်းနာကို အသုံးပြုပြီး၊ သုတေသနပြုရာ ဒေသများတွင် ဒေသန္တရစကား ပြောကျွမ်းကျင်ပြီး ဒေသအကြောင်း နားလည်သူများက ကျေးရွာ၊ မြို့နယ်အသီးသီးသို့ သွားရောက်ကာ ထိုလူမှုအသိုင်းအဝိုင်းရှိ ပြည်သူများနှင့် အပြန်အလှန် စကားဝိုင်းများ ပြုလုပ်ခဲ့ သည်။ ထိုစကားဝိုင်းများသည် ၎င်းတို့၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း အတွေ့အကြုံများ၊ အမြင်သဘောထားများ၊ နေ့စဉ်ကြုံတွေ့ရသော စိန်ခေါ်မှုများနှင့် အနာဂတ်အတွက် ၎င်းတို့၏ မျှော်လင့်ချက်များကို ဖမ်းယူ မှတ်တမ်းတင်ရန် ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်သည်။

# ဒေသအားလုံးတွင် ဖန်တလဲလဲဖြစ်နေသော အဓိကအကြောင်းအရာများ၊ ၂၀၁၆ ခုနှစ် ရလဒ်

သုတေသနပြုရာ နေရာတခုချင်းစီတွင် ပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲအတွင်း နားထောင်သူများ ပြောပြသော အဓိက အကြောင်းအရာများကို ခွဲခြမ်းစိတ်ဖြာရာတွင် သက်ဆိုင်ရာ ဒေသခံအသိုင်းအဝိုင်းများ တညီတညွတ်တည်း စိုးရိမ်နေသော အဓိက အကြောင်းအရာ ၉ ခု ထွက်ပေါ်လာသည်။

| ဇယား (၁) နယ်မြေအားလုံး၏ အလုပ်ရုံဆွေးနွေးပွဲများရှိ အဓိကအကြောင်းအရာများ | |
|---|---|
| ၁။ | ဒေသခံပြည်သူများက ပြီးပြည့်စုံပြီး အားလုံးပါဝင်သော အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်တခုကို ရရှိချင်သည်။ စစ်မှန်ပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကိုလည်း ရချင်သည်။ အကြမ်းဖက်ပဋိပက္ခ နောက်တကြိမ် ပြန်လည်ဖြစ်ပွားမည် ကို မည်သူမှ မခံစားချင်တော့။ |
| ၂။ | ၂၀၁၁ ခုနှစ်တွင် အစိုးရက စတင်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်စချိန်မှ အကောင်းဘက်သို့ ပြောင်းလဲမှု တချို့ရှိကြောင်း ဒေသခံပြည်သူများက အသိအမှတ်ပြုကြသည်။ |
| ၃။ | လွတ်လပ်စွာ သွားလာခွင့် ပိုမို ရရှိလိုကြောင်း ဖော်ပြကြသည်။ |
| ၄။ | အမျိုးမျိုးသော လက်နက်ကိုင်တပ်ဖွဲ့များက ၎င်းတို့အပေါ် တရားမဝင် အခွန်ဆက်ကြေး ကောက်ခံခြင်းမှ ကင်းဝေးလိုကြသည်။ |
| ၅။ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းနှင့် စားဝတ်နေရေး အဆင်ပြေမှု လိုချင်ကြောင်း ဖော်ပြကြသည်။ |
| ၆။ | အစိုးရက ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှု တို့ကို တိုးမြှင့်လုပ်ဆောင်ပေးရန် ဒေသခံအသိုင်းအဝိုင်းများက မျှော်လင့်ကြသည်။ ထို လူမှုရေးဝန်ဆောင်မှုများကို အရည်အသွေးမှီ လက်လှမ်းမှီ တိုးတက်မှုအဖြစ် မြင်လိုကြသည်။ |

| ဇယား (၁) နယ်မြေအားလုံး၏ အလုပ်ရုံဆွေးနွေးပွဲများရှိ အဓိကအကြောင်းအရာများ | |
|---|---|
| ၇။ | ဒေသခံပြည်သူများက ၎င်းတို့အသံသဘောထားကို ဆုံးဖြတ်ချက်ချသူများနှင့် မူဝါဒ ချမှတ်သူများ ကြားစေလိုသည်။ အစိုးရ၏ ရွေးချယ်ခံကိုယ်စားလှယ်များ အနေဖြင့် ၎င်းတို့ထံ လာရောက်ပြီး ၎င်းတို့နှင့် တိုင်ပင်ဆွေးနွေးခြင်း ပြုလုပ်ရန် မျှော်လင့်ပြီး ၎င်းတို့လိုအပ်ချက်နှင့် စိန်ခေါ်မှုများကို ဖော်ထုတ်ပြောကြားခွင့်လည်း ရလိုကြသည်။ |
| ၈။ | ဒေသခံပြည်သူများသည် မူးယစ်ဆေးသုံးစွဲသူအရေအတွက် အထူးသဖြင့် လူငယ်များအကြား မြင့်မားလာ နေသည့်အပေါ် စိုးရိမ်ကြသည်။ မူးယစ်ဆေးသုံးစွဲမှုနောက်ဆက်တွဲ ဆက်စပ်ဖြစ်ပေါ်နေသော လူမှုရေးဆိုင်ရာ ကိစ္စရပ်များအပေါ်တွင်လည်း ၎င်းတို့ စိုးရိမ်ပူပန်ကြသည်။ ထိုလူမှုရေးကိစ္စရပ်များတွင် မိသားစုဆက်ဆံရေးအပေါ် ဆိုးကျိုးသက်ရောက်မှု၊ ပစ္စည်းခိုးမှု၊ လုယက်မှုနှင့် မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သော အကြမ်းဖက်မှုများ ကြုံကြရသည်။ |
| ၉။ | ဒေသခံပြည်သူများက မြေယာအငြင်းပွားမှုအပေါ် စိုးရိမ်ပူပန်ကြသည်။ လူအချို့က ၎င်းတို့ဒေသအတွင်းတွင် ဖြစ်ပွားနေဆဲ မြေယာသိမ်းဆည်းမှု အရေအတွက် မြင့်တက်နေကြောင်း ပြောဆိုကြသည်။ ထိုသိမ်းဆည်းမှု များသည် ၎င်းတို့ မြေပိုင်ဆိုင်မှု အခွင့်အရေးအပေါ် မေးခွန်းထုတ်နေသည်။ အချို့လူများကတော့ တိုက်ခိုက်မှု များကြားမှ ထွက်ပြေးရင်း စွန့်ခွာထားခဲ့ရသော ၎င်းတို့ မြေအတွက် ပူပန်နေကြရသည်။ |

# ဒေသအားလုံးတွင် ဖြစ်ရပ်တူသောအဓိကအကြောင်းအရာများ၊ ၂၀၁၅ မှ ၂၀၁၆ အထိ

ဤနားထောင်ခြင်းသုတေသနလုပ်ငန်းစဉ်သည် ကျေးရွာနှင့်မြို့အသီးသီးတွင်ပြုလုပ်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်က ပြုစုခဲ့သော နားထောင်ခြင်းသုတေသနလုပ်ငန်းစဉ်နှင့် ယှဉ်ပါက အဓိကအကြောင်းအရာအချို့ တူညီ နေပြီး ဆက်လက်ဖြစ်ပွားနေကြောင်းလည်း သိရှိရသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဆက်စပ်ပြီး ထို ဒေသခံများ၏ တူညီသော စိုးရိမ်ချက်များ၊ စိတ်ခံစားချက်များနှင့် အတွေ့အကြုံများကို အောက်ဖော်ပြပါ အပိုင်းတွင် အကျဉ်းချုပ် ဆွေးနွေးထားသည်။

*မြေယာ အငြင်းပွားမှု*

မြေယာအငြင်းပွားမှုနှင့် သက်ဆိုင်သောအကြောင်းအရာများသည် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် နှစ်နှစ်စလုံးတွင် တွေ့ရှိရသော ဘုံအကြောင်းအရာ ဖြစ်သည်။ ဤနားထောင်ခြင်းသုတေသနတွင်ပါဝင်ခဲ့သောဒေသခံပြည်သူများသည်၎င်းတို့ကိုယ်တိုင် မြေယာအငြင်းပွားမှုများကြုံခဲ့ရသည်။ ထိုအငြင်းပွားမှုများသည် ယေဘူယျ အားဖြင့် အသစ်အတည်ပြုလိုက်သော မြေယာပိုင်ဆိုင်မှုဥပဒေကြောင့် ဖြစ်ပွားလာရသော အငြင်းပွားမှုများ ဖြစ်သည်။ မြေယာဥပဒေသစ်သည် ဒေသခံများ ကျင့်သုံးနေသော မြေယာအသုံးပြုမှု နည်းလမ်းများ/ရိုးရာ ဓလေ့အရ မြေအသုံးပြုမှုနှင့် ကွာခြားသည်။ မြေယာခွဲဝေအသုံးပြုမှု အပေါ် ထပ်ဆောင်းကန့်သက်ချက်များ ဖြစ်လာစေခြင်း လည်း ဖြစ်သည်။ ဤသည်က စီးပွားရေးအခွင့်အလမ်းနည်းပါးမှုနှင့် နေ့စဉ်ဘဝရပ်တည်ရေး အတွက် စိန်ခေါ်မှုများ ကြုံနေရသော ပြည်သူများကို ရှုပ်ထွေးမှုများ ဖြစ်စေသည်။

နားထောင်ခြင်းမှကြားသိလာရသော မတူကွဲပြားသည့် မြေယာအငြင်းပွားမှု သရုပ်သကန်များကို ယေဘူယျ အားဖြင့် အမျိုးအစား နှစ်ခု ခွဲခြားကြည့်နိုင်သည်။ ပထမတစ်ခုမှာ ဖွံ့ဖြိုးရေးလုပ်ငန်းအကြီးစားများကြောင့် ဖြစ်ပေါ် လာရသော မြေယာ အဓမ္မ သိမ်းဆည်းမှု ဖြစ်သည်။ ထိုအကြီးစားဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရေအား လျှပ်စစ် ဓါတ်အားပေးရေကာတာများ၊ လမ်းများ၊ ဟိုတယ်ဇုန်များ သို့မဟုတ် လမ်းမကြီးများ တည်ဆောက်ခြင်း တို့ ပါဝင်သည်။ ထိုလုပ်ငန်းလုပ်ကိုင်သူများသည် စီမံကိန်းများအတွက် မြေနေရာ ရယူရာတွင် ဒေသခံ အသိုင်းအဝိုင်းများကို အကြောင်းကြားခြင်း သို့မဟုတ် ဆွေးနွေး တိုင်ပင်ခြင်း မရှိကြောင်း ဒေသခံများက ပြောပြကြသည်။ တချို့နေရာများတွင် အများပိုင်မြေနေရာကို မရိုးမသား ပြုလုပ်ထားသော

မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်ဖြင့် သိမ်းယူကြပြီး စီးပွားရေးလုပ်ငန်းရှင်ကြီးများထံ ရောင်းပစ်ကြသည်။ အကျိုးဆက်အဖြစ် ဒေသခံများသည် အိမ်ခြေမဲ့ ဖြစ်လာကြရသည်။ သို့မဟုတ် ဝမ်းရေးအတွက်အသုံးပြုနေရသော လယ်ယာမြေ သို့မဟုတ် အခြား အများပိုင်အသုံးပြုသော မြေနေရာများကို အသုံးပြုခွင့် မရဘဲ ဖြစ်လာကြသည်။ ရလဒ်အဖြစ် ဒေသခံများ မကျေနပ်ချက်များကြီးထွားလာပြီး ၎င်းတို့ဒေသတွင် တည်ဆောက်လာမည့် အကြီးစားဖွံ့ဖြိုးရေး လုပ်ငန်းများ အပေါ် သတိထားလာကြသည်။ ထိုလုပ်ငန်းများကို ၎င်းတို့ဒေသ ဖွံ့ဖြိုးတိုးတက်စေမည့် သို့မဟုတ် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးရာ အရင်းအမြစ်များအဖြစ် မမြင်တော့ဘဲ၊ ထိုတည်ဆောက်မှုများသည် ကျပ်တည်းမှုများ ပိုမိုဖြစ်စေသည့် အကြောင်းရင်းအဖြစ် ရှုမြင်လာကြသည်။

မြေယာအငြင်းပွားမှုဆိုင်ရာ ဒုတိယအမျိုးအစားသည် ဒေသခံအသိုင်းအဝိုင်းများက မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များကို မည်သို့ နားလည်သည်နှင့် ဆက်စပ်နေသည်။ ပြည်နယ်တခုချင်းစီသည် မြေယာအသုံးချမှုနှင့် ခွဲဝေမှုဆိုင်ရာ ဓလေ့ရိုးရာ နည်းလမ်းများ ရှိကြသည်။ ကံအကြောင်းမလှစွာပင် မကြာခင်နှစ်များက အတည်ပြု ခဲ့သော နိုင်ငံတော် မြေယာပိုင်ဆိုင်မှု ဥပဒေသည် ထိုဓလေ့ထုံးတမ်းများမှ သွေဖီနေကာ မြေယာမှတ်ပုံတင်မှု ပြုလုပ်လိုသူများသည် ရှုပ်ထွေးလှသော လုပ်ငန်းစဉ်များ လုပ်ဆောင်ရပြီး၊ စာရွက်စာတမ်းအထောက်ထားများကို လိုအပ်သည်ထက် ပိုမို တင်ပြရသည်။ ထို့အတွက်ကြောင့် မြေယာပိုင်ဆိုင်ကြောင်း ဥပဒေအရ အတည်ပြုနိုင်ရန် လိုအပ်သော အဆင့်ရောက်ရန်အလို့ငှာ မည်သို့ ဆောင်ရွက်ရမည်ကို ဒေသခံများ နားမလည်သည်မှာ အံ့သြစရာ တော့ မဟုတ်ပါ။ မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များ အကြောင်း ဒေသခံများကို ပညာပေးရေး ကြိုးပမ်းမှုများ ရှိသော်လည်း ဒေသခံအသိုင်းအဝိုင်းများက ထိုကြိုးပမ်းမှုများအပေါ် အကြီးအကျယ် စိတ်ပျက်မိကြောင်း ပြောဆိုကြသည်။ ၎င်းတို့မြေဆုံးရှုံးရသောကြောင့် ဖြစ်လာသော အကျိုး သက်ရောက်မှုများကို ဖြေရှင်းရန် လုံလောက်သော လျော်ကြေးပေးမှု မရှိဟု ဆိုကြသည်။

*မူးယစ်ဆေးဝါးပြဿနာ*

၂၀၁၅ မှ ၂၀၁၆ ခုနှစ်အထိ မူးယစ်ဆေးဝါးနှင့်ဆက်နွယ်နေသော ဘိန်းစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းတို့ ဒေသအားလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေဆဲဖြစ်သဖြင့် ဒေသခံပြည်သူများ စိုးရိမ်ကြသည်။

ဒေသခံလူထုအများစုရည်ညွှန်းလေ့ရှိသည့် စိုးရိမ်ပူပန်မှုသည် ဒေသခံအများအပြား မူးယစ်ဆေးစွဲမှု အရေ အတွက် မြင့်မားမှု ဖြစ်ပြီး၊ မိသားစုဝင်များနှင့် လူမှုအသိုင်းအဝိုင်းအပေါ် နောက်ဆက်တွဲ သက်ရောက်မှုများဖြစ်သည်။ နေရာအချို့တွင် ခိုးဆိုးလုယက်မှု၊ မူးယစ်ဆေးသုံးသူများနှင့် မူးယစ်ဆေးဝါးအသုံးပြုမှုနှင့် ဆက်နွယ်သော အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ရပ်များ မြင့်တက်လာသည်ဟု အသိုင်းအဝိုင်းများက ဆိုကြသည်။ ၎င်းတို့သားသမီးများကို မူးယစ်ဆေးဖြတ်စေရန် မိဘများကိုယ်တိုင်က ကျေးရွာအာဏာပိုင်များ သို့မဟုတ် ဥပဒေ စိုးမိုးရေးအဖွဲ့များအား ဖမ်းဆီးခိုင်းရသည့် သာဓကများလည်း ရှိကြောင်း ဖြေဆိုသူအချို့က ပြောဆိုကြသည်။ မူးယစ်ဆေးဝါးသုံးခြင်းကြောင့် လူမှုရေးနှင့် အသိုင်းအဝိုင်းတွင်း ဆက်ဆံရေးများတွင် ဆိုးကျိုးသက်ရောက်မှုများ ရှိသည့်အခြေအနေကို သတိပြုမိသောကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က မူးယစ်ဆေးဖြတ် အစီအစဉ်များ လုပ်ဆောင်ပြီး ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်ကြသည်။

တချို့ဒေသများတွင်မူ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ခြင်းကြောင့် ဖြစ်လာရသော ဆိုးကျိုးများသည် အဓိကစိုးရိမ်မှုဖြစ်ရသည်ဟု ပြောဆိုကြသည်။ ရောင်းဝယ်မှုတွင် မူးယစ်ဆေးဝါးများကို ဒေသတခုခုအတွင်း သို့မဟုတ် ဒေသတခုခုကို ဖြတ်၍ ခိုးဝှက်သယ်ယူ ဖြန့်ဝေခြင်း ဖြစ်သည်။ တရားမဝင်ရောင်းဝယ်နိုင်ရန် လာဘ်ပေးလာဘ်ယူမှု အလေ့အထကြောင့် ပြဿနာများ ပေါ်ပေါက်ရသည်။ ထိုအလေ့အထများတွင် အာဏာပိုင် အသီးသီးကို လာဘ်ထိုးခြင်းနှင့် "အခွန်" ဆောင်ခြင်းဖြင့် လိုရာဒေသသို့ ဆက်သွယ်နိုင်ရန် ဆောင်ရွက်ကြသည်။ အမြတ်အစွန်းရလွယ်သော မူးယစ်ဆေးကုန်ကူးမှုကြောင့် မူးယစ်ဆေးရောင်းဝယ်မှုတွင် ပါဝင်နေသော ပဋိပက္ခဖန်တီးသူများက လုံခြုံရေးအခြေအနေများ မတည်မငြိမ်ဖြစ်စေရန် ဆောင်ရွက်လေ့ရှိပြီး၊ ထိုမှသာ တရားမဝင်လုပ်ငန်းမှ ဝင်ငွေရရှိရေး အတွက် ဆက်လက် လုပ်ကိုင်နိုင်မည်ဖြစ်သည်ဟု အသိုင်းအဝိုင်းအချို့က ယူဆကြသည်။

မူးယစ်ဆေးဝါးဆိုင်ရာ နောက်ဆုံးသဘောတရားတခုသည် ဘိန်းပင်စိုက်ပျိုးခြင်းနှင့် ဒေသတွင်းစီးပွားရေးအကြား ဆက်စပ်မှု ဖြစ်သည်။ နေရာအချို့တွင် ဘိန်းစိုက်တောင်သူများသည် ၎င်းတို့ဝမ်းရေးအတွက် ဘိန်းပင်များအပေါ် မှီခိုနေရသည်။ ထိုမှီခိုနေရမှုသည် ဒေသခံပြည်သူများက မူးယစ်ဆေးထုတ်လုပ်မှုစက်ဝန်းထဲ ရောက်သွား သောအခါ ပိုဆိုးစေသည်။ ထိုဒေသများတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆောင်ရွက်နေသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ သို့မဟုတ် ဒေသတွင်းလူမှုအခြေပြုအဖွဲ့များက ဘိန်းခင်းများကို လာရောက်ဖျက်ဆီးသွားသောအခါ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွင် ပါဝင်နေသော အုပ်စုများသည် ဘိန်းသီးနှံအတွက်

ကုန်ကျမည့် ရင်းနှီးငွေကို ထုတ်ပေးလေ့ရှိသည်။ ထို့ကြောင့် ဘိန်းစိုက်တောင်သူများသည် မူးယစ်ဆေးဝါးထုတ်လုပ်ပြီး ကိုယ်ကျိုးစီးပွားရှာ အုပ်စုများနှင့် မူးယစ်ဆေးဝါးကို ဖျက်ဆီးသောအုပ်စုများအကြား ကြားညှပ်ကြရသည်။ အုပ်စု နှစ်ဖက်ကြား ညှပ်ရသော ဘိန်းစိုက်တောင်သူများသည် စားဝတ်နေရေးအတွက် ဆိုးကျိုးအများဆုံး ကြုံရသည်။

*တိုင်းရင်းသားအုပ်စုများ၏ တန်းတူညီမျှမှု နှင့် ညီညွတ်မှု*

တိုင်းရင်းသားလူမျိုးစုအုပ်စုများအကြား တန်းတူညီမျှမှုနှင့် ခွဲခြားမှုမရှိရေးအတွက် တောင်းဆိုမှုများသည် ဒေသခံ လူထုများအကြား ဘုံအကြောင်းအရာ တခု ဖြစ်သည်။ တိုင်းရင်းသား၊ တိုင်းရင်းသား မျိုးနွယ်တခုခုဝင်လူမျိုးစု၊ လူနည်းစုနှင့် လူများစု စသည့် အုပ်စုများအပေါ် အခြေခံလျက် ပွတ်တိုက်မှုများနှင့် တင်းမာမှုများ ခံစားရကြောင်း ဒေသခံများက ဖော်ပြကြသည်။

ထိုပူပန်မှုများကို နားလည်နိုင်မည့် အဆင့် နှစ်ဆင့် ရှိသည်။ ပထမအဆင့်သည် နိုင်ငံတော်အဆင့်ဖြစ်သည်။ နိုင်ငံတော်အဆင့် တွင် တိုင်းရင်းသားအုပ်စုများသည် နိုင်ငံရေးအရ ရွေးချယ်ခံအရာရှိအဖြစ်သော်လည်းကောင်း၊ ၎င်းတို့အကျိုးစီးပွားကို ကိုယ်စားပြုသည်ဆိုသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှတဆင့်သော် လည်း ကောင်း ကိုယ်စားပြုကြသည်။ ထိုအဖွဲ့များ၏ ဆောင်ရွက်ချက်များသည် ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ တိုင်းရင်းသားလူမျိုးစုတခုလုံးအတွက် ဖြစ်သည်။ ထို့အတွက်ကြောင့် ဒေသခံများသည် တိုင်းရင်းသားလူမျိုးစုအားလုံးအတွက် တန်းတူညီမျှမှုကို အာမခံသော မူဝါဒများ အကောင်အထည်ဖော်ရန် ဗဟိုအစိုးရထံ စဉ်ဆက်မပြတ် တောင်းဆိုနေသည်။ တိုင်းရင်းသား အဖွဲ့များတွင် ပိုမိုကောင်းမွန်သော နိုင်ငံရေးအရ ကိုယ်စားပြုမှု အထူးသဖြင့် နိုင်ငံတော်အဆင့်တွင် ရရှိရန် မျှော်လင့်ကြသည်။ ဤသည်က ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကာလက နိုင်ငံရေးဖြစ်စဉ်ဆိုင်ရာ အသိပညာပြန့်ပွားရေး ကြိုးပမ်းချက်များ၏ ရလဒ်ပင် ဖြစ်သည်။ စိတ်ဝင်စားစရာကောင်းသည်မှာ လူမှုအသိုင်းအဝိုင်းအချို့က တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များသည် ၎င်းတို့ အကျိုးစီးပွားကို ကိုယ်စားပြုဆောင်ရွက်နေသူများ ဖြစ်သည်ဟု မြင်ကြခြင်း ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တန်းတူ ဆက်ဆံမှုပြုရန် ဗဟိုအစိုးရကို တောင်းဆိုကြသည်။

ဒုတိယအဆင့်သည် လူမှုအဖွဲ့အစည်းအဆင့် ဖြစ်သည်။ လူမှုအသိုင်းအဝိုင်းများသည် ၎င်းတို့ခွဲခြားဆက်ဆံခံရ သည့် အတွေ့အကြုံများကို ဖော်ပြသည့် ဖြစ်ရပ်များကို ဝေမျှကြသည်။

၎င်းတို့က ဒေသတွင်းနှင့် နိုင်ငံတော် အဆင့် နိုင်ငံရေးအရ တိုးတက်မှုများကြောင့် မကြာမကြာ ပိုမိုဆိုးဆိုးဝါးဝါးကြုံရသော အပြန်အလှန် တင်းမာမှုများ ကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ ရှာဖွေလိုကြသည်။ ပါဝင်ဖြေဆိုသူအချို့က ၎င်းတို့သည် တိုင်းရင်းသားလူမျိုးစု တစုစု ဖြစ်ခြင်းကြောင့်ပင် တခါတရံတွင် တပ်မတော် သို့မဟုတ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တားဆီး ရှာဖွေခြင်းကို မကြာခဏ ခံကြရသည်ဟု ရှင်းပြသည်။ ၎င်းတို့၏ တိုင်းသားလူမျိုး စုအမည်သည် အာဏာပိုင်များ က ငွေချေးပေးရန် လျှောက်လွှာများကို အတည်ပြုမပြု ဆုံးဖြတ်သည့်အခါ ထည့်သွင်းစဉ်းစားခြင်း ခံရသည်ဟု ထင်မြင်ကြသည်။ ဒေသခံပြည်သူများသည် မတူကွဲပြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အချင်းချင်း တိုက်ခိုက်မှုများကြား တွင်လည်း ကြားညပ်ကြရသည်။ စစ်သားများက ၎င်းတို့ရွာများမှ ဖြတ်သန်းသွား လာသောအခါ ပြိုင်ဘက်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် လူမျိုးစုတူသူများ ကို ပစ်မှတ်ထားလေ့ ရှိသည်ဟု ဆိုသည်။ မြင့်တက်လာနေသော တင်းမာမှုများသည် မတူကွဲပြားသောတိုင်းရင်း သားအဖွဲ့များ လက်အောက် နေထိုင်ရသော ဒေသခံများအကြား သဘောထားကွဲလွဲမှုများ ပိုဖြစ်စေသည်။ တချို့ဖြစ်ရပ်များတွင် မလုံခြုံမှု များ ကြောင့် တိုင်းရင်းသားလူမျိုးစုငယ်များအ ကြား ပြည်သူ့စစ်အဖွဲ့ငယ်လေးများ ဖွဲ့စည်းခြင်းများ ဖြစ်ပေါ်လာသည်။

၎င်းတို့ဒေသများတွင်း ကွဲပြားမှုများကို သတိပြုမိသည့် လူမှုအသိုင်းအဝိုင်းများက တိုင်းရင်းသား လူမျိုးအုပ်စုများ အကြား ပိုမို ညီညွတ်ရေးကို စိတ်အားထက်သန် မျှော်လင့်နေကြကြောင်း ထုတ်ဖော်ပြောဆိုကြသည်။ တချို့က တပ်မတော်အရာရှိများသည် တိုင်းရင်းသားလူမျိုးစုအဖွဲ့များ အား အားလျော့စေရန် ၎င်းတို့အကြား သဘောထား ကွဲလွဲမှုဖြစ်စေသည့် နည်းဗျူဟာကိုသုံး ကြသည်ဟု ယူဆကြသည်။ အစိုးရဌာနများတွင် ကိုယ်စားပြုပါဝင်မှု မြင့်လာစေရန် သို့မဟုတ် ငြိမ်းချမ်းရေးစကားဝိုင်းများတွင် ၎င်းတို့၏အမြင်များ ထင်ဟပ်စေရန် တောင်းဆိုခြင်း စသည့် စည်းရုံးလှုံ့ဆော်မှုများကို ဒေသခံများအားလုံး အတူတကွ ဆောင်ရွက်ရန် လိုအပ်ကြောင်းကို သိရှိကြ သည်။ တိုင်းရင်းသားလူမျိုးစုများအကြား ကွန်မြူနီတီအဆင့်မှာပင် တင်းမာမှုများကို ထိန်းညှိရန်အတွက် မတူကွဲပြားသော တိုင်းရင်းသားလူမျိုးစုများအကြား အပြန်အလှန် အကျိုးပြု ပူးပေါင်းမှု ပိုမိုရှိလာစေရန် တွေ့ဆုံ ဆွေးနွေးရေးလုပ်ငန်းစဉ်များမှတဆင့် ဒေသခံလူထုပါဝင်မှု ရလာအောင် ကြိုးပမ်းမှုလိုအပ်ကြောင်း ဒေသခံ အသိုင်းအဝိုင်းအချို့က ဖော်ပြကြသည်။ မတူ ကွဲပြားသောတိုင်းရင်းသားလူမျိုးစု အဖွဲ့များအကြား တိုက်ခိုက်မှုများ ရပ်တန့်လိုက်လျှင် ထိုကွဲပြားမှုများ လျော့ပါးသွားမည်ဟု အချို့က မှတ်ချက်ပြုသည်။

### *အသက်မွေးမှုဆိုင်ရာအခွင့်အလမ်းများ*

သုတေသနပြုခဲ့ရာဒေသများတွင် ထပ်တလဲလဲဖြစ်နေသော အခြား အကြောင်းအရာတခုမှာ အသက်မွေးဝမ်း ကျောင်းအလုပ်များ ရေရှည်ဆက်ရှိနေရေးဆိုင်ရာ စိန်ခေါ်မှုများ ဖြစ်သည်။ ၎င်းတို့ဒေသတွင် ကာလရှည်ကြာ ဖြစ်ပွားနေသော အကြမ်းဖက်မှုပဋိပက္ခကြောင့် ထိုစိန်ခေါ်မှုများဖြစ်ရခြင်းကို ၎င်းတို့ သိရှိကြသည်။

ထိုအကြောင်းအရာအပေါ် သဘောထားတခုမှာ ပဋိပက္ခများသည် စီးပွားရေးအကျပ်အတည်းကို တိုက်ရိုက် အားဖြင့် မည်သို့ထိခိုက်နေသနည်းဆိုသည့်အယူအဆ ဖြစ်သည်။ တိုက်ခိုက်မှုများက ကျေးရွာများကို ရှေ့တန်းစစ် မျက်နှာပြင်များ အသွင် ပြောင်းလဲစေခဲ့သည့်အတွက် ပြည်သူများ ၎င်းတို့အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရပြီး အခြားဒေသများတွင် ပြောင်းရွှေ့နေထိုင်ကြရသည်။ ထို့ကြောင့် ၎င်းတို့ လယ်ယာမြေများ၊ သီးနှံများ၊ ပိုင်ဆိုင်မှုများ နှင့် အသက်မွေးမှုများကို စွန့်ပစ်ခဲ့ရခြင်း ဖြစ်သည်။ ယေဘူယျအားဖြင့် ပြောင်းရွှေ့နေထိုင်ရသည့် ဒေသများတွင် ၎င်းတို့ အလုပ်အကိုင် သို့မဟုတ် အသက်မွေးမှု အခွင့်အလမ်းမှာ အကန့်အသတ်ဖြင့်သာ ရှိပြီး၊ အိုးအိမ်မဲ့ ရွှေ့ပြောင်းနေထိုင်ရသူ (IDPs) များအနေဖြင့် အစာအာဟာရအတွက် လူသားချင်းစာနာမှု အထောက်အပံ့ ပေးသော အေဂျင်စီ များအပေါ် မှီခိုရစေသည်။

တိုက်ပွဲများဒဏ် တိုက်ရိုက်မခံစားရသော ဒေသများသည်လည်း ဆယ်စုနှစ်များစွာကြာ ပဋိပက္ခကြောင့် ဖွံ့ဖြိုးမှု နောက်ကျရသည့် ပြဿနာများဖြင့် ပတ်ချာဝိုင်းနေသည်။ တိုင်းရင်းသားပြည်နယ်များတွင် စစ်ပွဲများဖြင့် စစ်တပ်မှ လွှမ်းမိုးထားခြင်းသည် လာဘ်စားမှုဖြင့်ပြည့်နေသော စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်သောအခြေအနေ၊ လုပ်အားထိန်းညှိမှုမရှိခြင်းနှင့် သာတူညီမျှလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနေသော ခရိုနီစီးပွားရေးစနစ်ကို သက်ဆိုးရှည်စေခြင်းစသည့် တို့ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် သုတေသနပြုရာဒေသများမှ ဒေသခံ အများစုကလုံလောက်သောဝင်ငွေ ဖန်တီးနိုင်မှုနှင့် ငြိမ်းချမ်းရေးကို ညီမျှခြင်းချ ပြောဆိုသည်မှာ အံ့သြစရာတော့ မဟုတ်ပါ။ သို့မှသာ ၎င်းတို့ မိသားစုရပ်တည်နိုင်မည် ဖြစ်ပြီး ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်မည် ဖြစ်သည်။

ဤအကြောင်းအရာနှင့်ဆက်စပ်သောအခြားအယူအဆတခုမှာ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း၏ သက်ရောက်မှုများ နှင့် ဆက်စပ်နေသည်။ ပြည်သူများတွင် ၎င်းတို့ဘဝရေရှည်ရပ်တည်ရေးအတွက် လုံလောက် သော နည်းနာများ မရှိယုံမက အလုပ်လက်မဲ့နှုန်း မြင့်မားရခြင်း

သည်လည်း မူးယစ်ဆေးစွဲမှုနှင့် မူးယစ်ဆေးဝါး နှင့်ဆက်နွှယ်နေသော အကြမ်းဖက်မှုများ မြင့်တက်လာရခြင်း အကြောင်းရင်းတခု အဖြစ် ရှုမြင်ကြသည်။ ရာဇဝတ် ပြစ်မှုများ မြင့်မား လာရခြင်း၏ အကြောင်းရင်း တရပ်လည်း ဖြစ်သည်ဟု မြင်ကြသည်။ လူငယ်များ အတွက် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်း၏ အကျိုးဆက်ကိုလည်း ဒေသခံအသိုင်းအဝိုင်းများက စိုးရိမ်ကြသည်။ ၎င်းတို့မိသားစုများအား ထောက်ပံ့နိုင်ရေး လုံလောက်သော ဝင်ငွေ ရရှိရန်အလို့ငှာ အလုပ်အကိုင် ရှာဖွေရန်အတွက် တိုင်းပြည်ကို စွန့်ခွာပြီး အထူးသဖြင့် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ ထွက်သွားကြရသူများ ရှိသည်။ ဤအခြေအနေက ရေရှည် စည်းလုံးသော လူ့အဖွဲ့အစည်းတခုတည်ဆောက်ရေးတွင် အရေးကြီးသည့် အချက်များအပေါ် သက်ရောက်မှုရှိစေသည့် (ပြောင်းရွှေ့နေထိုင်မှုကြောင့်) လူ့အဖွဲ့အစည်းနှင့် ကင်းကွာသွားခြင်း၊ သို့မဟုတ် (မူးယစ်ဆေးဝါးစွဲမှုကြောင့်) လူ့အဖွဲ့အစည်းတခုလုံးနှင့် ကင်းလွတ်လာခြင်း စသည့် ထပ်ဆောင်းစိုးရိမ်မှုများဖြစ်ပေါ်စေသည်။ နိုင်ငံရပ်ခြားတွင် အလုပ်သွားရောက်လုပ်ကိုင်နေသော လူငယ်များသည် ၎င်းတို့ ယဉ်ကျေးမှုကို မေ့သွားခြင်း သို့မဟုတ် ရိုးရာဓလေ့များ ဆုံးရှုံးရခြင်းတို့ ဖြစ်မည်ကို စိုးရိမ်ကြကြောင်းလည်း တချို့က ဆိုသည်။

ထိုစိုးရိမ်ချက်များကို ဖြေရှင်းရန်အတွက် ဗဟိုအစိုးရအနေဖြင့် ဝင်ရောက်ကူညီရန် လိုအပ်ပြီး သင့်တင့်သော ဈေးကို အာမခံသော ပုံမှန်ဈေးကွက်တခု ဖန်တီးပေးရန် လိုအပ်ကြောင်း ဒေသခံများက ဖော်ပြကြသည်။ ကုန်စည်ရောင်းဝယ်ရေး အခွင့်အလမ်းများ ပိုရရန် အစိုးရက ဈေးကွက်များများ ဖန်တီးပေးရန် ၎င်းတို့ မျှော်လင့်ကြသည်။ ဒေသတချို့ရှိ လူထုများက ၎င်းတို့အနေဖြင့် ဈေးကွက်များကို လက်လှမ်း မမီရခြင်းမှာ ဈေးကွက်များသည် မြို့ပေါ်များတွင်သာ ရှိပြီး၊ ပဋိပက္ခများကြောင့် ၎င်းတို့ ခရီးသွားလာမှု အကန့် အသတ်ကြီးမားကြောင်း ပြောဆိုကြ သည်။ ဈေးကွက်များရှိသော ဒေသများတွင်တောင်မှ ဈေးနှုန်းများအပေါ် အစိုးရသတ်မှတ်ချ က်မရှိခြင်းက ကြားခံလူများနှင့် ပွဲစားများအတွက် လယ်သမားများထံမှ ခေါင်းပုံဖြတ်နိုင်အောင် လုပ်ထားသကဲ့သို့ဖြစ်ပြီး၊ ပွဲစားများက ထွက်ကုန်များကို ဈေးနှုန်းနိမ့်နိမ့်ဖြင့် ဝယ်ယူကြသည်။ တချိန်တည်းမှာပင် ထိုပွဲစားများကပင် တခြားပစ္စည်းများကို ထိုလယ်သမားများထံ ဈေးတင်ရောင်းကြသည်။

## *လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်*

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် နှစ်နှစ်စလုံး၏ နားထောင်ခြင်း သုတေသနပြုရာ ဒေသအားလုံးရှိ လူမှုအသိုင်းအဝိုင်းများမှ ကြားရသော နောက်ထပ် အကြောင်းအရာတခုမှာ လူမှုရေးဆိုင်ရာ

ဖွံ့ဖြိုးတိုးတက်မှု ပိုမို လိုအပ်ခြင်းဖြစ်သည်။ အစိုးရက လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအချို့ လုပ်ပေးနိုင်ရန် ကြိုးပမ်းမှုများကို ဒေသခံပြည်သူ များက မဆိုင်းမတွ အသိအမှတ်ပြုသည်။ ၎င်းတို့က လမ်းများနှင့် မိုဘိုင်းဆက်သွယ်ရေး အဆောက်အုံများ ပိုမို ရရှိခြင်းသည် ခရီးသွားလာမှုနှင့် ဆက်သွယ်ရေးအတွက် ပိုမိုလွယ်ကူ ကောင်းမွန်လာကြောင်း မကြာခဏ ရည်ညွှန်းကြသည်။ ထို့အတူ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ရရှိမှု တိုးတက်လာကြောင်းကိုလည်း မှတ်ချက်ပြုသည်။

သို့သော်လည်း ၎င်းတို့ဒေသများတွင် အလွန်အမင်းနောက်ကျခဲ့ရသော မတိုးတက်မှုများကို ဖြည့်ဆည်းရန် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ ပိုမို လိုအပ်ကြောင်း ဒေသခံများက အလျင်အမြန်ပင် ထောက်ပြကြသည်။ ၎င်းတို့ အများဆုံး ရည်ညွှန်းပြောဆိုသည်မှာ ဝန်ဆောင်မှုပေးရာတွင် ချောမွေ့နေစေရန်နှင့် ဝန်ဆောင်မှုများ ပေးရန် ကျွမ်းကျင်ပြီး၊ အသေအချာလေ့ကျင့်ပေးထားသော ဆရာ ဆရာမများ၊ ကျန်းမာရေးလုပ်သားများ လုံလုံ လောက်လောက် ရရန် လိုအပ်ခြင်းတို့ ဖြစ်သည်။ ထို့အတူပင် တချို့ကျေးရွာများတွင် စာသင်ကျောင်းရော ကျန်းမာရေးစောင့်ရှောက်မှု စင်တာများပါ မရှိကြောင်းနှင့် ထိုအတွက် အာဏာပိုင်များက ၎င်းတို့ဒေသများတွင် ထိုအဆောက် အအုံများ ဖန်တီးပေးစေချင်ကြောင်း ဒေသခံများက မှတ်ချက်ပြုကြသည်။ အားလုံးခြုံ ပြောရပါမူ ဗဟိုအစိုးရက လူမှုအဖွဲ့အစည်းများက တောင်းဆိုနေသော တတိုင်းပြည်လုံး သာတူညီမျှဖြစ်သော၊ တသတ်မတ်တည်းဖြစ်သော ရေရှည်တည်တံ့သော လူမှုရေး အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အချိန်၊ စွမ်းအားနှင့် အရင်းအမြစ်များဖြည့်ဆည်း ပေးနိုင်ရန် တိုက်ပွဲများ ရပ်တန့်မှု လိုအပ်နေကြောင်း အသိအမှတ်ပြု ပြောဆိုကြသည်။

### *သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်မှုများ*

၂၀၁၅ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်၏ နားထောင်ခြင်း စကားဝိုင်းများ၏ ရလာဒ်များတွင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှု နှင့် ဒေသခံများအပေါ် ဆိုးကျိုးသက်ရောက်မှုများအား လူမှုအသိုင်းအဝိုင်းများ၏ စိုးရိမ်မှုများကို ထုတ်ဖော်ပြောဆိုမှုများ ပါဝင်သည်။ အကြီးစားဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် တွင်းထွက်ပစ္စည်းများထုတ်ယူသည့် စီမံကိန်းများ၏ သဘာဝ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို အထူးဂရုပြု ပြောဆိုကြခြင်း ဖြစ်သည်။ ထိုစိုးရိမ်မှုများတွင် စိုက်ပျိုးမြေများအနီး တဝိုက်အပြင် ရေအရင်းအမြစ်များနှင့် လေထုညစ်ညမ်းရခြင်းတို့ပါဝင်သည်။ ပြည်နယ်အများစုတွင် ပြုလုပ်ခဲ့သော စကားဝိုင်းများတွင် ရေအားလျှပ်စစ်ထုတ်ယူမည့် ရေကာတာ များ တည်ဆောက်ခြင်းမှ ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ထိခိုက်ရမှုအကြောင်းများ အမြဲပါဝင်သည်။

တချို့ဖြစ်ရပ်များတွင် လူမှုအသိုင်းအဝိုင်းများက ၎င်းတို့၏ တောင်ယာစိုက်ပျိုးရန် တောအုပ်တခုလုံးကို စိုက်ပျိုးမြေအဖြစ် ခုတ်ထွင်ခြင်းကဲ့သို့သော ရေရှည်တည်တံ့ရေးအတွက် ထိခိုက်စေသော အပြုအမူများ လုပ်ဆောင်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ရခြင်း ဖြစ်ကြောင်း ပြောဆိုကြသည်။

ထိုသို့ ဆောင်ရွက်မှုများကြောင့် တချို့ကိစ္စရပ်များဖြင့် ဥပမာပြရလျှင် အလွန်အကျွံ သစ်တောပြုန်းတီးမှုသည် ရာသီဥတု ပြောင်းလဲမှုနှင့် ရာသီဥတုအခြေအနေများ အလွန်အမင်း ဖောက်ပြန်ခြင်း သို့မဟုတ် ရေကြီး ရေလျှံမှု များ ဖြစ်ပေါ်ခြင်းတို့ကဲ့သို့ ရေရှည်ထိခိုက်နိုင်မည့်အချက်များ အပေါ် ဒေသခံများက စိုးရိမ် ကြောက်ရွံ့ကြသည်။ ရေအားလျှပ်စစ်ထုတ်ပေးရေး ရေကာတာများ တည်ဆောက်ခြင်းသည် ကျေးရွာများအားရေလွှမ်းမိုးစေခြင်း၊ ရေစီးကြောင်းလျော့နည်းလာစေခြင်း နှင့် သန့်ရှင်းသော သောက်သုံးရေအရင်းအမြစ်များထံ ပင်လယ်ဆားငံရေ များ ရောနှောဝင်ရောက်ခြင်းတို့ ဖြစ်စေသည်။ ဒေသ အများစုတွင် ထိုအကျိုး သက်ရောက်မှုများကြောင့် စီစဉ်ထားပြီးသော သို့မဟုတ် အကောင်အထည် ဖော်ထားသော အကြီးစားဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းများကို ဒေသခံများက ဆန့်ကျင်မှုများ ပြုလုပ်စေရန် တွန်းအားဖြစ်စေသည်။

*အခွန်အကောက်*

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အထိ မပြောင်းမလဲ ဆက်လက်ဖြစ်နေသောအဓိကအကြောင်းအရာ နောက်တခုမှာ ဒေသခံပြည်သူများအနေဖြင့် အာဏာပိုင်အများအပြားက ကောက်ခံသော တရားဝင်မဟုတ်သော အခွန်များ ပေးဆောင်နေရခြင်း ဖြစ်သည်။ သုတေသနပြုခဲ့ရာ ဒေသအပေါ် မူတည်၍ ဤအကြောင်းအရာတွင် အပြောင်းအလဲ အနည်းငယ်ရှိသော်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ပြည်သူ့စစ်များ လှုပ်ရှားရာ ဒေသများတွင် တရားဝင်မဟုတ်သောအခွန်များ ပေးရသည်ဟု အဓိက ဖော်ပြကြသည်။ ဒေသအလိုက် ထိုအခွန် ပေးရခြင်းလည်း ကွာခြားကြသည်။ တချို့ဒေသများတွင် အခွန်ပေးရခြင်းကို အကျိုးအဖြစ် ဖြစ်သည်ဟု မြင်ကြပြီး ၎င်းတို့ထောက်ခံရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးအတွက် လိုအပ်သည့် ရုပ်ဝတ္ထုပိုင်း ဆိုင်ရာ ထောက်ပံ့ကူညီရန် ဆန္ဒ ရှိကြသည်။ အချို့ဒေသများတွင် အထူးသဖြင့် မတူကွဲပြားသော တိုင်းရင်းသားလူမျိုး အုပ်စု တစုထံမှ အခွန်ကောက်ခံသောအခါ ကောက်ခံရာတွင် ခြိမ်းခြောက်မှုများ တွဲလျက်ပါရှိ သည့် အခြေအနေ ရှိသည်။ ပြည်သူ့စစ်တချို့ကလည်း အခွန်ကောက်ခြင်း သို့မဟုတ် လူမှုအဖွဲ့အစည်းများထံမှ ကူညီထောက်ပံ့မှု ပစ္စည်းများ ရယူခြင်းများရှိသည်။

အချို့ဒေသများတွင် ကျေးရွာများအပေါ် အာဏာပိုင်အဖွဲ့များနှင့် လက်နက်ကိုင်အဖွဲ့ အများအပြားက အခွန် အမျိုးမျိုး ကောက်ခံခြင်းကြောင့် ထိုရွာများအတွက် စီးပွားရေးဝန်ထုတ်ဝန်ပိုးပါဖြစ်စေသည်ဟု ထောက်ပြကြ သည်။ အခြားနေရာများတွင် ရွာသားများက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဒေသတွင်း လှုပ်ရှားနေသော နယ်ခြားစောင့်တပ်များအပြင် ပြည်သူ့စစ်အမျိုးမျိုးကိုလည်း ငွေပေးရသည်။ စီးပွားရေးဝန်ထုတ် ဝန်ပိုးဖြစ်စေခြင်းအပြင် ဒေသအတွင်း မတူကွဲပြားသော လက်နက်ကိုင်အဖွဲ့များအကြား ပစ်ခတ်တိုက်ခိုက်မှုဖြစ်နိုင်သည့်အတွက်လည်း စိုးရိမ်နေရကြောင်း ပြောဆိုကြသည်။

"အခွန်များ" ကောက်ခံခြင်းသည် တရားဝင်မဟုတ်ပဲ အလွန်အမင်း နည်းစနစ်မကျသည်ကို မှတ်သားရသည်။ ထိုငွေများ မည်သည့်နေရာသို့ ရောက်သွားသည်ကို ပြည်သူတို့မသိကြ။ တချို့က ၎င်းတို့ပေးလိုက်ရသော ငွေကြေးအတွက် ထိုအဖွဲ့များက အသုံးစရိတ်မှတ်တမ်းမှတ်ရာဖြင့် ပြမည်ဆိုပါက ပေးရသည့် ငွေကြေးအတွက် ဝမ်းပန်းတသာ ဖြစ်ကြမည်ဟုဆိုသည်။

# ဒေသအားလုံးတွင် မတူကွဲပြားသော အဓိကအကြောင်းအရာများ၊ ၂၀၁၅ မှ ၂၀၁၆ အထိ

*နိုင်ငံရေးဖြစ်စဉ်အပေါ် သိရှိမှု*

သုတေသနပြုခဲ့ရာဒေသအားလုံးတွင် ဒေသခံပြည်သူများအကြား နိုင်ငံရေးဖြစ်စဉ်အပေါ် သိရှိမှုမှာ သိသိ သာသာ တိုးတက်လာသည်ကို တွေ့ရသည်။ ထိုပြောင်းလဲမှုအတွက် အသိအမြင်မြှင့်တင်ရေးလှုပ်ရှားမှုများ ကြိုးပမ်း ဆောင်ရွက်နေသော လူမှုအခြေပြုအဖွဲ့များနှင့် ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲကာလအတွင်း လှုပ်ရှား တက်ကြွသူများကို အသိအမှတ်ပြုရမည်။ အခြားအကြောင်းချက်တခုမှာ မီဒီယာလွတ်လပ်မှုနှင့် အင်တာနက်ကွန်ယက်ချိတ်ဆက်မှုအတွက် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများ ပိုရလာခြင်းကြောင့် လူမှု အသိုင်းအဝိုင်းများသည် သတင်းအချက်အလက်များ ပိုမိုရလာသည်။

ဖက်ဒရယ်စနစ်ကျင့်သုံးသော အစိုးရတစ်ရပ်ဖြစ်လာရေး အသိုင်းအဝိုင်းများအကြား ပွက်လောရိုက် ပြောဆိုမှု များက ဤ နိုင်ငံရေးအသိ မြင့်မားနေကြောင်းကို ဖော်ပြနေသည်။ ဗဟိုအစိုးရမှလည်း ဖက်ဒရယ်စနစ် အယူအဆကို လူထုအဝန်း အဝိုင်းတွင် ပိုမို ပွင့်လင်းစွာ ပြောဆိုလာခြင်းကြောင့်လည်း ထိုတောင်းဆိုမှုများသည် ၂၀၁၆ ခုနှစ် တွင် တိုးတက်များပြားလာသည်။ ဖက်ဒရယ်စနစ်သို့ ပြောင်းလဲကျင့်သုံးခြင်းသည် လူနည်းစုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေးပေးရန်နှင့် မညီမျှမှုများဖြေရှင်းရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု ပါဝင်ဖြေဆိုသူ အများအပြားက ယုံကြည်ကြသည်။ မည်သို့သော ဖက်ဒရယ်စနစ်မျိုးက တိုင်းပြည်အတွက် အလုပ်အဖြစ်ဆုံး ဖြစ်လိမ့်မည်နည်း သို့မဟုတ် ဖက်ဒရယ်စနစ် မည်သို့ ဖြစ်မည်နည်းဆိုသည့်အပေါ် နားလည်မှု အနည်းအကျဉ်းသာ ရှိသည်ဟုလည်း ထင်ရသည်။ သုတေသနပြုခဲ့ရာ ဒေသအပေါ် မူတည်ကာ ဒေသခံပြည်သူ များက ဖက်ဒရယ်ပြည်နယ်များ တည်ဆောက်ရေးအတွက် ရှိနေပြီးသား ပထဝီအနေအထား ပိုင်းခြား သတ်မှတ်ချက်များကို အခြေခံထားစေချင်ကြောင်း သို့မဟုတ် မတူကွဲပြားသော တိုင်းရင်းသားလူမျိုးစုအဖွဲ့များပါ ထည့်သွင်းစဉ်းစားပြီး ပြည်နယ်အသစ်များ သတ်မှတ်ခြင်း တို့ လုပ်စေလိုကြောင်း ဖော်ပြကြသည်။

ဒေသခံပြည်သူများအကြား ရှင်းရှင်းလင်းလင်းရှိနေသော အချက်မှာ ပြည်သူ့အစိုးရတရပ်အဖြစ် အာမခံနိုင်ရန် အတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကို ပြင်ဆင်ရေး လိုအပ်လျ

က်ရှိကြောင်းပင် ဖြစ်သည်။ ဗဟိုအစိုးရနှင့် တပ်မတော်တို့သည် ဘုံ နိုင်ငံရေးရည်မှန်းချက်တခု ရှိနေပုံ မရဟု ပါဝင်ဖြေဆိုသူ အတော် များများက လေ့လာ သုံးသပ်ကြသည်။ တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင် အစိုးရဝန်ကြီးဌာန သုံးခု ရှိနေခြင်း အတွက်လည်း ၎င်းတို့က စိုးရိမ်ပူပင်ကြသည်။ ၎င်းတို့က ဗဟိုအစိုးရနှင့် တပ်မတော်တို့အကြား ရှင်းလင်း ပြတ်သားသော ကွဲပြားမှုတခု ရှိသင့်သည်ဟု ယုံကြည်ကြပြီး၊ တပ်မတော်အနေဖြင့် ပြည်ပခြိမ်းခြောက်မှု အန္တရာယ် ကာကွယ်ရေးကိစ္စရပ်များကို အာရုံစိုက်သင့်သည်ဟု ပြောဆိုကြသည်။ ထိုအမြင်များသည် လက်ရှိ အကြမ်းဖက်မှုပဋိပက္ခများ ကြုံတွေ့နေရသော မြောက်ပိုင်းပြည်နယ်များတွင် အများဆုံး ဖြစ်ပေါ်လေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် တပ်မတော်သည် အစိုးရထံမှ လမ်းညွှန်ချက်အရ မဟုတ်ဘဲ ထိုးစစ်များ ပိုမိုဆင်နွှဲရန် တဖက်သတ် လုပ်ဆောင်နေသည်ဟု ဒေသခံပြည်သူများက သံသယရှိကြသည်။

နောက်ဆုံး သဘောတရားတခုမှာ အစိုးရတွင် ကိုယ်စားပြုမှုနှင့် ဆက်စပ်သည်။ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ကြံ့ခိုင်ရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီတို့အကြား အာဏာလွှဲပြောင်းမှု အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ကြသည်။ သို့သော်လည်း နိုင်ငံတော်အဆင့်ဖြစ်စေ ပြည်နယ်အဆင့်တွင် ဖြစ်စေ ၎င်းတို့ရွေးချယ် လိုက်သော အရာရှိများက ၎င်းတို့၏အကျိုးစီးပွားကို အမှန်တကယ် ကိုယ်စားပြုမပြုကို မသေချာသောကြောင့် ဒေသခံများ စိုးရိမ်ကြောင့်ကြမှု ဖြစ်နေသည်။ ဖြစ်ရပ်အတော်များများတွင် ပြည်သူများက အစိုးရသည် "ဆက်လက် သင်ယူ" နေသောကြောင့် မျှော်လင့်ချက် အနည်းငယ်ကို ဖော်ပြကြပြီး၊ "စောင့်ကြည့်" သည့်သဘောထားကို ဖော်ပြကြသည်။ ၎င်းတို့အမြင်များ တင်ပြခွင့်မရ သို့မဟုတ် နိုင်ငံရေးအရ ကိုယ်စားပြုမှု မခံရသည့်အပေါ် မချိတင်ကဲ ဖြစ်မှုကို ဖော်ပြသည့် အသိုင်းအဝိုင်းများလည်း ရှိသည်။ ထိုအသိုင်းအဝိုင်းများက ရွေးချယ်ခံထားရသည့် နိုင်ငံရေးသမားများကို ၎င်းတို့ကျေးရွာများသို့ လာရောက်လည်ပတ်စေချင်ပြီး၊ ၎င်းတို့ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို သိရှိလာစေရန် ရွေးချယ်ခံ ကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်စေချင်ကြသည်။

### *ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သိရှိမှု*

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အကြား နားထောင်မှု များတွင် တွေ့ရသော အခြား အပြောင်းအလဲ တခုမှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အကြောင်း ပြည်သူများ ပိုမို သိရှိလာခြင်း ဖြစ်သည်။ ဤသို့ ဖြစ်လာခြင်းမှာ လူမှုအခြေပြု အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့များ နှင့် တက်ကြွလှုပ်ရှား

သူများ ဆောင်ရွက်နေသော သတင်း အချက်အလက်ဖြန့်ဝေရေး လှုပ်ရှားမှုများတွင်သာမက၊ အစိုးရ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်အဆင့် အဖြစ် တိုးမြှင့် ဆောင်ရွက်နေခြင်းကြောင့် လည်း ဖြစ်သည်။ ဤတွင် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ နှစ်ကြိမ် ကျင်းပနိုင်ခဲ့ခြင်း တို့ ပါဝင်သည်။ အထူးသဖြင့် ပြည်သူများသည် တွေ့ဆုံဆွေးနွေးပွဲများနှင့် ဆွေးနွေးမှုများ ပိုမို ဆောင်ရွက်ရန် ဗဟိုအစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ များထံ အထူးတောင်းဆိုချက်များ တောင်းဆိုနိုင်ခဲ့သည်။ "၂၁ ရာစု ပင်လုံညီလာခံ" ဟု အမည်ပေးထား သော ဒုတိယအကြိမ်မြောက် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ကျင်းပရန် လပိုင်းအလိုက ပြုလုပ်ခဲ့သော ဒုတိယအကြိမ် နားထောင်ခြင်းသုတေသန စကားဝိုင်းများ ပြုလုပ်သည့်အချိန်အရ ထိုတောင်းဆိုချက်များသည် အံ့သြစရာတော့ မဟုတ်ပါ။

နောက်ဆုံးမှတ်သားစရာအဖြစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စတင်ခဲ့သည့် လွန်ခဲ့သည့် နှစ်အနည်း ငယ်တွင် ဖြစ်ပေါ်လာသော အကောင်းဘက်ပြောင်းလဲမှုများကို ဒေသခံပြည်သူများက အသိအမှတ်ပြုကြောင်း ထပ်လောင်း ဖော်ပြထားချက် ပါရှိသည်။ နိုင်ငံရေးဝန်းကျင်တခု ပွင့်လာနေကြောင်း၊ အများဆန္ဒတခု ရှိနေကြောင်း ပေါ်လွင်နေသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် ကြံ့ခိုင်ရေးပါတီမှ NLD ပါတီသို့ ငြိမ်းချမ်းစွာ ကူးပြောင်းခြင်းက ဤအချက်ကို ရှင်းရှင်းလင်းလင်း ဖော်ပြလျက်ရှိသည်။ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပိုမို ပါဝင်ရန် ၎င်းတို့အတွက် နေရာပိုရှိလာကြောင်း ဒေသခံပြည်သူတို့ သတိပြုမိကြပြီး အများပြည်သူဆိုင်ရာ နေရာများတွင် နိုင်ငံရေး ကိစ္စရပ်များကို ဆွေးနွေးမှုများ ရှိလာသည်။ အဆောက်အအုံဆိုင်ရာ တိုးတက်မှုများ ကလည်း သိသာမြင်သာ သော တိုးတက်မှု စာရင်းတွင် ပါဝင်သည်။ ကံအကြောင်းမလှစွာပင် တိုင်းပြည်၏ မြောက်ပိုင်းဒေသတွင် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အကြား တိုးများလာသော ပဋိပက္ခက ထိုပြောင်းလဲမှုများ အပေါ် ဖုံးအုပ်သွားပြီး ဒေသခံပြည် သူများ၏ အကောင်းမြင်မှုကို အရိပ်ထင်စေသည်။ ဤအချက်က အစိုးရနှင့် တပ်မတော်တို့ အနေဖြင့် ဖက်ထားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်လာစေခြင်းဖြင့် အားလုံး ပါဝင် သော ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုဖြစ်ရန် ပြည်သူများ ထပ်တလဲလဲ တောင်းဆိုနေသည်ကို ရှင်းလင်းသွား စေနိုင်သည်။

## ဒေသတခုချင်းစီရှိ အဓိကအကြောင်းအရာများကို အသေးစိတ်ဖော်ပြချက်

ပြည်နယ် သို့မဟုတ် ဒေသအတွင်း ဆက်စပ်လွှမ်းခြုံနေသော အကြောင်းအရာများအဖြစ် သုတေသနပြုခဲ့ရာ ဒေသတခုချင်းစီတွင် ပြုလုပ်ခဲ့သော ဆက်စပ်အလုပ်ရုံဆွေးနွေးပွဲများမှ နားထောင်သူများ သတ်မှတ်ပေးသော အဓိက အကြောင်းအရာများကို အောက်တွင် အကျဉ်း ချုပ်ဖော်ပြထားသည်။ ၂၀၁၅ ခုနှစ် ပထမအကြိမ် နားထောင်ခြင်း လုပ်ရှားမှုနှင့် ၂၀၁၆ ခုနှစ် ဒုတိယအကြိမ် အတွင်း တွေ့ရသော ကွဲလွဲချက်များအပြင် ထိုဒေသတွင် ဆက်လက် ဖြစ်ပေါ် နေသော အကြောင်းအရာများအပေါ် အကျဉ်းချုပ် ဆွေးနွေးမှုများပါဝင်သည်။

# ကချင်ပြည်နယ်

*ကျနော်တို့ အိမ်ကို အမြန် ပြန်ချင်တယ်။ ဘာလို့လဲဆိုတော့ ကျနော်တို့ စခန်းတွေမှာ နေနေရတာ အခုက ငါးနှစ်တောင် ရှိသွားပြီ။ အရင်က ဆိုရင် ကျနော်တို့ စစ်ပြေးရတယ်ဆိုတာ ယာယီပဲ ဖြစ်လိမ့်မယ်လို့ ထင်ခဲ့တာ။ ဒါပေမယ့်အခုအရမ်းကြာသွားပြီ။ ကျနော်တို့လည်း အိမ်ကို အရမ်းပြန်ချင်နေပြီ။ အခုက အခြေမဲ့ တွေအတွက် ပိုလို့တောင် ခက်တယ်။*

- ဝိုင်းမော်မြို့နယ်မှ ကချင်အမျိုးသားတစ်ဦး

၂၀၁၆ ခုနှစ် ဇွန် နှင့် ဇူလိုင်လအတွင်း နားထောင်သူအဖွဲ့ ၇ ဖွဲ့သည် ကချင်ပြည်နယ်ရှိ ပါဝင်ဖြေဆိုသူ ၂၉၀ ဦးနှင့် စကားဝိုင်းပေါင်း ၁၃၂ ခု ပြုလုပ်ခဲ့သည်။ ထိုစကားဝိုင်းများသည် ကချင်ပြည်နယ်ရှိ မန်စီ၊ မိုးမောက်၊ မိုးကောင်း၊ ဝိုင်းမော်၊ မြစ်ဆုံ၊ ပူတာအို၊ မချမ်းဘော၊ မိုးညှင်း၊ ချီဖွေ၊ တနိုင်း နှင့် ဖားကန့်မြို့နယ်များ၏ နေရာအသီးသီးတွင် ပြုလုပ်ခဲ့သည်။ ပါဝင်ဖြေဆိုသူများတွင် ကချင်၊ လော်ဝေါ်၊ လချိတ်၊ ဗမာ၊ ရှမ်းနှင့် မွတ်ဆလင်တို့ ပါဝင်သည်။

| ဇယား (၂) အဓိကအကြောင်းအရာများ | |
|---|---|
| ၁။ | ဒေသခံအသိုင်းအဝိုင်းများက စစ်မှန်ပြီး ရေရှည်တည်တံ့သောငြိမ်းချမ်းရေးရချင်သည့် ၎င်းတို့ဆန္ဒကို ဖော်ပြကြသည်။ တချို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စကတည်းက အကောင်းဘက်ပြောင်းလဲမှု တစုံတရာမှုမရှိဟု ခံစားရကြောင်း ဖော်ပြကြသည်။ |
| ၂။ | အပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်များသည် စစ်မှန်ပြီး ရေရှည်တည်တံ့စေလိုကြောင်းနှင့် အပစ်ခတ်ရပ်စဲ ရေး အတွင်း တိုက်ခိုက်မှုများ မရှိရန် ဒေသခံပြည်သူများက မျှော်လင့်ကြသည်။ |
| ၃။ | တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပွားနေသောကြောင့် ဒေသခံအချို့သည် ၎င်းတို့၏ လွတ်လပ်စွာ သွားလာခွင့် ကန့်သတ်ခံရမှုများ၊ မလုံခြုံမှုများ၊ ဘဝရပ်တည်ရေး အတွက် ဆုံးရှုံးရမှုများ၊ အခြေမဲ့ဖြစ်ရမှုနှင့် စစ်တပ်ပိုင်အဖြစ် မြေယာသိမ်းဆည်းမှုများ စသည့် ဆိုးကျိုးများဒဏ် ခံစားကြရသည်။ |
| ၄။ | နိုင်ငံရေးဆွေးနွေးပွဲတွင် ခေါင်းဆောင်သူများအနေဖြင့် ဒေသခံပြည်သူများ၏ အတွေ့အကြုံများအမြင် သဘောထားများကို ထည့်သွင်းစဉ်းစားပေးရန် မျှော်လင့်ကြသည်။ |

| ဇယား (၂) အဓိကအကြောင်းအရာများ | |
|---|---|
| ၅။ | ဒေသခံပြည်သူများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ပြီး တပ်မတော်အတွက် လွှတ်တော်တွင် ကိုယ်စားပြုနေရာ ၂၅ ရာခိုင်နှုန်း ပေးထားသည့်အချက်ကို ပယ်ဖျက်ရန် မျှော်လင့်သည်။ ပြည်သူ့အစိုးရ တရပ် ဖြစ်ရေးအတွက် ဤအဆင့်သည် လိုကို လိုအပ်သည်။ |
| ၆။ | ဒေသခံပြည်သူများသည် တရားမျှတမှု၊ အခြေခံလူ့အခွင့်အရေးနှင့် နိုင်ငံသား အခွင့်အရေးများ ရရှိရန် ဖော်ပြကြသည်။ အသိုင်းအဝိုင်းရေးရာ ကိစ္စများအတွက် မျှတသော တရားရေးစနစ်တခုရှိရန် အရေးကြီးကြောင်း သတိပြုမိကြသည်။ ခွဲခြားဆက်ဆံမှုများ ၄င်းတို့ ထပ်မံ မတွေ့ကြုံလိုကြတော့။ |
| ၇။ | အကွဲအပြဲနှင့် ပဋိပက္ခများ ဖြစ်စေရန် တိုင်းရင်းသားလူမျိုးစုအုပ်စုများအကြား တင်းမာမှုများအား ရည်ရွယ်ချက် ရှိရှိ လုပ်ဆောင်နေသည်ကို စိုးရိမ်ကြောင်း ပြောဆိုကြသည်။ |
| ၈။ | ယာဉ်မတော်တဆမှုများ နည်းပါးစေရန် ယာဉ်စည်းကမ်းသတ်မှတ်ချက်များ ဆိုင်ရာ လှုပ်ရှားမှုများ ထိထိရောက်ရောက်နှင့် တက်တက်ကြွကြွ ပိုမို ဆောင်ရွက်ပေးရန် ဒေသခံ ပြည်သူများက မျှော်လင့်ကြသည်။ |
| ၉။ | အကန့်အသတ်ဖြင့်ရှိသော စီးပွားရေးအခွင့်အလမ်းများရရေးနှင့် အာဏာရရေး တို့သာကြည့်ပြီး စီးပွားရေး နိမ့်ကျမှု အပေါ် အခွင့်ကောင်းယူနေကြသော လာဘ်စားသည့် အရာရှိများနှင့် ခရိုနီစီးပွားရေးသမားများ အကြောင်း ဒေသခံပြည်သူများက ဖွင့်ဟပြောဆိုကြသည်။ စီးပွားရေးအခွင့်အလမ်း နည်းပါးသော ဒေသများတွင် ထွက်ကုန်တန်ဖိုးများ နိမ့်ကျနေပြီး အခြေခံစားသောက်ကုန်ပစ္စည်း များ၏ ဈေးနှုန်းမှာ မြင့်မားနေသည်။ ဤသည်က ဒေသခံများ အခြေခံလိုအပ်ချက်ပြည့်မီရေးအတွက် အမြဲ ရုန်းကန်နေရစေသည်။ |
| ၁၀။ | ဒေသခံအသိုင်းအဝိုင်းများက သယ်သူပို့ဆောင်ရေးနှင့် လျှပ်စစ်မီးကဏ္ဍတွင် ပိုမို ဖွံ့ဖြိုးတိုးတက်စေချင်သည်။ လမ်းများ ပိုမိုဆောက်လုပ်စေချင်ပြီး လျှပ်စစ်မီး ကိုလည်း ဈေးသက်သာစွာဖြင့် ရနိုင်ရန် မျှော်လင့်ကြသည်။ |
| ၁၁။ | ထိုဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှု နည်းပါးပြီး ကျွမ်းကျင်မှုရှိသော ကျန်းမာရေးလုပ်သားများ လည်း ရှားပါးသည်။ |

| ဇယား (၂) အဓိကအကြောင်းအရာများ | |
|---|---|
| ၁၂။ | ထိုဒေသများရှိ ပြည်သူများသည် ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်းကို ပိုမိုသိလိုကြသည်။ |
| ၁၃။ | ဒေသခံများသည် ၎င်းတို့၏တိုင်းရင်းသားလူမျိုးစုအပေါ် အခြေခံသော ခွဲခြားဆက်ဆံမှု ခံရသည်ဟု ထင်မြင်ကြသည်။ ထိုခွဲခြားဆက်ဆံမှုက ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများရရေးတွင်အကန့်သတ် ဖြစ်စေပြီး ၎င်းတို့၏ လွတ်လပ်စွာ သွားလာခွင့်ကို ထိခိုက်လျက်ရှိသည်။ |
| ၁၄။ | ဒေသခံပြည်သူများသည် အလုပ်အကိုင်အခွင့်အလမ်း ပိုမို ရရှိချင်ကြသည်။ ၎င်းတို့က အစိုးရကို အလုပ် သမားများအား အကာအကွယ်ပေးမှုများပေးနိုင်မည့် အလုပ်သမားဆိုင်ရာစံနှုန်း ချမှတ်စေချင်ကြသည်။ ၎င်းတို့၏ ထွက်ကုန်များနှင့် ထုတ်ကုန်များကို ရောင်းချရန် ဈေးကွက်များ ပိုမိုလိုအပ်ကြောင်းလည်း ပြောဆိုကြသည်။ |
| ၁၅။ | အစိုးရက တရားမဝင်မူးယစ်ဆေးဝါး ပြဿနာကို ဖြေရှင်းရန်နှင့် ပြည်သူ့စစ်များ ဘိန်းစိုက်ပျိုးခြင်းမှ တားမြစ်နိုင်ရေး ရှင်းလင်းပြတ်သားသော မူဝါဒ ချမှတ်ရန် ဒေသခံတို့က မျှော်လင့်သည်။ ဘိန်းစိုက်ပျိုးခြင်း အပေါ် မှီခိုနေရသော ဘိန်းစိုက် တောင်သူများအား ၎င်းတို့ဘဝရပ်တည်ရေးအတွက် အာမခံသော အခြား အစားထိုးသီးနှံများ ထုတ်ပေးရန်လည်း မျှော်လင့်ကြသည်။ |
| ၁၆။ | စစ်တပ်က သိမ်းယူထားသော မြေယာများကို ပိုင်ရှင်များထံ ပြန်ပေးလိမ့်မည်ဟု မျှော်လင့်ကြောင်းလည်း ဖော်ပြကြသည်။ |
| ၁၇။ | ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) က ကြီးမှူးဖွင့်လှစ်ထားသော စာသင်ကျောင်းများတွင် တက်ရောက်ခဲ့ သော ကျောင်းသားများကို ဗဟိုအစိုးရက အသိအမှတ်ပြုစေချင်သည်။ ကချင်ပြည်နယ်ရှိ လူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ ပိုမိုရရှိရန်အတွက် ထိုသို့ အသိအမှတ်ပြုမှု လိုအပ်သည်ဟု ၎င်းတို့ ယူဆသည်။ |
| ၁၈။ | အစိုးရအနေဖြင့် ကျောင်းဆရာများ ပိုမို အလုပ်ခန့်ခြင်းနှင့် ကျောင်းသားဦးရေများပြားစေရန် စာသင်ကျောင်း များ ပိုမိုဆောက်လုပ်ခြင်းအားဖြင့် ပညာရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် ၎င်းတို့ မျှော်လင့်ကြသည်။ |
| ၁၉။ | သတ္တုတူးဖော်ရေးကုမ္ပဏီများက ရယူထားသော မြေယာများတွင် လုပ်ကိုင်ခွင့် ပိုမို ရလိုကြသည်။ |

**ဇယား (၃) ကချင်ပြည်နယ် - သတ်မှတ်မေးခွန်းများမှ ရရှိလာသော အဓိကအကြောင်းအရာများ**

<table>
<tr><td>၁။</td><td>ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သင်ဘယ်လို ထင်မြင် ခံစားရပါသလဲ။<br>• အောင်မြင်သောငြိမ်းချမ်းရေးလုပ်ငန်းစဉ်တခု ဖြစ်စေချင်ကြောင်း ဒေသခံများက ဖော်ပြကြသည်။<br>• အချို့က ငြိမ်းချမ်းရေးစကားဝိုင်းများ ဆောင်ရွက်နေချိန်နှင့် တပြိုင်တည်းတွင် ကချင်ပြည်နယ်၌ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် စိုးရိမ်မှုရှိကြောင်းလည်း ပြောဆိုကြသည်။ တချို့က အပစ်ခတ်ရပ်စဲရေးတွင် တိုးတက်မှု တခုမြင်ချင်သည်ဟု ဆိုကြသည်။<br>• ဒေသခံအသိုင်းအဝိုင်းအနည်းစုက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း သိပ်မသိဟု ဆိုသည်။</td></tr>
<tr><td>၂။</td><td>ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် သင်ပါဝင်ခဲ့ရပါက မည်သည့်အကြောင်းအရာမျိုး ပြောဆိုဆွေးနွေး မည်နည်း။<br>• ကချင်ပြည်နယ်တွင် လွတ်လပ်စွာ သွားလာခွင့် လိုအပ်ကြောင်း ဒေသခံတို့က ပြောဆိုသည်။<br>• နိုင်ငံရေးဆွေးနွေးမှုသည် အရေးကြီးကြောင်း ဒေသခံပြည်သူများ သိရှိပြီး ၂၀၁၇ ခုနှစ်တွင် တိုက်ခိုက်မှုများ မရှိတော့ရန် မျှော်လင့်နေကြသည်။<br>• ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ရပါက ပါဝင်သူများသည် နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေများကို ထည့်သွင်းဆွေးနွေးမည်။<br>• ဆွေးနွေးပွဲများတွင် လက်ရှိရှိထားသော သဘောတူညီချက်များကို သင့်တင့်စွာ အကောင် အထည်ဖော်မှု အကြောင်း ထည့်သွင်း ဆွေးနွေးစေချင်သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်နေသူများသည် ငြိမ်းချမ်းရေးတည်ဆောက်ရန် စိတ်နှစ်ကိုယ်ပါ ဆောင်ရွက်ချင်သည့် ဆန္ဒ ရှိနေရမည် ဖြစ်သည်။</td></tr>
<tr><td>၃။</td><td>သင့်တဦးတည်းအမြင်အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိက ပါဝင်သင့်သည့် အကြောင်းအရာများက ဘာများ ဖြစ်မည်နည်း။<br>• ပဋိပက္ခဖြစ်နေသော နှစ်ဘက်အဖွဲ့ (တပ်မတော်နှင့် ကေအိုင်အေ) အကြား တင်းမာမှု လျော့ကျ စေချင်ကြကြောင်း ဒေသခံများက ပြောဆိုကြသည်။ တဖွဲ့ချင်းစီက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမို ပါဝင်ပြီး၊ အပြန်အလှန် လေးစားမှု နှင့် အပြန်အလှန် နားလည်မှု ပြသရန်၊ ၎င်းတို့ ကတိကဝတ်များကို ထိန်းသိမ်းရန် မျှော်လင့်ကြသည်။</td></tr>
</table>

## ဇယား (၃) ကချင်ပြည်နယ် - သတ်မှတ်မေးခွန်းများမှ ရရှိလာသော အဓိကအကြောင်းအရာများ

- ကချင်ပြည်နယ်ရှိ မြေယာနှင့် သဘာဝအရင်းအမြစ်ရေးရာ ကိစ္စများကိုလည်း ထည့်သွင်း ပြောဆိုစေ ချင်တယ်။ ထိုအရင်းအမြစ်များကို တရုတ်စီးပွားရေး သမားများက ခေါင်းပုံဖြတ် အမြတ်ထုတ်နေသည်ဟု ၎င်းတို့ ခံစားကြရသည်။
- ကချင်ပြည်နယ်ရှိ ဖြစ်ရပ်များ သတင်းတင်ပြမှုကဏ္ဍတွင် မီဒီယာများ၏ ဘက်လိုက်မှုကို ဖြေရှင်းရန် လိုအပ်ကြောင်း ဒေသခံပြည်သူတို့က ဖော်ပြကြ သည်။

၄။ **အောင်မြင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တခုမှ သင်ဘာတွေကို မျှော်လင့်လဲ။**

- ငြိမ်းချမ်းရေးရှိမှသာ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်နိုင်မည်ဟု ဒေသခံပြည်သူများက ယုံကြည်သည်။ ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမို ရရှိလိမ့်မည်ဖြစ်ပြီး မိသားစုတိုင်း အတွက်လည်း ကောင်းမွန်သော လူနေမှု အဆင့်အတန်းများ ရရှိလိမ့်မည်။
- တိုင်းရင်းသားလူမျိုးစုအားလုံးအတွက် တန်းတူအခွင့်အရေးများ ရရှိလာမည် ဖြစ်သောကြောင့် ခွဲခြားဆက်ဆံခံရမှုမှ ကင်းလွတ်လာလိမ့်မည်ဟု မျှော်လင့်ကြ သည်။

၅။ **ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စတင်ကတည်းက မည်သည့်အရာများ ပြောင်း လဲလာခဲ့သနည်း။**

- အကောင်းဘက်ဦးတည်သော ပြုပြင်ပြောင်းလဲမှုတချို့ကို ဒေသခံတို့က ပြောပြကြသည်။ ဥပမာ ပညာရေးတွင် တိုးတက်လာမှုများ၊ အစိုးရက အခမဲ့ပညာရေးနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် တိုးတက်မှုအချို့ရှိလာခြင်းနှင့် ဆက်သွယ်ရေး ဆိုင်ရာ အခြေခံအဆောက်အအုံများ ရှိလာခြင်း (မိုဘိုင်း ဖုန်းများ ရှိလာခြင်း)။
- သတင်းမီဒီယာ ပိုမိုလွတ်လပ်လာကြောင်းလည်း ဒေသခံပြည်သူများက ပြောဆိုကြသည်။ သတင်းမီဒီယာလွတ်လပ်မှုက လူများများထံ သတင်း အချက်အလက်များ ရရှိလာစေသည်။ တိုက်ခိုက်မှုများသည် ကချင်ပြည်နယ် မှအပ တနိုင်ငံလုံး အတိုင်းအတာဖြင့် လျော့လာသည်။

## ဇယား (၃) ကချင်ပြည်နယ် - သတ်မှတ်မေးခွန်းများမှ ရရှိလာသော အဓိကအကြောင်းအရာများ

၆။ **လက်ရှိ သင် စိုးရိမ် ပူပန်သောအကြောင်းအရာတစ်ခုက ဘာဖြစ်မလဲ။**

- မူးယစ်ဆေးဝါး (ထုတ်လုပ်ခြင်း/သုံးစွဲခြင်း) ပြဿနာ သည် အလွန်အမင်း စိုးရိမ်ရသော ကိစ္စရပ်ဖြစ်ကြောင်း ဒေသခံတို့က ဆိုသည်။
- ဘာသာရေးတင်းမာမှုများရှိခြင်း၊ အထူးသဖြင့် နှစ်ခြင်းခရစ်ယာန်နှင့် ကတ်သလစ် ဘာသာဝင်များအကြား တင်းမာမှုများအတွက် ၎င်းတို့ စိုးရိမ်ကြသည်။
- ကချင်ပြည်နယ်ရှိ ကုမ္ပဏီ အများအပြားသည် ဒေသခံများဆီမှ မြေယာများ သိမ်းယူနေပြီး သဘာဝပတ်ဝန်းကျင်ကို အကြီးအကျယ် ထိခိုက်နေသော သဘာဝသယံဇာတ ထုတ်ယူမှုများ ပြုလုပ်နေသည်ဟု ဒေသခံပြည်သူများ ကဆိုသည်။
- ကချင်ပြည်နယ်အတွင်း တိုက်ပွဲများသည် ပြည်သူတို့ဘဝရပ်တည်ရေးအပေါ် အကြီးအကျယ် ထိခိုက်လျက်ရှိပြီး ထိုတိုက်ခိုက်မှုများ ရပ်သင့်သည်ဟု ဆိုသည်။
- ကချင်ပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးစုအုပ်စုများအကြား တင်းမာမှုများ မြင့်တက်လာနေသည် ဟု ဆိုသည်။ ကချင်နှင့် ရှမ်းနီ၊ ဂျင်းဖေါ၊ ရဝမ် နှင့် လီဆူး တို့အကြား ဖြစ်သည်။
- အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်ခြင်းကဲ့သို့သော အဓိက စီးပွားရေးပြဿနာများ ဖြစ်ပွားလျက်ရှိကြောင်း အသိုင်းအဝိုင်းတို့က ထုတ်ဖော်ပြောဆိုကြသည်။
- ဖြစ်ပွားနေဆဲ တိုက်ပွဲများက လမ်းအသစ်များဖောက်လုပ်ရေးကို အခက် အခဲဖြစ်စေသည်ဟု ၎င်းတို့က ဆိုသည်။

| ဇယား (၃) ကချင်ပြည်နယ် - သတ်မှတ်မေးခွန်းများမှ ရရှိလာသော အဓိကအကြောင်းအရာများ | |
|---|---|
| ၇။ | **သင့် ရပ်ကွက်၊ ကျေးရွာတွင် မည်သို့သော ပြောင်းလဲမှု မြင်တွေ့လိုသနည်း။**<br>• ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှု ပိုမို ကောင်းမွန်တိုးတက်သည်ကို ၎င်းတို့မြင်လိုပြီး အခြေခံ လမ်းပန်းဆက်သွယ်မှုအဆောက်အအုံများ ပိုကောင်းစေချင်သလို လမ်းများ ပိုမိုဖောက်လုပ် ပေးစေခြင်းသည့်အပြင် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးပေး စေလိုကြသည်။ အသက်မွေးမှုအတွက် ပိုကောင်းသော အခြေအနေများ မျှော်လင့်ပြီး ၎င်းတို့စိုက်ပျိုးထွက်ကုန်များအတွက် ဈေးကွက်များများရလိုသည်။ ထို့အပြင် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလိုသည်။ ထိုအရာများက ၎င်းတို့အတွက် ကောင်းမွန်သော လူနေမှုအဆင့်အတန်း ရရှိရန် ကူညီနိုင်မည်။<br>• ကန့်သတ်မှုများ မရှိဘဲ လွတ်လပ်စွာ သွားလာခွင့်ရရန် မျှော်လင့်ကြသည်။<br>• စစ်သားများ/လက်နက်ကိုင်တပ်ဖွဲ့များ ၎င်းတို့ရွာများမှ ဝေးရာ စခန်းများတွင် စခန်းချစေ ချင်သည်။<br>• မြစ်ဆုံရေကာတာစီမံကိန်းကို အပြီးတိုင် ရပ်ဆိုင်းရန် တောင်းဆိုကြသည်။ |
| ၈။ | **သင့်အသိုင်းအဝိုင်းတွင် အပြောင်းအလဲများ ရရှိစေရန် မည်သည့်အကူအညီများ ရှိနေရန် လိုအပ်သနည်း**<br>• နည်းပညာဆိုင်ရာ အထောက်အပံ့/ကျွမ်းကျင်မှုနှင့် အစားထိုးသီးနှံများ ထောက်ပံ့ပေးမှု လိုအပ်သည်။<br>• ကျေးရွာနှင့် မြို့နယ်အဆင့်များတွင် ထိထိရောက်ရောက် ကူညီဆောင်ရွက်နိုင်သော ဒေသဆိုင်ရာ အစိုးရဝန်ထမ်းများ လိုအပ်သည်။<br>• ဖားကန့်ဒေသ ကျောက်စိမ်းတွင်းများတွင် လုပ်ကိုင်နေသော ကုမ္ပဏီကြီးများ အနေဖြင့် ဒေသခံများ မော်အတွင်း ရှာဖွေစားသောက်နိုင်ရန်အတွက် မြေနေရာ အနည်းငယ်ကို သတ်မှတ်ပေးစေချင်သည်။<br>• မြေယာပိုင်ဆိုင်မှုအတွက် လိုအပ်သော စာရွက်စာတမ်း ရရှိရန် မြေယာဆိုင်ရာ ကိစ္စရပ်များကို အစိုးရက ဖြေရှင်းပေးစေလိုသည်။ |

| ဇယား (၃) ကချင်ပြည်နယ် - သတ်မှတ်မေးခွန်းများမှ ရရှိလာသော အဓိကအကြောင်းအရာများ | |
|---|---|
| ၉။ | **သင့်အသိုင်းအဝိုင်းတွင် ပြောင်းလဲမှုများ အောင်မြင်စေရန် သင်မည်ကဲ့သို့ ပါဝင်ဆောင်ရွက်နိုင်မည်နည်း။**<br>• ၎င်းတို့ လုပ်နိုင်သော ကျွမ်းကျင်မှု လုပ်အား၊ စွမ်းရည် နှင့် အသိတို့ဖြင့် ပါဝင် ကူညီချင်သည်။<br>• လူ့အခွင့်အရေးဆိုင်ရာ အသိပညာများ မြှင့်တင်ရန်အတွက် အစိုးရအား စည်းရုံးရေးကဏ္ဍတွင် ပါဝင်နိုင်သည်။ |
| ၁၀။ | **သင့် ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် သင့်ပြည်နယ်တွင် လက်ရှိ ရင်ဆိုင်နေရသော အကြီးမားဆုံး ပြဿနာက ဘာလဲ။**<br>• အလုပ်အကိုင်အခွင့်အလမ်း မရှိခြင်း၊ သို့မဟုတ် ပိုက်ဆံရှာဖွေနိုင်သည့် အခြားနည်းလမ်းများ မရှိခြင်း။<br>• တရားမဝင်မူးယစ်ဆေးဝါးများ လွယ်လင့်တကူ ရရှိနေခြင်းသည် ဒေသခံများ အတွက် အကြီးမားဆုံး စိန်ခေါ်မှု ဖြစ်သည်။<br>• ၎င်းတို့အနီး တပ်မတော်နှင့် ကေအိုင်အေ အဖွဲ့များအကြား တိုက်ပွဲများ ဖြစ်ပွားနေခြင်း။<br>• အာဏာပိုင်များ၏ ခွဲခြားဆက်ဆံခြင်း ခံရသည်ဟု ဒေသခံပြည်သူတို့ ခံစားနေရခြင်း။<br>• ပြည်သူအများစုသည် ပညာမတတ်ကြပါ။ ထို့ကြောင့် ၎င်းတို့သည် အာဏာပို င်များ၏ ခြိမ်း ခြောက်မှု ခံနေရသည်ဟု ခံစားနေရပြီး ထိုအာဏာပိုင်များကို ပြန်လည်တုံ့ပြန်ပြောဆိုနိုင်ခြင်းမရှိ။<br>• မြစ်ဆုံရေကာတာစီမံကိန်းက အပြီးတိုင် မရပ်သေးသဖြင့် ထိုစီမံကိန်း ပြန်စပါက ဒေသခံများ အခြေမဲ့ ဖြစ်ရမည်လား ဆိုသည့် စိုးရိမ် ပူပန်မှု ရှိကြသည်။ |

| ဇယား (၃) ကချင်ပြည်နယ် - သတ်မှတ်မေးခွန်းများမှ ရရှိလာသော အဓိကအကြောင်းအရာများ | |
|---|---|
| ၁၁။ | **ထိုစိန်ခေါ်မှုများ ကျော်လွှားနိုင်ရန် သင်မည်ကဲ့သို့ ကူညီနိုင်မည်နည်း။**<br>• အဆင့်အတန်းမြင့်ပညာရေးရရှိရန်အတွက် ပညာရေးစနစ်ကိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် လိုကြောင်း ၎င်းတို့က ထုတ်ဖော်ပြောဆိုကြသည်။<br>• ဗဟိုအစိုးရမှ ဒေသခံ တိုင်းရင်းသားများကို အစိုးရအလုပ်များတွင် ပိုမိုပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ပေးသင့်ကြောင်း ၎င်းတို့ ပြောသည်။ ထိုမှသာ တိုင်းရင်းသားလူမျိုးစုများ၏ လိုအပ်ချက်များကို အကောင်းဆုံး တင်ပြ ပြောဆိုနိုင်မည်။<br>• သက်ဆိုင်ရာဒေသအသိုင်းအဝိုင်း၏ စိုးရိမ်ချက်များကို ဖြေရှင်းရန် အစိုးရအာဏာပိုင်များနှင့် အုပ်ချုပ်ရေးအာဏာပိုင်များအကြား ဆက်သွယ်မှု ကောင်းမွန်ရန်လိုအပ်ပြီး ပူးပေါင်းဆောင်ရွက် ရန် လိုအပ်ကြောင်း ဖြေဆိုသည်။<br>• အစိုးရမှ ဒေသခံများ၏လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် အကူအညီပေးမယ့် နိုင်ငံခြားသား အကြံပေးများ ရှိပါက အသုံးဝင်လိမ့်မည်ဟု ပြောဆိုကြသည်။<br>• မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အစီအစဉ်များ ပိုမို လုပ်ဆောင်ရန် လိုအပ်သည်ဟု ဒေသခံတို့က ဖော်ပြကြသည်။ |

# နားထောင်ခြင်းရလဒ်များမှ တူညီမှုများ - ၂၀၁၅ မှ ၂၀၁၆ ခုနှစ်

သက်ဆိုင်ရာဒေသခံတို့က စစ်မှန်ပြီး ရေရှည်တည်တံ့သောငြိမ်းချမ်းရေးရရှိရေးအတွက် ဆန္ဒပြင်းပြမှုကို ဆက်လက် ဖော်ပြကြသည်။ စစ်မှန်သော ငြိမ်းချမ်းရေး ရရှိရန်၊ မူဝါဒချမှတ်သူများက ဒေသခံတို့၏ လိုအပ်ချက်ကို နားထောင်ပြီး အဓိကထားကူညီပေးရန် လိုအပ်သည်ဟု ၎င်းတို့ယူဆကြသည်။ ယမန်နှစ်ကနှင့် နှိုင်းယှဉ်ပါက ယခုနှစ်ဖော်ပြသည့် ဆန္ဒတွင် စိတ်မရှည်မှုများ မြင်တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ယခု အတွေ့အကြုံ ဖလှယ်ပေးသော အိုးအိမ်မဲ့ စစ်ဘေးရှောင် IDP များသည် ဒုက္ခသည်စခန်းများတွင် လေးနှစ်ကျော်ငါးနှစ်ကြာ နေထိုင်နေကြရသောကြောင့် ဖြစ်သည်။ ၎င်းတို့အိမ်များနှင့် ကျေးရွာများသို့ ပြန်ချင်ကြပြီး ဘဝပြန်စလိုကြောင်း အထူး ပြောဆိုကြသည်။ IDP စခန်းများတွင် နေနေရသည့်အချိန်တွင် ထိုသို့ ဘဝရပ်တည်ရေးအတွက် မလုပ်ဆောင် နိုင်ကြချေ။

ဖြစ်ပွားဆဲတိုက်ပွဲများ၏ ဆိုးကျိုးသက်ရောက်မှုများသည်လည်း အဓိကအကြောင်းအရာတခုအဖြစ် ပြောရသည့် အထဲ ပါဝင်မြဲ ဖြစ်သည်။ သို့သော် ၎င်းတို့ ပြောပြချက်တွင် သတိပြုစရာ ကွဲလွဲချက်များ ပါဝင်သည်။ ၂၀၁၅ ခုနှစ်တွင် သက်ဆိုင်ရာအသိုင်းအဝိုင်းတို့က စစ်ပွဲများရပ်ဆိုင်းရေးနှင့် ပတ်သက်သော သဘောတူညီချက်များ သေသေချာချာ အကောင်အထည်ဖော်သည်ကို မြင်တွေ့ချင်ကြောင်း ပိုမို ပြောခဲ့ကြသည်။ ၎င်းတို့ ကျေးရွာများအနီး တွင် စစ်သားများနှင့် စစ်ကြောင်းများကို မမြင်တွေ့ရရန် မျှော်လင့်သည်ဟု ပြောခဲ့ကြသည်။

ယခု တခေါက် စကားဝိုင်းများတွင် IDP စခန်းအချို့မှလည်း ပါဝင်ဖြေဆိုထားသည့်အတွက်လည်း IDP စခန်းများ သည် တပ်မတော်နှင့် ကေအိုင်အေတပ်စခန်းများအကြား တည်ရှိနေခြင်းကြောင့် ၎င်းတို့ ပိတ်မိနေသည်ဟု ခံစားရသည့် စိုးရိမ်ချက်များ ပိုမို ကြားခဲ့ရသည်။ ပါဝင်ဖြေဆိုသူတဦး ပြောပြသည်က *"စစ်ပြန်ဖြစ်ရင် ဘယ်နေရာကိုမှ ပြေးစရာ မရှိတော့ဘူး"* ဟူ၏။ ဖြေဆိုသူအချို့ကလည်း လက်နက်ကြီးကျပြီး ၎င်းတို့ရွာများ ပျက်စီးမည်ကို ကြောက်နေရခြင်း၊ သို့မဟုတ် ၎င်းတို့ ဒေသတွင် မြေမြှုပ်မိုင်းများကြောင့် အသက်ဆုံးရှုံးရခြင်း သို့မဟုတ် ဒဏ်ရာရခြင်းအတွက် စိုးရိမ်နေရကြောင်း ပြောဆိုသည်။

နားထောင်ခြင်းလုပ်ငန်းစဉ် နှစ်ခုစလုံးတွင် ကြားရသော အဓိကအကြောင်းအရာတစ်ခုအဖြစ် သတ်မှတ်နိုင်သည့် ဤအချက်က အသိုင်းအဝိုင်းတို့၏ စစ်တပ်များနှင့် စစ်ရေးလှုပ်ရှားမှုများ ကင်းစေချင်သည့်အချက်ကို ဖော်ပြ နေသည်။ နားထောင်ခြင်းလုပ်ငန်းစဉ် နှစ်ခုစလုံးတွင် စစ်သားများ ရှိနေခြင်းကြောင့် လုံခြုံမှု ကင်းမဲ့ရသည် ဟူသော အခြေအနေတစ်ရပ်ကို နားလည်မိစေသည်။ ယခုနှစ်တွင် အချို့ဒေသများတွင် စစ်ရေးလှုပ်ရှားမှု နည်းပါး သော်လည်း အခြားဒေသများတွင်မူ သိသိသာသာတိုးမြင့်လာသည်ဟု ကွန်မြူနီတီများက မှတ်ချက်ပြုသည်။ ဒေသခံများ၏ လေ့လာတွေ့ရှိချက်များအရ မှတ်သားရသည်တွင် စစ်သားများက ကျောက်စိမ်းမှော်များ၊ လယ်ယာမြေများနှင့် စိုက်ခင်းများအနီး နေရာယူထားကြခြင်း ဖြစ်သည်။ ဤသည်က ကွန်မြူနီတီများ၏ လွတ်လပ်စွာ သွားလာခွင့် နှင့် အသက်ရှင်ရပ်တည်ရေးအပေါ် အကြီးအကျယ် သက်ရောက် လျက် ရှိသည်။ တဖန် လွတ်လပ်စွာ သွားလာခွင့်သည်အရေးကြီးပြီး ကျေးရွာများအကြား ကြောက်ရွံ့ရမှုကင်းစွာ သို့မဟုတ် လုံခြုံစွာခရီးသွားနိုင်မည့် ကွန်မြူနီတီများ၏ ဆန္ဒသည် ဆက်ဖြစ်နေဆဲ အကြောင်းအရာတစ်ခု ဖြစ်သည်။

တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် သုံးစွဲခြင်းအရေးသည် ကချင်ပြည်နယ်ရှိ ကွန်မြူနီတီများအတွက် အရေးတကြီးဖြေရှင်းရမည့် ပြဿနာတစ်ရပ် ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင်

အလုပ်အကိုင်မရှိမှု၊ အိမ်တွင်းအကြမ်း ဖက်မှုပြဿနာများနှင့် ရာဇဝတ် ဖြစ်ရပ်များ တိုးများလာမှုကဲ့သို့သော မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် ပတ်သက် နေသည်ဟု ၎င်းတို့ယုံကြည်သော လူမှုရေးပြဿနာ အချို့ကို ကွန်မြူနီတီများက ရည်ညွှန်းပြောဆိုသည်။ ၎င်းတို့ ဒေသအတွင်းရှိ အထူးသဖြင့် ပက်ဂျာဆန်အဖွဲ့က ဦးဆောင်သော မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အစီအစဉ်များ အကြောင်းလည်း ထည့်သွင်းပြောဆိုကြသည်။ အချို့က ပက်ဂျာဆန်နှင့် ဘိန်းစိုက်တောင်သူများ သို့မဟုတ် ဘိန်းခင်းများကို ကာကွယ်ပေးနေသော ပြည်သူ့စစ်များ အကြား အကြမ်းဖက်မှုများ ဖြစ်လာမည်ကို စိုးရိမ်ကြောင်း ပြောဆိုကြသော်လည်း အချို့က ၎င်းတို့ဒေသအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုလျော့ကျလာသည့်အတွက် ပက်ဂျာဆန်အဖွဲ့၏ ကြိုးပမ်းချက်များကို ချီးကျူးကြသည်။

ထို့အပြင် ယမန်နှစ်ကကဲ့သို့ပင် ဖြေဆိုသူအသိုင်းအဝိုင်းအချို့က ဘိန်းစိုက်တောင်သူများမှာ ၎င်းတို့မိသားစုများကို ထောက်ပံ့ပေးနိုင်ရန်အတွက် ဘိန်းအပေါ် မှီခိုနေရကြောင်းလည်း ပြောဆိုသည်။ ထို့ကြောင့် ၎င်းတို့က အစိုးရအနေဖြင့် ဘိန်းအစားထိုးသီးနှံထုတ်ပေးရေး အစီအစဉ်တခုကို အကောင်အထည်ဖော်ပြီး ဘိန်းစိုက်ခြင်းမှ ကင်းလွတ်နိုင်ရေးအတွက် တောင်သူများကို ကူညီသင့်ကြောင်း အကြံပြုကြသည်။

မြေယာအသုံးချမှုနှင့် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍လည်း ကွန်မြူနီတီများ ဆက်လက် စိုးရိမ်နေရသည်။ ထိုစိုးရိမ်ချက်များသည် ဓလေ့ထုံးတမ်း သို့မဟုတ် ရိုးရာအရ မြေယာအသုံးချမှုနှင့် မြေယာပိုင်ဆိုင်မှုပြုပြီး မှတ်ပုံတင်ရန် လိုအပ်သော လက်ရှိ မြေယာဥပဒေအရ ကွာဟချက်မှ အရင်းခံလာသည့်ပုံ ဖြစ်နေသည်။

ကချင်ပြည်နယ်တွင် ကုမ္ပဏီကြီးများ၏ သတ္တုတူးဖော်ရေးနှင့် အခြားအကြီးစားစီမံကိန်းများ ဆောင်ရွက်နေခြင်းနှင့် ပတ်သက်သည့် စိုးရိမ်ချက်များကိုလည်း ထည့်သွင်းပြောဆိုသည်။ စီမံကိန်းများထဲမှ မကြာခဏ ရည်ညွှန်းပြောဆို သည့်တစ်ခုမှာ ရပ်ဆိုင်းထားသော မြစ်ဆုံရေကာတာ စီမံကိန်း ဖြစ်သည်။ အစိုးရက ထိုစီမံကိန်းကို ပြန်လည် စတင်ပါက ကွန်မြူနီတီ အများအပြား အပေါ် ဆိုးကျိုးသက်ရောက်မှုရှိလိမ့်မည်ဟူသော စိုးရိမ်ချက်များ ဆက်လက် ဖြစ်ပေါ်နေဆဲ ဖြစ်သည်။ ထိုစီမံကိန်းများမှ ကချင်ပြည်နယ်ရှိ လူများအတွက် အကျိုးအမြတ်များ မရဟု ပြောဆိုနေ ကြခြင်းအပြင် ထိုစီမံကိန်းများကြောင့် ၎င်းတို့အား စီမံကိန်းဧရိယာအတွင်းရှိ အရင်းအမြစ်များထုတ်ယူခြင်းကို ကန့်သတ်ခြင်းများအပါအဝင် ကွန်မြူနီတီများ ကြုံရသော ဆိုးကျိုး သက်ရောက်မှုများကိုလည်း ရည်ညွှန်းပြောဆို ကြသည်။

ဒေသခံပြည်သူများက ပိုမိုကောင်းမွန်သော လူမှုရေးဝန်ဆောင်မှုများ၊ လမ်းများနှင့် လျှပ်စစ်မီးဆိုင်ရာ အခြေခံ အဆောက်အအုံ များ ရရှိရေးအတွက် မျှော်လင့်ချက်ကို ထပ်လောင်း ပြောဆိုကြသည်။ ၎င်းတို့ ဘဝရပ်တည်ရေး အတွက် အထောက်အကူ ဖြစ်စေနိုင်မည့် စီးပွားရေးအခြေအနေ ကောင်းများ သို့မဟုတ် အလုပ်အကိုင်များ ဖန်တီးပေးခြင်းဖြင့် အစိုးရက ကူညီရန်လည်း ဆက်လက်တောင်းဆိုကြသည်။

## နားထောင်ခြင်းရလဒ်များမှ ကွဲပြားချက်များ - ၂၀၁၅ မှ ၂၀၁၆ ခုနှစ်

ယခုနှစ်၏ နားထောင်ခြင်းရလဒ်များထဲမှ အကြီးမားဆုံး ကွဲပြားချက်တစ်ခုမှာ နားထောင်ခြင်း စကားဝိုင်းပြုလုပ်ရာ ဒေသအဝန်းအဝိုင်း ပြောင်းလာခြင်း ဖြစ်သည်။ ယခုနှစ်တွင် IDP စခန်းတွင်းရှိ ဖြေဆိုသူများ ပိုမိုများသော ကြောင့် IDPs များ၏ စိုးရိမ်ချက်များကို ပိုတွေ့ရသည်။

IDPs များ၏ စိုးရိမ်ချက်များကို ခိုင်မာစေသောအခြေအနေတစ်ရပ်မှာ ၎င်းတို့ဘဝ ရပ်တည်ခွင့်များ မရှိတော့ ဟူသော စိတ်ခံစားချက်ဖြစ်သည်။ ၂၀၁၁ ခုနှစ် အကြမ်းဖက်မှု ပဋိပက္ခများ စတင်ခဲ့ကတည်းက စခန်းများတွင်း နေထိုင်နေသော စစ်ပြေးရှောင် IDPs အတော်များများနှင့် စကားပြောဆိုခဲ့ရသည်။ ဘုံအကြောင်းရာတစ်ခုမှာ အကူအညီကင်းမဲ့မှု၊ မိမိကိုယ်ပိုင်ရပ်တည်ချင်သည့် ဆန္ဒ နှင့် လူသားချင်းစာနာမှုအထောက်အပံ့များအပေါ် မမှီခိုလိုခြင်းဟူသော သဘောကို တွေ့ရသည်။ ကံအကြောင်းမလှစွာပင် အသက်ရှင်ရပ်တည် ရေးအခွင့်အလမ်း အကန့်အသတ်ဖြင့်သာရှိသော အခြေအနေအောက်တွင် ၎င်းတို့အတွက် ထိုသို့ရွေးချယ်ခွင့်များ မရှိကြပါ။ ထိုအခြေအနေများသည် ၎င်းတို့သားသမီးများအပေါ် မည်သို့သက်ရောက်နေသလဲဆိုသည်ကို မျှဝေကြသည်။ အထူးသဖြင့် ကလေးများ၏ ပညာရေးနှင့် IDPs စခန်းအပြင်ဘက် ကမ္ဘာကို လေ့လာနိုင်မည့် အခွင့်အလမ်းများ အကန့်အသတ်ဖြင့်သာရှိခြင်းတို့ ဖြစ်သည်။ တပ်မတော်နှင့် KIA တပ်စခန်းများနှင့် နီးကပ်နေသော စခန်းများတွင် နေထိုင်နေရသည့် IDPs အသိုင်းအဝိုင်းအချို့က တိုက်ပွဲများ ဆက်ဖြစ်နေခြင်းကြောင့် စိုးရိမ်ပူပန်များကို ထုတ်ဖော်ကြသည်။

IDPs များ၏ စိုးရိမ်ချက်များ ပြည့်နေသောအခြေအနေနှင့် အခြားတစ်ဖက်တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကြောင့် ကောင်းကျိုးခံစားရသော ဒေသခံပြည်သူများ၏ အသိအမှတ်ပြုမှုများလည်း အများအပြား ရှိသည်။ ဤတွင် အများဆုံး ရည်ညွှန်းပြောဆိုသော အပြောင်းအလဲများထဲမှ တစ်ခုသည် နိုင်ငံရေးနယ်ပယ် ပွင့်လင်းလာခြင်းကိစ္စ ဖြစ်သည်။ နိုင်ငံရေးဆိုင်ရာ အကြောင်း

အရာများကို ပိုမိုလွတ်လပ်စွာ ပြောဆိုလာနိုင်ပြီး သတင်းမီဒီယာ ကန့်သတ်ချက်အနည်းငယ်သာ ရှိသည်ဟု ၎င်းတို့က မှတ်ချက်ပြုသည်။ ဒေသန္တရ အစိုးရက ကွန်မြူနီတီများနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည့် သာဓကများကို ရည်ညွှန်း၍ တိုးတက်မှုကောင်းတစ်ရပ်အဖြစ် ပြောဆိုကြသည်။ အခြား အနည်းငယ်ကောင်းမွန်သော အပြောင်းအလဲများမှာ အချို့ဒေသများတွင် ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုကဲ့သို့သော လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများ ရှိလာခြင်းနှင့် ထိုလုပ်ငန်းများ၏ အရည်အသွေး မြင့်လာခြင်း ဖြစ်သည်။

ဖြေဆိုသူဒေသခံပြည်သူအများအပြားက စစ်မှန်သောဖယ်ဒရယ်ပြည်ထောင်စုတစ်ခုအောက် ရှိ အရပ်သား အစိုးရ တစ်ရပ်ဖြစ်စေချင်ကြောင်း ပြောဆိုကြသည်။ ထိုသို့ဖြစ်လာရန် ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ပြင်ဆင်ရမည် ဖြစ်ကြောင်း ပြင်းပြင်းထန်ထန် တောင်းဆိုကြသည်။ ဒေသခံအတော်များများက ၎င်းတို့ဒေသများတွင် ကချင်လွတ်မြောက်ရေး အဖွဲ့ (KIO)၊ တပ်မတော်နှင့် အစိုးရတို့အကြား ပေါင်းကူးပေးမည့် ဆက်ဆံရေးရုံး ဖွင့်လှစ်ပေး စေချင်သည့်အကြောင်း ထည့်သွင်းဖော်ပြကြသည်။ ဒေသခံပြည်သူများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ အုပ်ချုပ်မှုဆိုင်ရာ အရေးကိစ္စများနှင့် နိုင်ငံရေးအသိများ ကောင်းမွန်စွာ ရရှိထားကြောင်း ထိုရလဒ်အဖြေများက ဖော်ပြနေသည်။

# ရှမ်းပြည်နယ် မြောက်ပိုင်း

*ပြဿနာတွေ အားလုံးကို ဆွေးနွေးမှုတွေကနေတဆင့် ဖြေရှင်းရမယ်။*
*လက်နက်တွေနဲ့ ဖြေရှင်းလို့မရ။*

- လားရှိုးမြို့နယ်မှ တောင်သူ အမျိုးသား၊ အမျိုးသမီးများ

၂၀၁၆ ခုနှစ် ဇူလိုင်လတွင် နားထောင်သူအဖွဲ့ ခြောက်ဖွဲ့သည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဒေသများမှ ပါဝင်ဖြေဆိုသူ ၁၈၇ ဦးနှင့် စကားဝိုင်းပေါင်း ၆၇ ခုကို ပြုလုပ်ခဲ့သည်။ စကားဝိုင်းများကို ကျောက်မဲ၊ လားရှိုး၊ နမ္မတူ၊ နမ့်ခမ်း၊ နမ့်ဆန် နှင့် မန်တုံ မြို့နယ်တို့တွင် ပြုလုပ်ခဲ့သည်။ နားထောင်သူများအဖွဲ့တွင် အမျိုးသမီး ၇ ဦးနှင့် အမျိုးသား ၆ ဦး ပါဝင်ခဲ့သည်။ ပါဝင်ဖြေဆိုသူများသည် အများအားဖြင့် တအာင်း [ပလောင်] တိုင်းရင်းသား များဖြစ်သည်။ ဖြေဆိုသူအချို့က ၎င်းတို့ကို ကိုယ်ကို တအာင်းရှမ်းမာည်း၊ တအာင်းရှမ်း၊ ဗမာ နှင့် ကချင်များဟုဆိုသည်။

| ဇယား (၄) အဓိကအကြောင်းအရာများ | |
|---|---|
| ၁။ | လူမှုအသိုင်းအဝိုင်းများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ကျေနပ်မှုမရှိကြောင်း ဖော်ပြကြသည်။ အစိုးရက စစ်တပ်အပေါ် ထိန်းချုပ်နိုင်မှု မရှိသည့်အတွက် စိုးရိမ်ကြသည်။ |
| ၂။ | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်တပ်များနှင့် မဆွေးနွေးခင် အစိုးရသစ်နှင့် စစ်တပ်အကြား တွေ့ဆုံဆွေးနွေးမှုတခု အရင် ပြုလုပ်ရန် ဒေသခံအသိုင်းအဝိုင်းများက မျှော်လင့်ကြသည်။ |
| ၃။ | မူးယစ်ဆေးဝါးစွဲခြင်းနှင့် မူးယစ်ဆေးဝါးနှင့်ဆက်စပ်သော အကြမ်းဖက်မှုများကြောင့် လူမှုရေးဆိုင်ရာ ပြဿနာ များတွက် ၎င်းတို့ စိုးရိမ်ပူပန်ကြသည်။ ပဋိပက္ခဖြစ်ပွားမှု သံသရာကြောင့် မူးယစ်ဆေးဝါးသုံးခြင်းနှင့် ထုတ်လုပ်ခြင်းများ ဖြစ်ရသည်ဟု ၎င်းတို့ လေ့လာတွေ့ရှိကြသည်။ |
| ၄။ | ဒေသခံအသိုင်းအဝိုင်းများက စစ်မှန်သော တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်တစ်ခု ရစေချင်ကြသည်။ NCA ဆွေးနွေးပွဲများအတွင်း အကြမ်းဖက်ပဋိပက္ခများ တိုးများလာခြင်းအပေါ် စိုးရိမ်ကြသည်။ |
| ၅။ | ဒေသခံပြည်သူများ၏ အမြင်များနှင့် သဘောထားများကို ထင်ဟပ်သော ပြည့်စုံသော ငြိမ်းချမ်းရေးဆွေးနွေးမှု ဖြစ်စေချင်သည်။ |

| ဇယား (၄) အဓိကအကြောင်းအရာများ | |
|---|---|
| ၆။ | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်တပ်မတော်အကြားထပ်မံဖြစ်ပေါ်နေသော တိုက်ပွဲများကြောင့် ပြည်သူများ ဖမ်းဆီးခံရခြင်း၊ ညှင်းပန်းနှိပ်စက်ခံရခြင်း၊ အတင်းအဓမ္မလုပ်အားပေးခိုင်းခံရခြင်း၊ အခြေမဲ့ဖြစ်ရခြင်းနှင့် မြေမြှုပ်မိုင်းများရှိခြင်း စသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ဒေသခံများ စိုးရိမ်ကြသည်။ |
| ၇။ | စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်များ၏ စစ်သားများအနီး နေရသောကြောင့် ၎င်းတို့ ဘေးကင်း လုံခြုံရေးအပေါ် စိုးရိမ်နေကြရသည်။ |
| ၈။ | ဒေသခံအသိုင်းအဝိုင်းများက မည်သည့်တိုင်းရင်းသားလူမျိုးစုဖြစ်စေ တန်းတူ ဆက်ဆံရေး ခံစားရချင်သည်။ ၎င်းတို့အသိုင်းအဝိုင်းများတွင်း တိုင်းရင်းသား လူမျိုးစုပေါ် အခြေခံသော ခွဲခြားဆက်ဆံမှုများကြောင့် စီးပွားရေးအခွင့်အလမ်း များ ကန့်သတ်ခံရခြင်းနှင့် ၎င်းတို့အကြား မယုံကြည်မှု ဖြစ်ရန် ဖန်တီးလာပြီး၊ ရပ်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုပါ ဖြစ်လာမည်ကို စိုးရိမ်ကြသည်။ |
| ၉။ | ဆက်လက်ဖြစ်ပွားဆဲ ပဋိပက္ခကြောင့် ပညာရေးအခွင့်အလမ်းများအပေါ် ဆိုးကျိုးသက်ရောက်မှုရှိသည်ဟု ဒေသခံများကမြင်ကြသည်။ စာသင်ကျောင်းများ ပိတ်ထားရခြင်းနှင့် ဆရာများပြန်သွားသောကြောင့် ပညာရေး နှောင့်နှေးရသည်။ အချို့ ကျောင်းသားများသည်လည်း စာသင်ကျောင်းမှ ထွက်ပြီး အလုပ်လုပ်ကာ မိသားစုကို ထောက်ပံ့ရသည်လည်း ရှိသည်။ |
| ၁၀။ | ပဋိပက္ခများဆက်ဖြစ်နေခြင်းက ၎င်းတို့ ဘဝရပ်တည်ရေးအပေါ် ဆိုးကျိုးသက် ရောက်လျက် ရှိသည်ဟု ဒေသခံတို့က ဆိုသည်။ ပဋိပက္ခသည် ၎င်းတို့၏ ကုန်သွယ်မှုအခွင့်အလမ်းများကို ကန့်သတ်နေပြီး ထွက်ကုန်များ ရောင်းချရာတွင် အနည်းအကျဉ်းသာ ရောင်းရတော့သည်။ အလုပ်သမားများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများ လျော့နည်းလာနေသည်။ ကုန်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် ထိုအခြေအနေကို အခွင့်ကောင်းယူကာ လယ်သမားများ၏ထွက်ကုန်များကို ဈေးနှိမ်ဖြင့် ဝယ်ယူခြင်း၊ အတိုးနှုန်းကြီးစွာဖြင့် ငွေချေးခြင်းနှင့် အခြေခံစားသောက်ကုန်များကို ဈေးမြှင့်ရောင်းခြင်းဖြင့် အမြတ်ထုတ်နေကြသည်။ |
| ၁၁။ | ၎င်းတို့၏ ဘေးကင်းလုံခြုံမှုအတွက် စိုးရိမ်စရာမလိုဘဲ ကျေးရွာအတွင်းတွင်ဖြစ်စေ၊ တရွာမှ တရွာသို့ဖြစ်စေ လွတ်လပ်စွာ သွားလာနိုင်ရေးအတွက် တိုက်ခိုက်မှုများ ရပ်တန့်ရန် မျှော်လင့်ကြသည်။ |

| ဇယား (၄) အဓိကအကြောင်းအရာများ | |
|---|---|
| ၁၂။ | အဆင့်မြင့်ပညာရေးဆိုင်ရာ အထောက်အပံ့များ ရလိုကြသည်။ သေချာလေ့ကျင့်သင်ကြားပေးထားသော ဆရာ၊ ဆရာမများကို လိုချင်ကြသည်။ အထူးသဖြင့် မြန်မာဘာသာစကားဖြင့် သင်ယူရသောအခါ ကျောင်းသား များကြုံတွေ့ရသော အချက်အခဲများကို နားလည်နိုင်မည့် သူများဖြစ်စေချင်သည်။ |
| ၁၃။ | အသိုင်းအဝိုင်းများသည် ရေ၊ လျှပ်စစ်ဓါတ်အားနှင့် တယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုတို့ကို မှီခိုနိုင်မည့် အခြေအနေများ ရချင်သည်။ ထိုဝန်ဆောင်မှုများနှင့်ပတ်သက်၍လည်း ဒေသတွင်းရှိနေသော စစ်တပ်၏ နှောက်ယှက်မှု မကြုံလိုချေ။ |
| ၁၄။ | ဒေသခံများသည် ကျွမ်းကျင်သောကျန်းမာရေးလုပ်သားများက ဦးစီးသော ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အအုံများ ရရှိရန် နှင့် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများ ပိုမို ရရှိရန် မျှော်လင့်သည်။ |
| ၁၅။ | စီးပွားရေးအခွင့်အလမ်းနည်းပါးခြင်းက ဝင်ငွေနည်းပါးစေပြီး၊ ၎င်းတို့ အသက်ရှင်ရပ်တည်ရေးကို ထိခိုက်သလို လူမှုအသိုင်းအဝိုင်းတွင်းရှိ ပျော်ပွဲရွှင်ပွဲများနှင့် လူမှုရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်မည့် လှုပ်ရှားမှုပြုလုပ်ရန် အကန့်အသတ်ဖြစ်စေသည်ဟု ဖော်ပြကြသည်။ |
| ၁၆။ | ဘွဲ့ရကျောင်းသားများ၏ ပညာအဆင့်အတန်းနှင့် ကိုက်ညီသော အလုပ်အကိုင်အခွင့်အလမ်းများ ပိုမို ရရှိလို ကြောင်း ဒေသခံအသိုင်းအဝိုင်းတို့က ပြောဆိုသည်။ |
| ၁၇။ | ၎င်းတို့ကျေးရွာများကို ထောက်ပံ့ပေးနေသော NGO အဖွဲ့များ၏အစီအစဉ်များကို ကျေးဇူးတင်ကြောင်း ပြောဆိုကြပြီး၊ အစိုးရထံမှ လူမှုကယ်ဆယ်ရေးဆိုင်ရာ အစီအစဉ်များကိုလည်း မျှော်လင့်ကြသည်။ |

| ဇယား (၅) ရှမ်းပြည်နယ် မြောက်ပိုင်း - သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ | |
|---|---|
| ၁။ | **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သင် ဘယ်လို ထင်မြင် ခံစားရပါသလဲ။**<br>• ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တခု ဆောင်ရွက်နေချိန်တွင် တိုက်ပွဲများ တိုးများလာခြင်းနှင့် အိုးအိမ်စွန့်ခွာရမှုများ ဖြစ်ပွားနေသည့်အတွက် ဒေသခံပြည်သူများ စိုးရိမ်ကြသည်။<br>• ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် စစ်မှန်မှု မရှိမည်ကို စိုးရိမ်ကြသည်။ |
| ၂။ | **ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် သင်ပါဝင်ခဲ့ရပါက မည်သည့်အကြောင်းအရာမျိုး ပြောဆိုဆွေးနွေး မည်နည်း။**<br>• ရှမ်းပြည်နယ်မြောက်ပိုင်းတွင်သာမက ပြည့်စုံသော တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်တစ်ခု၏ အရေးကြီးမှု။<br>• လက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်စေချင်ကြပြီး၊ လက်နက်ကိုင်တပ်ဖွဲ့များသည် ၎င်းတို့၏ ထိန်းချုပ်နယ်မြေတခုမှ တခုသို့ သွားလာခွင့်ကို တားဆီးနိုင်မည့် နည်းလမ်းတခု ရှာဖွေချင်သည်။ အဘယ်ကြောင့်ဆိုသော ထိုသို့သွားလာခြင်းက မတည်ငြိမ်မှုနှင့် တင်းမာမှုကို ဖြစ်စေသောကြောင့် ဖြစ်သည်။ |
| ၃။ | **သင့်တဦးတည်းအမြင်အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိက ပါဝင်သင့်သည့် အကြောင်းအရာများက ဘာများ ဖြစ်မည်နည်း။**<br>• တိုင်းရင်းသားတန်းတူရေးရရန်နှင့် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးနိုင်ရန် ဒေသခံပြည်သူများ မျှော်လင့်ကြသည်။<br>• ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပြည်သူ့အမြင်သဘောထားများနှင့် အတွေ့အကြုံများ ပါဝင်သင့်ကြောင်း ဒေသခံအသိုင်းအဝိုင်းတို့က ဖော်ပြကြသည်။ |
| ၄။ | **အောင်မြင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တခုမှ သင်ဘာတွေကို မျှော်လင့်လဲ။**<br>• လက်နက်ကိုင်ပဋိပက္ခများအားလုံး ချုပ်ငြိမ်းပြီး တနိုင်ငံလုံး စစ်မှန်သော ငြိမ်းချမ်းရေးရသည်ကို မြင်တွေ့ရရန်။<br>• တိုင်းရင်းသားလူမျိုးစုအားလုံးအကြား တန်းတူအခွင့်အရေးများ ရရှိရန်။ |

### ဇယား (၅) ရှမ်းပြည်နယ် မြောက်ပိုင်း - သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ

၅။ **ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စတင်ကတည်းက မည်သည့်အရာများ ပြောင်းလဲလာခဲ့သနည်း။**

- NCA လက်မှတ်ထိုးပြီးနောက်ပိုင်း တိုက်ခိုက်မှုများနှင့် တိုင်းရင်းသားအကြား တင်းမာမှုများ တိုးများလာသည်ကို ထိုဒေသများက ကိုယ်တွေ့ကြုံလာရသည်။
- ထိုဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဆောင်ရွက်သော NGO အဖွဲ့များ ပိုမိုရောက်ရှိလာပြီး၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှု နှင့် ရေနှင့်လမ်းကဲ့သို့သော အခြား ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းဖြင့် ထိုဒေသများကို ကူညီကြသည်။
- အစိုးရက အများအားဖြင့် ပဋိပက္ခမဖြစ်ပွားရာဒေသများတွင် အခမဲ့ပညာရေးအတွက် ဆောင်ရွက်နေကြကြောင်းလည်း ပါဝင်ဖြေဆိုသည့် အစုအဖွဲ့က ထည့်သွင်း ပြောဆိုကြသည်။

၆။ **လက်ရှိ သင် စိုးရိမ် ပူပန်သောအကြောင်းအရာတစ်ခုက ဘာဖြစ်မလဲ။**

- တိုင်းရင်းသားအဖွဲ့များအကြား တင်းမာမှုများ မြင့်တက်လာခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခများ ဆက်ဖြစ်နေခြင်းကြောင့် ၎င်းတို့၏ ပုဂ္ဂလိကလုံခြုံမှုနှင့် ဘေးကင်းရေးအတွက် စိုးရိမ်နေကြသည်။
- ရပ်ကွက်၊ ကျေးရွာသားများအကြား မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် ရာဇဝတ်မှုကဲ့သို့ နောက်ဆက်တွဲ လူမှုရေးပြဿနာများ တိုးများလာသည်။ ၎င်းတို့ပြည်နယ်တွင် မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးခြင်းများအတွက် စိုးရိမ်ပူပန်ကြပြီး အဖွဲ့အချို့၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းမှုများက အကြမ်းဖက်မှု ဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြသည်။
- ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လက်နက်ကိုင်ပဋိပက္ခများ မရပ်ပါက ကိုးကန့်တွင် တပ်ချထားသည့် အခြေအနေမျိုးနှင့် ကြုံရမည်ကို စိုးရိမ်ကြသည်။

**ဇယား (၅) ရှမ်းပြည်နယ် မြောက်ပိုင်း - သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ**

၇။ **သင့် ရပ်ကွက်၊ ကျေးရွာတွင် မည်သို့သော ပြောင်းလဲမှု မြင်တွေ့လိုသနည်း။**

- တည်ငြိမ်မှု လိုချင်ကြသည်။ ထိုမှသာ တိုက်ခိုက်မှုများကြားမှ ရှောင်ပြေးမနေရဘဲ သို့မဟုတ် တိုက်ခိုက်မှု နောက်ဆက်တွဲအခြေအနေများကို မကြုံရမည် ဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ၏ တပ်သားစုဆောင်းခံရခြင်း သို့မဟုတ် စစ်သားများအတွက် ပေါ်တာအဖြစ် အတင်းအဓမ္မစေခိုင်းခံရမှုများ မကြုံလိုကြပေ။
- ခရီးသွားလာရာတွင် လွတ်လပ်စွာ သွားလာခွင့်ရချင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမို ရရှိလိုသည်။

၈။ **သင့်အသိုင်းအဝိုင်းတွင် အပြောင်းအလဲများ ရရှိစေရန် မည်သည့်အကူအညီများ ရှိနေရန် လိုအပ်သနည်း**

- လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ရန် လိုပြီး ငြိမ်းချမ်းရေးရှိရမည်။ လက်နက်ကိုင်ပဋိပက္ခ ရှိနေခြင်းက ငြိမ်းချမ်းရေးအတွက် အကန့်အသတ် ဖြစ်စေကြောင်း ထိုဒေသခံပြည်သူများ နားလည်ထားသည်။
- စစ်တပ်သည် နိုင်ငံရေးတွင် မပါဝင်သင့်။ ထိုသို့မပါဝင်စေရန်မှာ လွှတ်တော်တွင် တပ်မတော်အတွက် ၂၅ ရာခိုင်နှုန်း ကို အာမခံထားသည့် ပုဒ်မကို ပယ်ဖျက်ရန်၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ရန် လိုအပ်သည်။

၉။ **သင့်အသိုင်းအဝိုင်းတွင် ပြောင်းလဲမှုများ အောင်မြင်စေရန် သင်မည်ကဲ့သို့ ပါဝင်ဆောင်ရွက်နိုင်မည်နည်း။**

- ၎င်းတို့ အမြင်များ ဖလှယ်နိုင်ပြီး ၎င်းတို့အပေါ် သက်ရောက်နေသော အကြောင်းအရာများနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နေသော ပဋိပက္ခဖန်တီးသူများနှင့် ဆုံးဖြတ်ချက် ချမှတ်သူများထံ ထုတ်ဖော်ပြောဆိုနိုင်သည်။
- ၎င်းတို့အချင်းချင်းအကြား နိုင်ငံရေးရာကိစ္စရပ်များ အသိအမြင်မြှင့်တင်ရေးအတွက် ၎င်းတို့ဒေသ တွင် ပညာရေးဆိုင်ရာ အစီအစဉ်များ ဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းများ ဆောင်ရွက်နိုင်သည်။
- လူထုစည်းဝေးပွဲများနှင့် ဆန္ဒပြပွဲများ၌ ၎င်းတို့အမြင် သဘောထားများ ဖလှယ်ခြင်းဖြင့် ပါဝင်ဖြေဆိုသူများက ထိုကိစ္စရပ်များကို စည်းရုံးရေး ဆောင်ရွက်ချင်သည်။

| ဇယား (၅) ရှမ်းပြည်နယ် မြောက်ပိုင်း - သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ | |
|---|---|
| ၁၀။ | **သင့် ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် သင့်ပြည်နယ်တွင် လက်ရှိ ရင်ဆိုင်နေရသော အကြီးမားဆုံး ပြဿနာက ဘာလဲ။**<br>• လက်နက်ကိုင်ပဋိပက္ခဆက်ဖြစ်နေခြင်းအတွက် ၎င်းတို့ လွန်စွာ စိုးရိမ်ကြသည်။<br>• ရပ်ကွက်၊ ကျေးရွာသားများအကြား မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှု မြင့်တက်လာခြင်းအတွက် ကြောင့်ကြနေကြရသည်။<br>• တိုင်းရင်းသားလူမျိုးစုများအကြား တင်းမာမှုမြင့်တက်လာခြင်းက ထိုဒေသခံများ အကြား မယုံကြည်မှုများ ဖြစ်စေသည်ဟု ၎င်းတို့ ဖော်ပြကြသည်။<br>• လမ်းပန်းအခြေခံအဆောက်အအုံ နည်းပါးခြင်းအတွက် စိုးရိမ်ကြသည်။<br>• လူငယ်များ၏ ဘဝကို ထိခိုက်လျက်ရှိသော ပညာရေးဝန်ဆောင်မှုများ ရပ်ထားရသည့်အပေါ် ကြောင့်ကြနေကြရသည်။<br>• ကျန်းမာရေးအဆောက်အအုံနှင့် ဝန်ဆောင်မှု ညံ့ဖျင်းသည့်အတွက်လည်း စိုးရိမ်နေကြရသည်။ |
| ၁၁။ | **ထိုစိန်ခေါ်မှုများ ကျော်လွှားနိုင်ရန် သင်မည်ကဲ့သို့ ကူညီနိုင်မည်နည်း။**<br>• စစ်မက်များရပ်စဲခြင်းသည် ထိုစိန်ခေါ်မှုများဖြေရှင်းရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။<br>• အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ အန်ဂျီအိုများ၊ နိုင်ငံတကာ အန်ဂျီအိုများ၊ လူထုအခြေပြုအဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာများ စသည့် အစုအဖွဲ့များအားလုံး ပူးပေါင်းပြီး ထိုစိန်ခေါ်မှုများ အတူတကွ ဖြေရှင်း ဆောင်ရွက်ရန် လိုအပ်သည်။ |

## နားထောင်ခြင်းရလဒ်များမှ တူညီမှုများ - ၂၀၁၅ မှ ၂၀၁၆ ခုနှစ်

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် နှစ်နှစ်စလုံး၏ နားထောင်ခြင်းရလဒ်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက် ပြီးဒေသခံတို့ စိတ်ကျေနပ်မှုမရှိသည်ကို အများအပြား ကြားခဲ့ရသည်။ ၂၀၁၅ ခုနှစ်တွင် သက်ဆိုင်ရာ အသိုင်းအဝိုင်းတို့က ပဋိပက္ခဖြစ်နေသည့် အဖွဲ့များအကြား ယုံကြည်မှုတည်ဆောက်စေချင်ကြောင်း ဖော်ပြခဲ့ ကြသည်။ ထိုအချိန်ကတည်းက ယုံကြည်မှုတည်ဆောက်ရေးတွင် တိုးတက်မှုအနည်းငယ်ကိုသာ မြင်ခဲ့ရသည်ဟု ဆိုပြီး ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပဋိပက္ခအခြေအနေသည် ပိုမိုဆိုးဝါးလာနေသည်။ ဤသည်က ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အကြောင်း ပြောဆိုရာတွင် ပါဝင်ဖြေဆိုသူများ၏ အဆိုးမြင်အဖြေများ များပြားလာသည့် အကြောင်းရင်းကို ရှင်းပြနိုင်သည်။ ဒေသခံများသည် ၂၀၁၅ ခုနှစ်က ၎င်းတို့ တောင်းဆိုသကဲ့သို့ပင် အကြမ်းဖက် ပဋိပက္ခ လျော့ကျရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရှေ့ဆက်နိုင်ရေး ပိုမိုကြိုးပမ်းကြရန် တောင်းဆိုသည်။

နောက်ထပ် ဖြစ်မြဲ အကြောင်းအရာတခုမှာ ထိုဒေသခံအသိုင်းအဝိုင်းများ၏ တိုင်းရင်းသား အခွင့်အရေး တန်းတူ ရစေချင်သည့် ဆန္ဒ ဖြစ်သည်။ ဤအချက်က တိုင်းရင်းသားအခွင့်အရေး တန်းတူရရှိရေးအတွက် အာမခံနိုင်သော၊ တိုင်းရင်းသားလူမျိုးစုအပေါ် အခြေခံသော အကြမ်းဖက်မှု ပြဿနာများ ဖြေရှင်းနိုင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ခု ဖြစ်ရေးအတွက် ၂၀၁၅ ခုနှစ်က ၎င်းတို့ ကျယ်ကျယ်ပြန့်ပြန့် တောင်းဆိုခဲ့သော အချက်ပင် ဖြစ်သည်။ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ် (TNLA) နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့ အကြား တိုက်ပွဲများကြောင့် ကျေးရွာများအတွင်း တိုင်းရင်းသားအချင်းချင်းကြား တင်းမာမှုများ ပိုမို ကြုံတွေ့ခဲ့ရ သဖြင့် ၂၀၁၆ ခုနှစ်တွင် ထိုတောင်းဆိုချက်သည် ပိုမိုခိုင်မာလာသည်။

အချို့က ၎င်းတို့ နေ့စဉ် ကြုံနေရသော စီးပွားရေးအခက်အခဲကို ပြောဆိုကြပြီး အစိုးရအနေဖြင့် ပိုမိုကောင်းမွန် သော အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးမှုဆိုင်ရာ အခွင့်အလမ်းများ ထောက်ပံ့ပေးရန်အတွက် အရေးတကြီး တောင်းဆိုကြောင်း ထပ်လောင်း ပြောဆိုကြသည်။ ပါဝင်ဖြေဆိုသူများက ၎င်းတို့ နားလည်သည့် ငြိမ်းချမ်းရေး - ဤနေရာတွင်စစ်မက်ပြုမှုများ ရပ်စဲခြင်း - သည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်ချက်တစ်ခု ဖြစ်သည်ဟု ယုံကြည်ကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ၎င်းတို့ ပါဝင်ရပါက ဈေးကွက် များအတွင်း ဈေးနှုန်းကြီးကြပ်သည့်ကိစ္စရပ်ကို အစည်းအဝေးအာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးမည်ဟု

ဆိုသည်။ ဖြေဆိုသူအချို့က ပဋိပက္ခများနှင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းတို့ကြောင့် လူငယ်များ တရုတ်နှင့် ထိုင်းနိုင်ငံတို့သို့ ဆက်လက်ထွက်ခွာသွားနေသေးကြောင်း လေ့လာ သိရှိထားကြသည်။ ၂၀၁၅ ခုနှစ်က တွေ့ရှိခဲ့ သကဲ့သို့ပင် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကျန်းမာရေးနှင့်ပညာရေးဆိုင်ရာ အထောက်အပံ့များ ပိုမိုရရှိရေးနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးတို့အတွက် တောင်းဆိုမှုများ ဆက်လက်ရှိနေသည်။

ဒေသတွင်း လက်နက်ကိုင်တပ်ဖွဲ့များ တည်ရှိနေခြင်းကြောင့် ကျေးရွာတရွာနှင့်တရွာဖြစ်စေ၊ ကျေးရွာတွင်းဖြစ်စေ သွားလာခွင့်အပေါ် တမင်ကန့်သတ်ခံနေရဆဲဖြစ်သည်။ ၎င်းတို့ ဝန်းကျင်တွင် ဖြစ်ပွားနေဆဲ အကြမ်းဖက်တိုက်ပွဲ များကို ၎င်းတို့ သတိပြုမိကြပါသည်။ ထိုတိုက်ပွဲများက ၎င်းတို့ အသက်ရှင်ရပ်တည်ရေးနှင့် လူနေမှုပုံစံအပေါ် မည်သို့ ဆိုးကျိုး သက်ရောက်လျက်ရှိသည်ကို အလေးထား ပြောပြခဲ့ကြသည်။

၂၀၁၅ ခုနှစ်က ရခဲ့သော ရလဒ်များနည်းတူ အထူးသဖြင့် လူငယ်များအကြား တရားမဝင်မူး ယစ်ဆေးဝါးအသုံးပြုမှု တဟုန်ထိုး များပြားလာခြင်းအပေါ် သတိထားနေရဆဲဖြစ်သည်။ ၎င်းတို့ဒေသများတွင် တရားမဝင် မူးယစ် ဆေးဝါးများ ထုတ်လုပ်ခြင်းနှင့် ကုန်သွယ်ခြင်းများ ဆက်ရှိနေခြင်းသည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကြုံတွေ့ရသော အရေးတကြီး စိန်ခေါ်မှုများ ထဲက တစ်ခု ဖြစ်သည်ဟု ဆိုကြသည်။

## နားထောင်ခြင်းရလဒ်များမှ ကွဲပြားချက်များ - ၂၀၁၅ မှ ၂၀၁၆ ခုနှစ်

၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော နားထောင်ခြင်းစကားဝိုင်း ရလဒ်များ၏ ကွဲပြားချက်များကို ကြည့်ရာတွင် ၂၀၁၅ ခုနှစ် အောက်တိုဘာလ NCA လက်မှတ်ထိုးပြီး ချိန်ကတည်းက TNLA နှင့် RCSS နှင့် တပ်မတော်တို့အကြား ပဋိပက္ခများ ပိုမို များပြားလာသည့် အခြေအနေကို နားလည်ရမည် ဖြစ်သည်။ ၂၀၁၆ ခုနှစ် နားထောင်ခြင်းစီမံကိန်းတွင် ၎င်းတို့ဒေသအတွင်း ပြန်ပေးဆွဲခံရမှုများ၊ ဖမ်းဆီးခံရမှုများ၊ မြေမြှုပ်မိုင်း ပေါက်ကွဲမှု များနှင့် သတ်ဖြတ်မှုများ စသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် အထူးစိုးရိမ်မှုများ ဖော်ပြကြ သည်မှာ အံ့သြစရာတော့ မဟုတ်ပါ။ ထိုအခြေအနေများ၊ ကျေးရွာများအနီး တပ်များ ပိုမိုလှုပ်ရှား လာခြင်းသည် ခရီးသွားခြင်းနှင့် သွားလာလှုပ်ရှားမှုများအပေါ် ကန့်သတ်မှု အများအပြား ဖြစ်ပေါ်စေသည်။ ထိုစိုးရိမ်ချက်များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် တောင်းဆိုမှုများအဖြစ် စဉ်းစားနိုင်သည်။ သို့မှသာ TNLA သည်

ဆွေးနွေးဘက်ပါတီအဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်ပြီး၊ တိုင်းရင်းသားတို့၏ အမြင်များ ထပ်ဟပ်သည့် စစ်မှန်သော NCA စာချုပ်တခု ဖြစ်လာပေမည်။

အကြမ်းဖက်မှုများ များပြားလာခြင်း၏ အကျိုးဆက်ဆိုးတစ်ခုမှာ အစိုးရက စစ်တပ်အပေါ် ထိန်းချုပ်နိုင်မှု လုံးဝ မရှိဟု အသိုင်းအဝိုင်းများအကြား သံသယ မြင့်တက်လာနေခြင်း ဖြစ်သည်။ ဤသည်က ပြည်သူအများအပြား၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရေရှည်တည်တံ့နိုင်မှုအပေါ် ယုံကြည်မှု လျော့ကျစေသည်။ အများစုက အစိုးရအနေဖြင့် တပ်မတော်နှင့် တွေ့ဆုံဆွေး နွေးရေးမလုပ်ဘဲ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လည်း မှ န်ကန်စွာချဉ်းကပ်သည့်နည်းလမ်းကို သဘောမတူပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မအောင် မြင်နိုင်ဟု စိုးရိမ်ကြကြောင်း ဖွင့်ဟပြောကြသည်။

ဒေသခံအသိုင်းအဝိုင်းများသည် နိုင်ငံရေးလုပ်ငန်းစဉ်ဆိုင်ရာ အသိမြင့်မားကြောင်း ပြသကြ သည်။ ၎င်းတို့ လိုအပ်ချက်များအတွက် အကောင်းဆုံး ကိုယ်စားပြုပေးရန် အစိုးရအရာရှိများနှင့် ရွေးကောက်ခံကိုယ်စားလှယ် များထံ တောင်းဆိုမှုများ ပြုလုပ်ခြင်းက ဤအချက်ကို ပေါ်လွင်နေသည်။ ဒေသခံပြည်သူများသည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကတည်းက ၎င်းတို့၏ နိုင်ငံရေးအရ ကိုယ်စားပြုမှု အခွင့်အရေးကို ရှင်းရှင်းလင်းလင်း နားလည် သိထားပြီး ဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍လည်း ပိုမိုရှင်းလင်း ပြတ်သားသော တောင်းဆိုချက်များ ထုတ်ဖော်ပြော ဆိုသည်။ ၎င်းတို့ အမြင်သဘောထားများကို ကြားစေချင်ပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစားစေချင်သည်။ ၎င်းတို့ယုံကြည်သော တိုင်းရင်းသားများအကြား နိုင်ငံရေးအရ ကိုယ်စားပြုမှု ရှိစေရန်နှင့် မညီမျှမှုများ ဖြေရှင်းနိုင်သော ဖယ်ဒရယ်စနစ်အတွက် တိကျသော တောင်းဆိုချက်များ တောင်းဆိုကြသည်။

တိုက်ခိုက်မှုများရပ်စဲရန် အာဏာပိုင်များ (ဗဟိုအစိုးရ သို့မဟုတ် ပဋိပက္ခ ဖန်တီးနေသူများ) ထံ ပိုမိုအားကောင်း ပိုမိုတိကျသော တောင်းဆိုချက်များကိုလည်း နားထောင်သူများ ကြားခဲ့ရသည်။ သို့မှသာ ထိုဒေသရှိ ကလေးများ လည်း အနှောင့်အယှက်ကင်းစွာ ကျောင်းတက်နိုင်မည် ဖြစ်သည်။ ဤအချက်က အကြမ်းဖက်ပဋိပက္ခ၏ ဆိုးကျိုး သက်ရောက်မှုများထဲက တစ်ခုကို မီးမောင်းထိုးပြနေသည်။ တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပွားနေခြင်းကြောင့် ပဋိပက္ခဖြစ်ပွား ရာဒေသများရှိ စာသင်ကျောင်းများ ပိတ်ထားရပြီး ကျောင်းသူ၊ ကျောင်းသားများ ပညာသင်ကြား

ခွင့်မရဘဲ ဖြစ်နေကြရသည်။ ထို့အတူ ဒေသခံပြည်သူများ၏ ကျန်းမာရေးဝန်ဆောင်မှုရရှိရေး တွင်လည်း ပြဿနာများ ဆက်လက်တိုး များနေသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် အစိုးရက အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များန င့် တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ထိုးခဲ့ပြီး ကတည်းက ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အကြမ်းဖက်ပဋိပက္ခများ တိုးများလာသည်။ ဤအချက်က တဦးချင်းလုံခြုံရေးအတွက် ဒေသခံများ၏ လတ်တလော စိုးရိမ်ချက်များ အဘယ်ကြောင့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသနည်းဆိုသည်ကို ရှင်းပြနေခြင်း ဖြစ်သည်။ လက်နက်ကိုင်အဖွဲ့များအကြား အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ထိခိုက်မည် ကို စိုးရိမ်ရခြင်းအပြင် ကျေးရွာများအနီး စခန်းချနေသော စစ်သားများ သို့မဟုတ် ကျေးရွာများအနီးမှ ဖြတ်သန်းသွားသော စစ်သားများ၏ အခွင့်အရေးချိုးဖောက်မှုများ၊ ခွဲခြားဆက်ဆံမှုများနှင့် နှောင့်ယှက်မှု ကြုံရသည့် စိုးရိမ်မှုများကို ဒေသခံများက ပြောပြကြသည်။ ပါဝင်ဖြေဆိုသူ တအာင်းတိုင်းရင်းသား အများစုက ထိုသို့ချိုးဖောက်မှုများကြုံရခြင်းသည် တိုင်းရင်းသားလူမျိုးစုတစု ဖြစ်ခြင်းကြောင့် ဖြစ်ရသည်ဟု ယူဆကြောင်း ပြောဆိုကြသည်။ ၎င်းတို့က RCSS မှ ရှမ်းစစ်သားများက ၎င်းတို့ တအာင်းတိုင်းရင်းသားများကို အမြဲလိုလို နှောင့်ယှက်လေ့ရှိသည်ဟု ဆိုသည်။ ဤအချက်က လွန်ခဲ့သည့်နှစ်က ရှမ်းနှင့် တအာင်းတိုင်းရင်း သား လူမျိုးစု အသိုင်းအဝိုင်းများအကြား တင်းမာမှုများ များပြားလာသည့်အချက်ကို ရှင်းပြသည်။

# ရှမ်းပြည်နယ် တောင်ပိုင်း

*ဒေသတွင်းမှာ လူမှုရေးဖွံ့ဖြိုးမှုတွေ ရှိမယ်ဆိုရင် ဒါဟာ တကယ့်ကို ငြိမ်းချမ်းရေး အစစ်အမှန်ပဲ။ (ငြိမ်းချမ်းရေး အစစ်အမှန်) ကို လူထုတွေရဲ့ ပျော်ရွှင်မှုနဲ့ တိုင်းတာတယ်။*

- ရပ်စောက်မြို့နယ်မှ ပအိုဝ်း နှင့် ဓနု အမျိုးသားအမျိုးသမီး
လယ်သမား ၉ ဦး

၂၀၁၆ ခုနှစ် မတ်လ နှင့် ဧပြီလအတွင်း နားထောင်သူနှစ်ဦးစီပါဝင်သော အဖွဲ့လေးဖွဲ့သည် ဆီဆိုင်၊ နမ့်ဆမ်၊ ခိုလမ်၊ ပင်လောင်း၊ ရပ်စောက် နှင့် ဖယ်ခုံ မြို့နယ်များရှိ ကျေးရွာများသို့ သွားရောက်ခဲ့သည်။ နားထောင်သူ အမျိုးသမီး ၅ ဦးနှင့် အမျိုးသား ၃ ဦးတို့သည် ပါဝင်ဖြေဆိုသူ ၄၀၆ ဦးနှင့်အတူ စကားဝိုင်း ၄၉ ခု ပြုလုပ်ခဲ့သည်။ ပါဝင်ဖြေဆိုသူများသည် ကယန်း၊ ပအိုဝ်း၊ ဗမာ၊ ဓနု၊ ရှမ်း၊ အင်းသား နှင့် လားဟူ တိုင်းရင်းသားလူမျိုးစုများ မှ ဖြစ်ကြသည်။

| ဇယား (၆) အဓိကအကြောင်းအရာများ | |
|---|---|
| ၁။ | မူးယစ်ဆေးကုန်ကူးမှု နှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း အထူးသဖြင့် လူငယ်များတွင် မူးယစ်ဆေးဝါး အသုံးပြုခြင်းကြောင့် နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများအတွက် ဒေသခံများ စိုးရိမ်ကြသည်။ |
| ၂။ | မြေယာပြဿနာများနှင့်ပတ်သက်၍လည်း ဒေသခံများ စိုးရိမ် ကြသည်။ |
| ၃။ | စိုက်ပျိုးထွက်ကုန်များအတွက် ဈေးနှုန်းတည်ငြိမ်မှုမရှိခြင်းအပေါ် စိုးရိမ်ကြသည်။ ၎င်းတို့စိုက်ပျိုးသီးနှံ များ ဈေးနိမ့်ရောင်းချခံရမှုမှ လွတ်မြောက်စေရန် တာဝန်ရှိအစိုးရဌာနများက ဈေးနှုန်းသတ်မှတ်ပေးစေချင်ကြသည်။ |
| ၄။ | တိုင်းရင်းသားလူနည်းစုအုပ်စုများက လူမှုရေးရာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပိုမိုကောင်းမွန်သော လမ်းတံတားများ အတွက် အစိုးရထံမှ အထောက်အပံ့များ ပိုမိုရရှိလိုကြသည်။ |
| ၅။ | ဒေသခံများက စစ်ပွဲများ ရပ်တန့်စေချင်သည်ဟု ထုတ်ဖော်ပြောဆိုသည်။ |

| ဇယား (၆) အဓိကအကြောင်းအရာများ | |
|---|---|
| ၆။ | အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များရယူထားသော အဖွဲ့များအကြား ယုံကြည်မှုတစုံတရာရှိသည်ဟု ဒေသခံများက ထင်မြင်ကြသည်။ သို့သော် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ နှစ်ဘက်စလုံး အနေဖြင့် ၎င်းတို့အချင်းချင်းကြား ယုံကြည်မှု အားကောင်းစေရန်အတွက် ကြိုးပမ်းမှုများ ဆက်လက် ဆောင်ရွက် စေချင်သည်။ |
| ၇။ | သောက်သုံးရေနှင့် စိုက်ပျိုးရေးအတွက် ရေမလုံလောက်မှုကို ဒေသခံများ စိုးရိမ်နေကြသည်။ အဘယ်ကြောင့် ဆိုသော် သဘာဝပတ်ဝန်းကျင်ပျက်စီး မှုကြောင့် ၎င်းတို့၏ ရေအရင်းအမြစ်များ ညစ်ညမ်းကုန်သောကြောင့် ဖြစ်သည်။ |
| ၈။ | လျှပ်စစ်မီးကို ဈေးသက်သက်သာသာ နှင့် မပြတ်ရရှိရန် အကူအညီများ လိုအပ်ကြောင်း ဒေသခံများက ဆိုသည်။ တချို့က ၎င်းတို့ကျေးရွာများကို လျှပ်စစ်ဓါတ်အားလိုင်းနှင့် ချိတ်ဆက်စေချင်သည်။ လျှပ်စစ်ဓါတ်အား လိုင်းရသူများကလည်း လျှပ်စစ်ဓါတ်အားကို ပိုမို ရရှိလိုပြီး၊ လျှပ်စစ်မီးကိုလည်း ပုံမှန် ရလိုကြသည်။ |
| ၉။ | ရာသီဥတု ဆိုးရွားမှုကြောင့် ၎င်းတို့သီးနှံများပျက်စီးခဲ့ရပြီး ဒေသခံများ အလုပ်လက်မဲ့ ဖြစ်နေကြရကာ အခြား အသက်မွေးဝမ်းကြောင်းမှုဆိုင်ရာ ပြဿနာများလည်း ကြုံတွေ့နေရသည်။ |
| ၁၀။ | စိုက်ပျိုးမြေယာဖော်ထုတ်ခြင်း၊ ထုံးထုတ်လုပ်ခြင်း နှင့် အခြားအသုံးပြုမှုများ ကြောင့် သစ်တောပြုန်းတီးမှုများ များပြားလာခြင်းအပေါ် ဒေသခံများ စိုးရိမ်ကြ သည်။ သဘာဝပတ်ဝန်းကျင်အပေါ် မြေယာပြောင်းလဲမှု၏ ဆိုးကျိုးများ သက်ရောက်လာမည်ကို ပူပန်ကြသည်။ |
| ၁၁။ | ၎င်းတို့ဒေသများတွင် စီးပွားရေးလုပ်ငန်းကြီးများ ရောက်ရှိလာခြင်းကြောင့် ဒေသခံများ စိုးရိမ်ကြသည်။ |
| ၁၂။ | ဆရာ၊ ဆရာမများနှင့် ကျောင်းသုံးပစ္စည်းများ ပိုမိုလိုအပ်ပြီး ကောင်းမွန်သော ပညာရေးကို လိုချင်ကြကြောင်း ဒေသခံများက ဆိုသည်။ |
| ၁၃။ | ပိုမိုကောင်းမွန်ပြီး လက်လှမ်းမီ အဆင်ပြေသော ကျန်းမာရေးဝန်ဆောင်မှုများကို ဒေသခံများ ရလိုကြသည်။ |

| ဇယား (၆) အဓိကအကြောင်းအရာများ | |
|---|---|
| ၁၄။ | ဒေသခံများသည် ၎င်းတို့ယုံကြည်ရသော ဒေသတွင်းခေါင်းဆောင်ကို ရလိုကြပြီး ထိုခေါင်းဆောင်က ၎င်းတို့အကျိုးစီးပွားကို ကာကွယ်ပေးမည့်သူ ဖြစ်စေလိုသည်။ ထို့အပြင် ၎င်းတို့ဒေသရှိသဘာဝ အရင်းအမြစ်များမှ ဒေသခံများ အကျိုးအမြတ်ရရှိစေရန် ကူညီနိုင်သော သူ ဖြစ်စေချင်သည်။ |
| ၁၅။ | ဝေးလံခေါင်ဖျားဒေသများရှိ လူထုများသည် တယ်လီဖုန်းဆက်သွယ်ရေး အဆောက်အအုံများ မရှိခြင်းကြောင့် အထီးကျန်သည်ဟု ခံစားကြရသည်။ |
| ၁၆။ | မြို့ကြီးများနှင့် ကျေးရွာများတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဝန်ဆောင်မှုဆိုင်ရာ ကွာဟချက်များသည် ခွဲခြားဆက်ဆံမှုသက်သေဖြစ်သည် ထင်မြင်ကြသည်။ |
| ၁၇။ | သက်ဆိုင်ရာ အုပ်ချုပ်ရေးဌာနများနှင့် ရပ်ကွက်၊ ကျေးရွာများအကြား သတင်းအချက်အလက်စီးဆင်းမှု ကွာဟမှု ရှိသည့်အတွက် ၎င်းနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိရေးအတွက် ဒေသခံများက ပူပန်နေကြသည်။ |
| ၁၈။ | ရွေးကောက်ပွဲတွင် ကတိကဝတ်များပေးထားပြီး တကယ်လက်တွေ့ ဖြည့်ဆည်းမပေးသည့် နိုင်ငံရေးသမား များ၏ ခေါင်းပုံဖြတ်မှု ခံနေရသည်ဟု ဒေသခံများက ပြောဆိုသည်။ |

**ဇယား (၇) ရှမ်းပြည်နယ် တောင်ပိုင်း - သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ**

၁။ **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သင် ဘယ်လို ထင်မြင် ခံစားရပါသလဲ။**

- ဒေသခံများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပိုမို ပွင့်လင်းမြင်သာစေချင်သည့်ဆန္ဒ ရှိကြသည်။
- ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှ လမ်းပန်းအဆောင်အအုံကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှု အချို့ ရရှိလာစေသည်ကို ၎င်းတို့ အသိအမှတ်ပြုသော်လည်း ဒေသခံ အများအစုသည် ၎င်းတို့အသက်ရှင်ရပ်တည်ရေးအတွက် ဆက်လက် ရုန်းကန်နေရဆဲ ဖြစ်သည်။
- အပစ်ခတ်ရပ်စဲရေးကြောင့် ရရှိလာသော တည်ငြိမ်မှု၏ ဆိုးကျိုးများအပေါ် စိုးရိမ်ကြကြောင်း ထုတ်ဖော်ပြောဆိုကြသည်။ အစိုးရက ဒေသအချို့တွင် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်နေသော် လည်း အခြားဒေသများသည် ချန်ထားခံနေရသည်။

၂။ **ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် သင်ပါဝင်ခဲ့ရပါက မည်သည့်အကြောင်းအရာမျိုး ပြောဆို ဆွေးနွေးမည်နည်း။**

- ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံးကို ပါဝင်စေ ချင်ကြောင်း ဒေသခံများက ဆိုသည်။ ရာထူးအဆင့်ဆင့် အလိုက်နှင့် အထက်မှ အောက်သို့ အုပ်ချုပ်မှုကို လျှော့ချရန် လိုအပ်ကြောင်း လည်း၎င်းတို့ လေ့လာသိရှိကြသည်။
- ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ဖြစ်ပွားနေသော ပစ်ခတ်တိုက်ခိုက်မှုများ လျှော့ချရန် လိုကြောင်း ဒေသခံများက ပြင်းပြင်းထန်ထန် တောင်းဆိုသည်။ တွေ့ဆုံဆွေးနွေးနေသူများကို ၎င်းတို့ မေးချင်သည်မှာ "မင်းတို့ တကယ်ပဲ ငြိမ်းချမ်းရေး လိုချင်သလား။ လိုချင်လို့ရှိရင် ဒေသခံတွေရဲ့ အခက်အခဲတွေကို ပြောကြ ဆိုကြပါ။"

| ဇယား (၇) ရှမ်းပြည်နယ် တောင်ပိုင်း - သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ | |
|---|---|
| ၃။ | **သင့်တဦးတည်းအမြင်အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိက ပါဝင်သင့်သည့် အကြောင်းအရာများက ဘာများ ဖြစ်မည်နည်း။**<br>• ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တန်းတူညီမျှ ပါဝင်ရေး ရှိစေချင်ကြောင်း ဒေသခံများက ပြောဆိုသည်။ ကျေးရွာများနှင့် တောင်ပေါ်ဒေသများမှ ပြည်သူများက ၎င်းတို့လိုအပ်ချက်များကို တင်ပြပြောဆိုမည့် ကိုယ်စားလှယ်တစ်ဦး ရှိသင့်သည်ဟု ယူဆကြသည်။ ဒေသန္တရအာဏာပိုင် များအနေဖြင့်လည်း ၎င်းတို့ထံ လာရောက်ပြီး ၎င်းတို့ လူနေမှုအဆင့် အခြေအနေများကို လာရောက်ကြည့်ရှုရန် မျှော်လင့်ကြသည်။<br>• တွေ့ဆုံဆွေးနွေးသည့်အဖွဲ့များအနေဖြင့် ၎င်းတို့ ရပ်တည်ချက်များ ပျော့ပြောင်းရန် လိုအပ်ပြီး ထိုမှသာ ရလဒ်ကောင်းများ ပိုမိုရနိုင်သော ဆွေးနွေးမှုများ ရှိလာမည်ဟုဆိုသည်။ |
| ၄။ | **အောင်မြင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တခုမှ သင်ဘာတွေကို မျှော်လင့်လဲ။**<br>• စစ်ပွဲများ ရပ်စေချင်ပြီး၊ တိုင်းပြည်တိုးတက်ရေးအတွက် မည်သို့ ဆောင်ရွက်မည်ဆိုသည့် ဆွေးနွေးပွဲတွင် လူတိုင်းပါဝင်ခွင့် ရချင်သည်ဟု ၎င်းတို့ ဖော်ပြကြသည်။ |
| ၅။ | **ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စတင်ကတည်းက မည်သည့်အရာများ ပြောင်းလဲလာခဲ့သနည်း။**<br>• တိုက်ပွဲများ နည်းပါးလာသည့်အတွက် ခရီးသွားလာရေး ပိုမိုလွယ်ကူလာပြီး ပိုမိုလုံခြုံလာသည်ဟု ဒေသခံများက ဆိုသည်။ ဤသည်က ပါဝင်ဖြေဆိုသူများ၏ အသက်ရှင်ရပ်တည်မှု အခြေအနေကို တိုးတက်ကောင်းမွန်လာစေသည်။<br>• လမ်းအသစ်များ ဖောက်လုပ်ခြင်းကဲ့သို့သော အခြေခံအဆောက်အအုံများ များပြားလာသည်ဟု ဒေသခံများက ညွှန်းဆိုကြသည်။ |
| ၆။ | **လက်ရှိ သင် စိုးရိမ် ပူပန်သောအကြောင်းအရာတစ်ခုက ဘာဖြစ်မလဲ။**<br>• အစိုးရသစ်သည် နိုင်ငံတွင်းသို့ နိုင်ငံခြားသား ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ရန် အလွန်အမင်း လမ်းဖွင့်ပေးသည်ဟု ဒေသခံများက ယူဆကြသည်။ ထိုသို့ ဖွင့်ပေးလိုက်ခြင်းက ဒေသခံများအပေါ် ကောင်းကျိုးနှင့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်စေသည်ဟုဆိုသည်။ |

| ဇယား (၇) | ရှမ်းပြည်နယ် တောင်ပိုင်း - သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ |
|---|---|
| | • ဒေသခံများအကြား မူးယစ်ဆေးသုံးစွဲမှုများ များပြားလာခြင်း၊ မြေယာအသုံးချမှုနှင့် ပိုင်ဆိုင်မှု ဆိုင်ရာ မြေယာအငြင်းပွားမှုများ၊ အလုပ်လက်မဲ့နှုန်းမြင့်မားမှုနှင့် ပြည်နယ်အတွင်း သစ်တော ပြုန်းတီးမှုနှုန်း မြန်ဆန်လာခြင်းတို့အပေါ် စိုးရိမ်ချက်များကိုလည်း ၎င်းတို့ ထုတ်ဖော်ပြောဆိုကြသည်။ |
| ၇။ | **သင့် ရပ်ကွက်၊ ကျေးရွာတွင် မည်သို့သော ပြောင်းလဲမှု မြင်တွေ့လိုသနည်း။**<br>• လူမှုရေးဆိုင်ရာ ပိုမို တိုးတက်မှု နှင့် ပိုမိုကောင်းမွန်သော အုပ်ချုပ်ရေး စနစ်တစ်ခုကို မြင်တွေ့လို ကြောင်း ဒေသခံများက ထုတ်ဖော်ပြောဆိုကြသည်။ အခြေခံအဆောက်အအုံများ ရရှိစေချင်ပြီး၊ ၎င်းတို့ ငြိမ်းချမ်းစွာနှင့် သဟဇာတ ဖြစ်စွာ နေထိုင်နိုင်သည့် စိတ်ပိုင်းဆိုင်ရာသုခရလိုကြသည်။<br>• အသက်မွေးဝမ်းကြောင်းမှုဆိုင်ရာ အခွင့်အလမ်းများ ပိုမိုလိုအပ်ကြောင်း ထုတ်ဖော်ပြောဆိုကြသည်။ |
| ၈။ | **သင့်အသိုင်းအဝိုင်းတွင် အပြောင်းအလဲများ ရရှိစေရန် မည်သည့်အကူအညီများ ရှိနေရန် လိုအပ်သနည်း**<br>• အစိုးရအာဏာပိုင်အဆင့်ဆင့်အနေဖြင့် ဖွံ့ဖြိုးရေးအကူအညီများ ထောက်ပံ့နိုင်ရန် ရပ်ကွက်၊ ကျေးရွာအသိုင်းအဝိုင်းများ၊ အန်ဂျီအိုအဖွဲ့များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်စေချင်သည်။ ၎င်းတို့ ဗဟုသုတ နှင့် ကျွမ်းကျင်မှုများပိုမိုရရှိနိုင်မည့် အခွင့်အလမ်းများနှင့် သင်တန်းများ ပိုမို ရရှိလိုသည်။ |
| ၉။ | **သင့်အသိုင်းအဝိုင်းတွင် ပြောင်းလဲမှုများ အောင်မြင်စေရန် သင်မည်ကဲ့သို့ ပါဝင်ဆောင်ရွက်နိုင်မည်နည်း။**<br>• ဒေသခံ အသိုင်းအဝိုင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့ ပါဝင်ကူညီနိုင်သည်မှာ ၎င်းတို့၏ ကျွမ်းကျင်မှု၊ အချိန် နှင့် စုပေါင်းစွမ်းအား တို့ဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုကြသည်။ |
| ၁၀။ | **သင့် ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် သင့်ပြည်နယ်တွင် လက်ရှိ ရင်ဆိုင်နေရသော အကြီးမားဆုံး ပြဿနာက ဘာလဲ။**<br>• ရပ်ကွက်၊ ကျေးရွာများတွင် မူးယစ်ဆေးဝါးသုံးစွဲမှု မြင့်တက်လာခြင်းနှင့် ဒေသတွင်းစေ့စပ်ဆွေးနွေးမှု... |

| ဇယား (၇) | ရှမ်းပြည်နယ် တောင်ပိုင်း - သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ |
| --- | --- |
| | • အခြားစိန်ခေါ်မှုများတွင် သစ်တောပြုန်းတီးမှု နှင့် ၎င်း၏နောက်ဆက်တွဲ သက်ရောက်မှုများ၊ ယခုနှစ်အတွင်း အတော်လေးကြုံခဲ့ရသော မိုးခေါင်ခြင်း ကဲ့သို့သော ရာသီဥတု ဆိုးရွားမှုများ ဖြစ်သည်။<br>• အလုပ်လက်မဲ့နှုန်း မြင့်မားခြင်းသည်လည်း စိန်ခေါ်မှုများထဲ ပါဝင်သည်။ |
| ၁၁။ | **ထိုစိန်ခေါ်မှုများ ကျော်လွှားနိုင်ရန် သင်မည်ကဲ့သို့ ကူညီနိုင်မည်နည်း။**<br>• ဒေသခံ ပြည်သူများအချင်းချင်းကြား ကူညီခြင်းနှင့် အစိုးရ၊ အန်ဂျီအို များကဲ့သို့သော ဒေသပြင်ပရှိလူများ အားလုံး ပူးပေါင်းဆောင်ရွက်ခြင်း။ |

## နားထောင်ခြင်းရလဒ်များမှ တူညီမှုများ - ၂၀၁၅ မှ ၂၀၁၆ ခုနှစ်

၂၀၁၅ ခုနှစ်က ရခဲ့သော တွေ့ရှိချက်များနည်းတူ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်က ရှမ်းပြည်နယ် တောင်ပိုင်း တွင်ပြုလုပ်ခဲ့သော စကားဝိုင်းအများစုကို လွှမ်းမိုးထားခဲ့သည်။ ငြိမ်းချမ်းရေးဆိုသည်မှာ တပ်မတော် နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ရန်လို တိုက်ခိုက်မှုများချုပ်ငြိမ်းခြင်းထက် ပိုမိုသည်ဟု ဒေသခံ များက ထပ်ခါတလဲလဲ ပြောဆိုကြသည်။ စစ်မှန်သော ငြိမ်းချမ်းရေးတွင် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ လမ်းများ ဖောက်လုပ်ခြင်းနှင့် ပြင်ဆင်ခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ လျှပ်စစ်မီးနှင့် ရေရင်းအမြစ်များ ရရှိရေးကဲ့သို့သော လူမှုရေးဝန်ဆောင်မှုများ တိုးတက်ရရှိခြင်းတို့ ပါဝင်သည်။ ဒေသခံများအနေဖြင့် စစ်မှန်သောငြိမ်းချမ်းရေးကိုခံစားရရန် ၎င်းတို့မိသားစုများကို ထောက်ပံ့နိုင်မည့် ကောင်းမွန်သော အသက်မွေး ဝမ်းကြောင်းမှုလုပ်ငန်းများ ရရှိသင့်သည်။ ၎င်းတို့သားသမီးများအနာဂတ်ဘဝ ကောင်းမွန်ရေးအတွက် သားသမီးကို စာသင်ကျောင်း ထားနိုင်သင့်သည်။ အခြေခံအားဖြင့် စစ်မှန်သော ငြိမ်းချမ်းရေးဆိုသည်မှာ ဒေသခံ ပြည်သူများအားလုံး ဂုဏ်သိက္ခာရှိသော ဘဝ ကို ပိုင်ဆိုင် ရပ်တည်နိုင်ခြင်း ဖြစ်သည်။

ဝေးလံသော တောင်ပေါ်ဒေသအတွင်းပိုင်းနေ ကယန်းတိုင်းရင်းသားလူမျိုးစုမှပါဝင်ဖြေဆိုသူများ ရှိသောကြောင့် ၎င်းတို့ဖြေဆိုသော အကြောင်းအရာများထဲတွင် ၎င်းတို့အနေဖြင့် ပြည်နယ်၏ တခြားဒေသများနှင့် သက်သက်စီ ရှိနေသည်ဟူသော ခံစားချက်ကို သိခဲ့ရသည်။ ထိုဒေသများမှ ပြည်သူများက တိုင်းပြည်ရှိအခြားဒေသများ၌ မည်သည့်အကြောင်းအရာများ ဖြစ်ပျက်နေသည်ကို

သိရှိလိုကြောင်း ၎င်းတို့ ဆန္ဒကို မျှဝေ ပြောဆိုကြသည်။ ၎င်းတို့ ဒေသသို့ အစိုးရ အရာရှိများ၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသော အေဂျင်စီများ၊ အန်ဂျီအိုအဖွဲ့များ လာရောက်လည်ပတ်စေချင်ပြီး ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြိုးပမ်းချက်များအား ကူညီခြင်း သို့မဟုတ် ဗဟုသုတမျှဝေရေးဆိုင်ရာ လှုပ်ရှားမှုများ ဆောင်ရွက်ပေးခြင်းတို့ လာရောက်လုပ်ဆောင်ပေးစေချင်ကြောင်း ထုတ်ဖော်ပြောဆိုကြသည်။

မြေယာပိုင်နက်ကျူးလွန်ခြင်းနှင့် မြေယာသိမ်းဆည်းမှုတို့နှင့် သက်ဆိုင်သော ကိစ္စရပ်များသည် ၂၀၁၅ ခုနှစ်က နားထောင်ခဲ့ရသော အကြောင်းအရာများတွင် အမြဲပါလေ့ရှိသော အကြောင်းများဖြစ်သည်။ ယခုနှစ် နားထောင်မှုများတွင်လည်း ဤအရေးသည် ဆက်လက် ပါဝင်သည်။ နားထောင်သူများက ဒေသခံပြည်သူများ အနေဖြင့် ထိုပြဿနာကို ဆက်လက် ကြုံတွေ့နေရပြီး အာဏာရှိအုပ်စုများ (တပ်မတော်နှင့် ဆက်စပ်သည့် အဖွဲ့များ၊ စီးပွားရေးလုပ်ငန်းကြီးများ သို့မဟုတ် အစိုးရအရာရှိများ) သည် ၎င်းတို့အား သင့်တင့်သော လျော်ကြေးပေးချေခြင်းမရှိဘဲ ၎င်းတို့ မြေများကို သိမ်းယူနေကြသည်။ ထို့နောက် ထိုအာဏာရှိအုပ်စုက စီးပွားရေးလုပ်ငန်းရှင်ကြီးများထံ ဈေးနှုန်းမြင့်မားစွာဖြင့် ပြန်လည်ရောင်းချကြသည်။

ကျားမ အခြေပြု ခွဲခြားဆက်ဆံမှုသည် အထူးသဖြင့် ဒေသခံ အမျိုးသမီးများနှင့် စကားဝိုင်းများတွင် ဆက်လက် ကြားနေရဆဲ နောက်ထပ် စိန်ခေါ်မှု တခုဖြစ်သည်။ အမျိုးသမီးများအနေဖြင့် ၎င်းတို့ဘဝ မြှင့်တင်ရေးတွက် အခွင့်အလမ်း အနည်းငယ်သာ ရှိပြီး မိန်းကလေးငယ်များအတွက် စာသင်ကြားရန် သို့မဟုတ် အလုပ်အကိုင် ရှာဖွေရန် သို့မဟုတ် စီးပွားရေးလုပ်ငန်းများ စတင်ရန် အခွင့်အလမ်း အနည်းငယ်သာ ရှိသည်။ နိုင်ငံရေးဆိုင်ရာ လူထုဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးနိုင်သည့် အခွင့်အလမ်းလည်း အကန့်အသတ်ဖြင့်သာ ရှိသည်ဟု အမျိုးသမီးများက ဖော်ပြကြသည်။ ၎င်းတို့ဒေသတွင်း အာဏာပိုင်ရာထူးရလာပါကလည်း မလေးမစားဆက်ဆံခံရသည့် သာဓကဖြင့် ဆက်စပ်ပြောဆိုကြသည်။

၂၀၁၅ ခုနှစ်နားထောင်ခြင်းလုပ်ငန်းစဉ်နှင့် တူညီသော နောက်ထပ်တွေ့ရှိချက်တခုမှာ ဒေသတွင်းရှိ တိုင်းရင်းသား လူမျိုးစုအဖွဲ့များအနေဖြင့် ပိုမို စုစည်းညီညွတ်ရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သင်ယူကြရန် လိုအပ် ကြောင်း ဖြစ်သည်။ ရှမ်းနှင့် ပအိုဝ်း၊ ရှမ်းနှင့် လားဟူ စသော တိုင်းရင်းသားလူမျိုးစုအုပ်စုများအကြား တင်းမာမှုများ ရှိကြောင်းကိုလည်း ဒေသခံများက သိရှိထားကြသည်။ ဤအချက်ကို ၎င်းတို့ပြည်နယ်အတွင်း ဖြစ်ပွားသော စိုးရိမ်စရာအချက်အဖြစ် ဖော်ပြပြောဆိုကြသည်။

# နားထောင်ခြင်းရလဒ်များမှ ကွဲပြားချက်များ - ၂၀၁၅ မှ ၂၀၁၆ ခုနှစ်

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့အတွင်း လေ့လာတွေ့ရှိချက်များထဲမှ အဓိက ကွဲပြားချက်သည် ပဋိပက္ခက ၎င်းတို့ဘဝများအပေး မည်သို့ ရိုက်ခတ်နေသည့်အကြောင်း ဒေသခံများ၏ ပြောပြချက်ပင် ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ဒေသခံများသည် အကြမ်းဖက် ပဋိပက္ခက ၎င်းတို့ နေ့စဉ်ဘဝရပ်တည်ရေးအပေါ် သက်ရောက်မှု၊ စိတ်ပိုင်းဆိုင်ရာ အကြီးအကျယ်ထိခိုက်ရမှုများနှင့် ၎င်းတို့၏ စိုးရိမ်ကြောက်ရွံ့မှုများကို အလေးထား ပြောဆို ခဲ့သည်။ ယခု ပြုလုပ်ခဲ့သော နားထောင်ခြင်းစကားဝိုင်းများတွင် အချို့က စစ်တပ်နေရာချထားမှုများ၏ သက်ရောက်မှုနှင့် ယခင်က အတင်းအဓမ္မစေခိုင်းမှု သို့မဟုတ် ပေါ်တာ လိုက်ပေးရသည့် အတွေ့အကြုံများကို ပြောဆိုကြသော်လည်း အများစုက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စတင်ကတည်းက ကြုံရသော အကောင်းဘက်သို့ အပြောင်းအလဲများကိုလည်း ထည့်သွင်း ပြောဆိုကြသည်။

စိန်ခေါ်မှုများအကြောင်း ဆွေးနွေးရာတွင် ဒေသခံများက ၎င်းတို့ဘဝရပ်တည်ရေးအတွက် အစိုးရထံမှ အကူအညီ နှင့် ဖွံ့ဖြိုးရေးဆိုင်ရာအထောက်အပံ့များ မရှိခြင်းကြောင့် ရင်ဆိုင်ရသော အခက်အခဲများအကြောင်းပိုမို ပြောဆိုကြသည်။ ၎င်းတို့ဒေသများအတွင်းလက်နက်ကိုင်အဖွဲ့များ (တပ်မတော် နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ) ရှိနေခြင်းကြောင့် စိုးရိမ်ကြောင့်ကြမှုများ ဆက်လက်ဖြစ်ပေါ်နေရဆဲ ဖြစ်သည်ဟု ဒေသခံ အချို့က ပြောပြသည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် နှစ်နှစ်စလုံးတွင် ပြုလုပ်သော နားထောင်ခြင်းစကားဝိုင်းစီမံကိန်းတွင် သဘာဝပတ် ဝန်းကျင်ပျက်စီးရမှုသည် အဓိက အကြောင်းအရာတစ်ခု အဖြစ် ပေါ်ထွက်လာခဲ့ သော်လည်း ထိုနှစ်နှစ်အတွင်း အဓိက ကွာခြားချက်မှာ ၎င်းတို့ဆွေးနွေးသည့် သဘာဝပတ်ဝန်း ကျင်ပျက်စီးမှုဆိုင်ရာ ပုံသဏ္ဍာန်များအပေါ် မူတည်သည်။ ၂၀၁၅ ခုနှစ်က ဒေသခံများက သဘာဝပတ်ဝန်းကျင် ပျက်စီးရမှုသည် သတ္တုတွင်း တူးဖော်သည့် လုပ်ငန်းများ၊ ရေအား လျှပ်စစ်တည်ဆောက်ရေး စီမံကိန်းများနှင့် ဟိုတယ်ဇုန်များ တည်ဆောက် ခြင်းကြောင့် ဖြစ်ပေါ် လာရသည်ဟု ဆိုကြသည်။ ၂၀၁၆ ခုနှစ်၏ အဓိက စိုးရိမ်ချက်က သစ်တောပြုန်းတီးမှု ပြဿနာ ကျယ်ပြန့် လာခြင်း ဖြစ်သည်။ ထိုသို့ပြောင်းလာခြင်းမှာ နားထောင်ခြင်းစကားဝိုင်းများ ပြုလုပ်ရာ မြို့နယ်များ ပြောင်းလာ သည့်အတွက်ကြောင့်လည်း ဖြစ်နိုင်သည်။ ယခုနှစ်နားထောင်ခြင်း စကားဝိုင်းမှ နောက်ထပ်တွေ့ရသော အဓိက ကွဲပြားချက်တစ်ခုမှာ ဒေသခံအများအပြားက သစ်ထုတ်လုပ်ရေးကုမ္ပဏီများ၏ သစ်တောခုတ်ထွင်ခြင်းအပြင် သစ်တောပြုန်းတီးမှု ပိုမိုဖြစ်ရခြင်းတွင် ၎င်းတို့၏ အမူအကျင့်များကြောင့်လည်း ပါသည်ကို သတိပြုမိကြသည်ဟု

ဆိုသည်။ ခက်ခဲသော စီးပွားရေးအခြေအနေ၊ အရင်းအမြစ်နည်းပါးမှုနှင့် လျှပ်စစ်ဓါတ်အား မရခြင်းတို့ကြောင့် ၎င်းတို့အနေဖြင့် အစားအစာချက်ပြုတ်ရေးအတွက် မီးသွေးလိုအပ်ချက်ရှိသဖြင့် သစ်ပင်များခုတ်လှဲပြီး မီးသွေးဖုတ်ခြင်းမှတပါး တခြားအခွင့်အရေးမရှိဟု ဒေသခံများက ဆိုသည်။ ရေကာတာစီမံကိန်းများ တဝိုက်ရှိ ဒေသခံများကမူ ၎င်းတို့၏ လယ်ယာမြေများ ဆုံးရှုံးရပြီးနောက် စိုက်ပျိုးမြေ ဖော်ထုတ်ရန် သစ်တောများ ခုတ်ထွင် ရှင်းလင်းခြင်းမှတပါး အခြားရွေးချယ်စရာမရှိဟု ဆိုကြသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြားအရေးတကြီးစိုးရိမ်ချက်တစ်ခုမှာ ကုန်ခဲ့သော နွေရာသီအတွင်း ရေရှားပါးမှု ဖြစ်သည်။ ဒေသကြီးတချို့တွင် မိုးခေါင်ခဲ့သည်။ ရေကန်ကြီးများ၊ ရေကန်ငယ်များနှင့် စမ်းရေများ စသော မူလသဘာဝ ရေအရင်းအမြစ်များ ခမ်းခြောက်ခဲ့သည်။ အထက် ပေါင်းလောင်း ရေကာတာအနီးရှိ ဒေသခံများ လည်း ရေရှားပါးမှုနှင့် ကြုံရသည်။ အဘယ်ကြောင့်ဆိုသော် ရေကာတာက ၎င်းတို့၏ရေအရင်းအမြစ်ကို ညစ်ညမ်း စေခဲ့သည့်အတွက်ကြောင့်ဟု ဆိုသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်လာရသော အကြမ်းဖက်မှုများ အများအပြားရှိကြောင်း ပြောဆိုခဲ့သည့် ၂၀၁၅ ခုနှစ်ထက် ယခုနှစ်တွင် ၎င်းပြဿနာသည် ပိုမို ကြီးမားလာသော စိန်ခေါ်မှု တခု ဖြစ်သည်။ ဒေသခံများအနေဖြင့် ထိုပြဿနာကြောင့် ဒုက္ခရောက်နေကြရသည်ဟု နားထောင်သူများက အစီရင်ခံတင်ပြကြသည်။ တရားမဝင် မူးယစ်ဆေးဝါးများ ဈေးပေါပေါနှင့် လွယ်လင့်တကူ ရရှိမှုနှင့် အလုပ်လက်မဲ့များရခြင်းသည် မူးယစ်ဆေးစွဲမှု အထူးသဖြင့် လူငယ်များအကြား မြင့်တက်လာသောကြောင့် ဒေသခံ အသိုင်းအဝိုင်းများ စိုးရိမ်ပူပန်ကြသည်။

# ကယားပြည်နယ်

*ကျနော်တို့ တောင်းဆိုချင်တာက အစိုးရနှင့် လက်နက်ကိုင်တပ်ဖွဲ့တွေက လူ့အခွင့်အရေး၊ တန်းတူညီမျှမှု၊ လွတ်လပ်စွာ သွားလာခွင့်နှင့် ခရီးသွားလာခြင်း အပေါ် ကန့်သတ်ချက်များ ဖယ်ရှားပေးရန် စတဲ့ အကြောင်း အရာတွေကို ဆွေးနွေးစေချင်တယ်။ ကျနော်တို့ ကြောက်ရွံ့မှု ကင်းကင်းနဲ့ နေချင်တယ်။ ကြောက်ရွံ့မှုမရှိဘဲ အလုပ်လုပ်ချင်တယ်။ ပြီးတော့ ငြိမ်းချမ်းရေး ဖြစ်စဉ်တခု ကိုလည်း ဖြစ်စေချင်တယ်။ ကျနော်တို့ လိုချင်တာက တွေ့ဆုံဆွေးနွေးရေး စကားဝိုင်းမှာ သူတို့ ဒီအကြောင်းအရာတွေကို ဆွေးနွေးစေချင်တယ်။ အပစ်အခတ် ရပ်စဲရေးက အရေးအကြီးဆုံး အချက်တခုဖြစ်တယ်။*

- ဒီမောဆိုမြို့နယ်မှ အမျိုးသား တစ်ဦး

၂၀၁၆ ခုနှစ် မတ်လမှ ဧပြီလအထိ နားထောင်သူနှစ်ဦးစီပါဝင်သော နားထောင်သည့်အဖွဲ့ ၅ ဖွဲ့သည် ဘော်လခဲ၊ ရွာသစ်၊ ရှားတော၊ မယ်စယ်၊ ဒီမောဆိုနှင့် ဖရူဆိုမြို့နယ်များရှိ ကျေးရွာများသို့ သွားရောက်ခဲ့သည်။ အမျိုးသား လေးဦးနှင့် အမျိုးသမီး ၆ ဦးပါဝင်သော နားထောင်သူ ၁၀ ဦးသည် ပါဝင်ဖြေဆိုသူ ၂၅၆ ဦးနှင့် စကားဝိုင်းပေါင်း ၄၂ ခုကို ပြုလုပ်ခဲ့သည်။ ထိုပါဝင် ဖြေဆိုသူများသည် ကယား၊ ကယန်း၊ ရှမ်း၊ ကရင်၊ ကယော၊ ဗမာ၊ လီဆူး၊ မနော၊ ရှမ်းယင်းတလဲ၊ အင်းသား နှင့် ကချင် တိုင်းရင်းသားလူမျိုးစု အုပ်စုများမှ ဖြစ်ကြသည်။

| ဇယား (၈) အဓိကအကြောင်းအရာများ | |
|---|---|
| ၁။ | ဒေသခံများအနေဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်၏ ကောင်းကျိုးများဖြစ်သော ရန်လိုတိုက်ခိုက်မှု များ ရပ်တန့်သွားခြင်း၊ လွတ်လပ်စွာ သွားလာခွင့် ပိုမိုရရှိလာခြင်းနှင့် လမ်းပန်းအဆောက်အအုံ ကောင်းလာခြင်း စသော အသေးစား ဖွံ့ဖြိုးတိုးတက်မှုများ ရှိလာသည်ကို သတိပြုမိကြသည်။ |
| ၂။ | ၎င်းတို့ဒေသများအတွင်း စစ်တပ် လှုပ်ရှားမှုရှိသည့်အတွက် ကြောက်ရွံ့နေကြသည်။ ထိုလှုပ်ရှားမှုများက လုံခြုံရေး ဆိုင်ရာ ခြိမ်းခြောက်မှု တစ်ခု ဖြစ်လာနိုင်သည်ဟု ဒေသခံတို့ ယူဆသည်။ |
| ၃။ | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်လိမ့်မည်ဟူသော ယုံကြည်ချက် ၎င်းတို့တွင် မရှိသေးချေ။ ယခင်ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်များ ပျက်ပြယ်ခဲ့သည့်အတွက် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား ပဋိပက္ခများ ထပ်မံဖြစ်ပွားလာနိုင်ကောင်း ဖြစ်ပွားလာနိုင်သည်ဟု ဒေသခံများ ကြောက်ရွံ့စိုးရိမ်နေကြသည်။ ဒေသခံများက ရေရှည်တည်တံ့သောငြိမ်းချမ်းရေး ရရှိစေချင်ကြောင်း ၎င်းတို့ဆန္ဒကို ထုတ်ဖော်ကြသည်။ |
| ၄။ | ဒေသခံများက ၎င်းတို့ပြည်နယ်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို အပစ်အခတ်ရပ်စဲရေးသဘော တူညီမှု တစ်ခု လက်မှတ် ထိုးစေချင်ကြသည် ဟုဆိုသည်။ |
| ၅။ | ဒေသခံများက ကယားပြည်နယ်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ညီညွတ်ကြရန် လိုအပ်သည် ဟု ဆိုကြသည်။ အဖွဲ့များအားလုံး တဖွဲ့နှင့် တဖွဲ့ ငြိမ်းငြိမ်းချမ်းချမ်းရှိပါက ထိုငြိမ်းချမ်းမှုသည် တတိုင်းပြည်လုံးသို့ ဖြန့်ကျက်သွားလိမ့်မည်ဟု ယုံကြည်ကြသည်။ |
| ၆။ | မကြာသေးခင်ကပင် ၎င်းတို့သီးနှံများ ပျက်စီးခဲ့ရသည့် သဘာဝဘေးအန္တရာယ် ကြုံခဲ့ရသောကြောင့် အစားအစာလုံခြုံမှုအတွက် စိုးရိမ်နေရသည်ဟု ဒေသခံများက ဖွင့်ဟ ပြောဆိုကြသည်။ |
| ၇။ | ၂၀၁၂ ခုနှစ် နောက်ပိုင်းကတည်းက အခြေခံလူမှုအဆောက်အအုံများဖြစ်သော လမ်းများ၊ ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးများ ပိုကောင်းလာကြောင်း ဒေသခံ အသိုင်းအဝိုင်းတို့က ဆိုကြသည်။ လွတ်လပ်စွာ သွားလာခွင့်ရှိလာခြင်းကြောင့်လည်း ၎င်းတို့ တောင်ယာများထံ ပိုမိုသွားလာနိုင်သည်ဟုလည်း ဆိုကြသည်။ |

| ဇယား (၈) အဓိကအကြောင်းအရာများ | |
|---|---|
| ၈။ | အုပ်ချုပ်မှု ပုံစံအပြောင်းအလဲက ၎င်းတို့၏ ရိုးရာဓလေ့အုပ်ချုပ်မှုစနစ်များအပေါ် သက်ရောက်လိမ့်မည်လား ဟူသည့် စိုးရိမ်ချက်ရှိကြောင်း ဒေသခံများက ထုတ်ဖော်ပြောဆိုကြသည်။ |
| ၉။ | ဒေသခံအသိုင်းအဝိုင်းများက ၎င်းတို့ကျေးရွာများထံ အစိုးရအရာရှိများ လာရောက်လည်ပတ်ခြင်းဖြင့် အရပ်သားအစိုးရသစ်အနေဖြင့် ၎င်းတို့နှင့် နီးကပ်သောဆက်ဆံရေးတစ်ရပ် မြှင့်တင်ရန် မျှော်လင့်ကြသည်။ |
| ၁၀။ | ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ အထောက်အပံ့တွင် (ဆရာဝန်၊ သူနာပြု စသည့်ကဲ့သို့သော) လူသားအရင်း အမြစ်နှင့် (ဆေးဝါး ကဲ့သို့သော) အထောက်အပံ့များကို အစိုးရမှထောက်ပံ့ပေးရန်လိုအပ်သည်ဟု ဆိုကြသည်။ |
| ၁၁။ | အစိုးရအနေဖြင့် ဒုက္ခသည်များ ပြန်လာသည့်အပေါ် တားဆီးမှုများ မလုပ်ရန် ဒေသခံများက တောင်းဆို သည်။ ထိုဒုက္ခသည်များ နေရပ်ပြန်လာနိုင်ရေးအတွက် အကူအညီများပေးရန်ကိုလည်း အစိုးရထံ တောင်းဆိုသည်။ |
| ၁၂။ | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နေသော အဖွဲ့များက ဒေသခံများ၏ စိုးရိမ်ပူပန်မှုများအပေါ် ပိုမိုအလေး ထားရန်ကိုလည်း ၎င်းတို့ မျှော်လင့်သည်။ |
| ၁၃။ | ၎င်းတို့ထံမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက အခွန်ကောက်ခံမှုများအပေါ် မကျေနပ်ချက်များကို လည်း ဒေသခံများက ဖွင့်ဟပြောဆိုကြသည်။ |
| ၁၄။ | ဒေသတခုတည်းမှာပင် မတူကွဲပြားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ က စည်းကမ်းသတ်မှတ်ချက် အမျိုးမျိုး ချမှတ်ခြင်းကြောင့် ဒေသခံများအနေဖြင့် မည်သည့် စည်းကမ်း သတ်မှတ်ချက်ကို လိုက်နာရမည်နည်း ဆိုသည့်အပေါ် ရှုပ်ထွေးမှုများဖြစ်ရသည်ဟု ဆိုသည်။ ထိုမတူကွဲပြားသော လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ရာ ဒေသများ ကြားတွင် နယ်မြေပိုင်းခြားမှု ရှင်းရှင်းလင်းလင်း ရှိနေစေရန် မျှော်လင့်ကြသည်။ |
| ၁၅။ | ကယားပြည်နယ်၏ ရေအားလျှပ်စစ်ဓါတ်ပေးရေကာတာများမှ လျှပ်စစ်ဓါတ်အား များ ထုတ်လုပ်နေသော် လည်း ကယားပြည်နယ်သားများမှာမူ လျှပ်စစ်မီးမရဘဲ နေနေကြရသည်ဟု ဒေသခံများကဆိုသည်။ |

| ဇယား (၈) အဓိကအကြောင်းအရာများ | |
|---|---|
| ၁၆။ | နှစ်ဘက်အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်း၊ အထူးသဖြင့် လူငယ် များအကြား မူးယစ်ဆေးစွဲမှု နှင့် မူးယစ်ဆေးဝါးကုန်ကူးမှု မြင့်တက်လာသည်ဟု ဒေသခံများက သတိပြုမိ ကြသည်။ မူးယစ်ဆေးဝါးဆိုင်ရာ ပညာပေးရေးလှုပ်ရှားမှုများနှင့် သင်တန်းများလိုအပ်ကြောင်း ဒေသခံအသိုင်းအဝိုင်းများက ပြောဆိုကြသည်။ |
| ၁၇။ | အလုပ်အကိုင်ရှားပါးမှုကြောင့် စိုးရိမ်ပူပန်နေရသည်ဟု ဒေသခံများက ပြောဆိုပြီး ထိုအတွက် အစိုးရက အဖြေရှာပေးရန် လည်း တောင်းဆိုကြသည်။ အစိုးရက အခြေခံအဆောက်အအုံတည်ဆောက်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ရန်ကုန်မြို့မှ ခေါ်ယူလာသော အလုပ်သမားများအား အသုံးပြုခြင်းထက် ဒေသခံများ၏ လုပ်အားကို အသုံးပြုရန် မျှော်လင့်သည်။ |
| ၁၈။ | သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ပျက်စီးဆုံးရှုံးရမှုမှ ကာကွယ်တားဆီးရန်အတွက် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ပူးပေါင်းဆောင်ရွက်ရန် ဒေသခံများက မျှော်လင့်သည်။ |
| ၁၉။ | ဒေသခံများက တန်းတူညီမျှမှု ရှိစေချင်သည်ဟု ဖော်ပြကြသည်။ ဘာသာရေး သို့မဟုတ် လူမျိုးရေး အခြေခံသော ခွဲခြား ဆက်ဆံမှုများ မကြုံတွေ့လိုကြချေ။ |
| ၂၀။ | ကယားပြည်နယ်တွင် စာသင်ကျောင်းများ ရှိသော်လည်း၊ ကျောင်းအတွက် လိုအပ်သော ကျောင်းသုံး ပစ္စည်းများနှင့် လူသားအရင်းအမြစ် နည်းပါးသည်ဟု ဒေသခံအသိုင်းအဝိုင်းတို့က ပြောဆိုကြသည်။ |

## ဇယား (၉) ကယားပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ

၁။ **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သင် ဘယ်လို ထင်မြင် ခံစားရပါသလဲ။**

- ဒေသခံများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ယုံကြည်မှုနှင့် နားလည်မှုအပေါ် အခြေခံသော ခိုင်မာသည့် အခြေခံအုတ်မြစ်တစ်ခု ရှိသင့်သည်ဟု ယူဆကြသည်။ ဒေသခံများက ငြိမ်းချမ်းရေးသည် စစ်မှန်ရန် လိုအပ်ပြီး ပဋိပက္ခဖြစ်နေသော အဖွဲ့များအနေဖြင့်လည်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ အပေါ် လိုက်နာရန် လိုသည်ဟု ဆိုကြသည်။

၂။ **ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် သင်ပါဝင်ခဲ့ရပါက မည်သည့်အကြောင်းအရာမျိုး ပြောဆို ဆွေးနွေးမည်နည်း။**

- ဆွေးနွေးပွဲတွင် ပြည်တွင်းအိုးအိမ်မဲ့ရွှေ့ပြောင်းနေရသူများနှင့် ဒုက္ခသည်များ အရေးကို အဓိထား ထည့်သွင်းဆွေးနွေးချင်သည်ဟု ဒေသခံများက ဆိုသည်။
- လူ့အခွင့်အရေးအကြောင်းလည်း ထည့်သွင်းပြောဆိုချင်သည်။ ထိုအထဲတွင် နိုင်ငံသား အခွင့်အရေးနှင့် အမျိုးသမီးများ၏အခွင့်အရေးတို့အပေါ် အဓိကထားမည်။
- ပါဝင်ဆွေးနွေးသူများအနေဖြင့် မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်လာသော ချိုးဖောက်မှုကိစ္စရပ် များကို အဓိက ထား ဖြေရှင်းရန်၊ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းနှင့် မူးယစ်ဆေးဝါးကြောင့်ဖြစ်ရ သော ချိုးဖောက်မှုများ ဖော်ပြသည့် လှုပ်ရှားမှုများကို ထိထိရောက်ရောက် အကောင်အထည် ဖော်ပေးရန် မျှော်လင့်ကြသည်။
- ဆုံးဖြတ်ချက်ချသူများအနေဖြင့် လူတိုင်းသင်ယူနိုင်သော ပညာရေးတရပ် ဆောင်ရွက်ပေးရန် မျှော်လင့်ကြ သည်။ ပြည်နယ်ကျောင်းများတွင် ဆရာ၊ ဆရာမ အရေအတွက် တိုးမြှင့်ပေးရန်နှင့် ပညာရေး အဆင့်အတန်း မြှင့်တင်ပေးရန် တောင်းဆိုကြသည်။
- ၎င်းတို့ ပြည်နယ်တွင် လျှပ်စစ်မီးကို ဈေးနှုန်းသက်သာစွာဖြင့် အမြဲမပြတ် ရချင်ကြသည်။

၃။ **သင့်တဦးတည်းအမြင်အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိက ပါဝင်သင့်သည့် အကြောင်းအရာများက ဘာများ ဖြစ်မည်နည်း။**

- ဒေသတွင်းလှုပ်ရှားနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါင်းစည်းပြီး ပြန်လည် သင့်မြတ်ရန် လိုကြောင်း ဒေသခံများက ပြောဆိုသည်။

| ဇယား (၉) | ကယားပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ |
| --- | --- |
| | • ဆုံးဖြတ်ချက်ချမှတ်သူများအနေဖြင့် ၎င်းတို့ သဘောထားများနှင့် တောင်းဆိုချက်များကို နားထောင်ရန် တောင်းဆို ကြသည်။<br>• အောင်မြင်သော အမျိုးသားအဆင့် အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်တရပ် ရစေချင်ကြသည်။ |
| ၄။ | **အောင်မြင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တခုမှ သင်ဘာတွေကို မျှော်လင့်လဲ။**<br>• လွတ်လပ်စွာ သွားလာခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့် တို့အပြင် လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး များ ပိုမိုရရှိရန် အသိုင်းအဝိုင်းများက မျှော်လင့်ကြသည်။<br>• စစ်တပ်အသုံးစရိတ် လျော့ချပြီး လူမှုအသိုင်းအဝိုင်းအတွက် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများအား ထောက်ပံ့ပေးမည့် ရံပုံငွေများ ရရှိရန် ၎င်းတို့ မျှော်လင့်ကြသည်။ |
| ၅။ | **ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စတင်ကတည်းက မည်သည့်အရာများ ပြောင်းလဲလာခဲ့သနည်း။**<br>• လမ်းပန်းပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ပညာရေးနှင့် လူမှုဘဝအဆင့်အတန်းများ အနည်းငယ် တိုးတက်မှု ရှိလာသည်ဟု ဒေသခံများက ညွှန်းဆိုကြသည်။<br>• လွတ်လပ်စွာ သွားလာခွင့်နှင့် လုံခြုံရေးရာတွင် အကောင်းဘက် ပြောင်းလဲတိုးတက်မှုများ ရှိသည်ဟု ဆိုကြသည်။<br>• မူးယစ်ဆေးဝါးနှင့်ဆက်စပ်သော ချိုးဖောက်မှုများနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်များ ပိုမို များပြားလာသည်ကို ဒေသခံများ ထည့်သွင်းပြောဆိုကြသည်။<br>• စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ စစ်ဆေးရေးဂိတ်များ ပိုများလာသည်ကို မြင်တွေ့ရသည်ဟု ဆိုကြသည်။ |
| ၆။ | **လက်ရှိ သင် စိုးရိမ် ပူပန်သောအကြောင်းအရာတစ်ခုက ဘာဖြစ်မလဲ။**<br>• ပဋိပက္ခများ ပြန်လည်ဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြသည်ဟု ဒေသခံများက ဆိုသည်။<br>• မူးယစ်ဆေးကြောင့် ဖြစ်ပေါ်လာရသော ချိုးဖောက်မှုများ၊ မူးယစ်ဆေး ထုတ်လုပ်ခြင်းနှင့် လူငယ်များအပေါ် မူးယစ်ဆေးဝါး၏ သက်ရောက်မှုများကို ၎င်းတို့ စိုးရိမ်ကြသည်။ |

**ဇယား (၉) ကယားပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ**

| | |
|---|---|
| | • အစိုးရအပြောင်းအလဲ၊ အစိုးရ၏ ခေါင်းဆောင်မှုပုံစံနှင့် အစိုးရက ဒေသခံများ အပေါ် မည်သို့ အကူအညီပေးမည်လဲ ဆိုသည့်အချက်များအပေါ် စိုးရိမ်ကြ သည်ဟု ၎င်းတို့ ဖော်ပြကြသည်။<br>• မကြာခင်က ကြုံတွေ့ခဲ့ရသော မိုးခေါင်ရေရှားမှုအပေါ် စိုးရိမ်ပူပန်နေရသည်ဟု ဒေသခံများက ဖော်ပြကြသည်။<br>• လူငယ်များ နည်းပညာနှင့် လူမှုကွန်ယက်များ စွဲစွဲလန်းလန်း သုံးစွဲလာမှုအပေါ် စိုးရိမ်ကြသည်ဟု ဒေသခံများကဆိုသည်။ |
| ၇။ | **သင့် ရပ်ကွက်၊ ကျေးရွာတွင် မည်သို့သော ပြောင်းလဲမှု မြင်တွေ့လိုသနည်း။**<br>• ၎င်းတို့ကျေးရွာများတွင် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်ရရှိလိုကြသည်။<br>• အစားအစာလုံခြုံမှုနှင့် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလိုကြသည်။<br>• အရည်အသွေးမီ လက်လှမ်းမီပညာရေးရရှိခြင်းက အနာဂတ်မျိုးဆက်သစ် အတွက် ပိုမိုကောင်းမွန်မည်ဟု မျှော်လင့်ကြသည်။<br>• တိုက်ခိုက်မှုများအားလုံး ရပ်တန့်သွားရန် ၎င်းတို့ မျှော်လင့်လျက်ရှိကြောင်း ဆိုသည်။ |
| ၈။ | **သင့်အသိုင်းအဝိုင်းတွင် အပြောင်းအလဲများ ရရှိစေရန် မည်သည့်အကူအညီများ ရှိနေရန် လိုအပ်သနည်း**<br>• အပြောင်းအလဲများ ဖြစ်ပေါ်စေရန်အတွက် အာဏာလက်ဝယ်ရှိသူများက ဒေသခံများ၏ သဘောထားများ နားထောင်ရန် လိုအပ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆိုင်ရာ အစီအစဉ်များ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများတွင် ဒေသခံများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရန်မှာ အရေးကြီးသည်ဟု ၎င်းတို့ ခံစားမိသည်။<br>• လူငယ်များအား သင့်တင့်စွာ ပညာသင်ကြားပေးနိုင်မှသာ ထို ရည်မှန်းချက်ပန်း တိုင် အောင်မြင်နိုင်လိမ့်မည် ဖြစ်ကြောင်း ဒေသခံများက ပြောဆိုကြသည်။<br>• နိုင်ငံရေးဆွေးနွေးပွဲများတွင် ဒေသခံအသိုင်းအဝိုင်းများ ပါဝင်မှုကို ဖြည့်သွင်း ဆောင်ရွက်ရန် လိုအပ်သည်ဟု ဒေသခံများက ဖော်ပြကြသည်။ |

**ဇယား (၉) ကယားပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ**

၉။ **သင့်အသိုင်းအဝိုင်းတွင် ပြောင်းလဲမှုများ အောင်မြင်စေရန် သင်မည်ကဲ့သို့ ပါဝင်ဆောင်ရွက်နိုင်မည်နည်း။**

- ပြည်နယ်အတွင်း အခြားသော သက်ဆိုင်ရာဒေသခံများ နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့ ကူညီနိုင်သည်ဟု ဒေသခံများက ဖော်ပြကြသည်။
- လူငယ်များ ပညာကောင်းကောင်း သင်ယူနိုင်စေရန် ထောက်ပံ့ပေးခြင်းဖြင့် ၎င်းတို့ ပါဝင်ကူညီနိုင်သည်ဟု ဒေသခံများက ဆိုကြသည်။

၁၀။ **သင့် ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် သင့်ပြည်နယ်တွင် လက်ရှိ ရင်ဆိုင်နေရသော အကြီးမားဆုံး ပြဿနာက ဘာလဲ။**

- စိန်ခေါ်မှု အကြီးဆုံးမှာ ၎င်းတို့ဝယ်ယူရသော အခြေခံစားသောက်ကုန်များ၏ မြင့်တက်နေသော ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ၎င်းတို့၏ စိုက်ပျိုးထွက်ကုန်များ ရောင်းချနိုင်သည့် တန်ဖိုးအလွန်နည်းပါးသည်ဟု ဒေသခံအသိုင်းအဝိုင်းများက ဖော်ပြကြသည်။
- ၎င်းတို့လက်လှမ်းမီသောနေရာ အနီးဝန်းကျင်၌ ဈေးကွက်မရှိခြင်းသည် ၎င်းတို့အတွက် ဝန်ထုတ်ဝန်ပိုး တခု ဖြစ်ရသည်ဟု ဆိုကြသည်။ ၎င်းတို့ဒေသအတွင်းတွင် ဈေးကွက်များ မရှိခြင်းကြောင့် ၎င်းတို့ ထွက်ကုန်များ ရောင်းချနိုင်ရန် လွိုင်ကော်မြို့သို့သွားရသည့် ခရီးစရိတ်ပါ ကုန်ကျနေရသည်။
- ၎င်းတို့၏ အနည်းငယ်မျှသော ဝင်ငွေသည် စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံ အခွန်အခ အမျိုးမျိုး ပေးဆောင်နေရခြင်းကြောင့် ပိုမိုလျော့နည်းလာသည်ဟု ဒေသခံ အသိုင်းအဝိုင်းများက ဖော်ပြကြသည်။

၁၁။ **ထိုစိန်ခေါ်မှုများ ကျော်လွှားနိုင်ရန် သင်မည်ကဲ့သို့ ကူညီနိုင်မည်နည်း။**

- အစိုးရ၏ ငြိမ်းချမ်းရေးအပေါ် အလေးအနက်ဆောင်ရွက်ခြင်းက အစပြုရမည်ဟု ဒေသခံများက ဖော်ပြကြသည်။
- တတိုင်းပြည်လုံး ညီညွတ်ကြပြီး တစ်ဦးကို တစ်ဦးကူညီကြလျှင် တိုင်းရင်းသားဖြစ်မှုနှင့် ကိုးကွယ်ရာဘာသာတရား ကွဲပြားမှုအခြေခံသော ခွဲခြား ဆက်ဆံမှုများ ခံစားရတော့မည် မဟုတ်ဟု ဒေသခံများက ဆိုကြသည်။

# နားထောင်ခြင်းရလဒ်များမှ တူညီမှုများ - ၂၀၁၅ မှ ၂၀၁၆ ခုနှစ်

၂၀၁၅ ခုနှစ်က တွေ့ရှိချက်များအား ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ဆင်ဆင်တူ အကြောင်းအရာများ ပေါ်ထွက်လာသည်။ ပထမတခုမှာ အခြေခံလူမှုအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကို မြင်ချင်ကြသည့် ဆန္ဒနှင့် ပတ်သက်သော အကြောင်းအရာ ဖြစ်သည်။ စွမ်းအင်ထုတ်လုပ်သောပြည်နယ်တစ်ခုတွင် နေထိုင်နေသော်ငြား ဒေသခံများသည် လျှပ်စစ်မီးရရှိမှု မရှိသည့် စိန်ခေါ်ချက်နှင့် ရင်ဆိုင်နေရဆဲ ဖြစ်သည်။ လောပိတ ရေအား လျှပ်စစ်စီမံကိန်းက လျှပ်စစ်ဓါတ်အား လုံလုံလောက်လောက် ထုတ်ပေးသော်လည်း အများစုကို ရန်ကုန်နှင့် မြန်မာပြည်အခြားဒေသများသို့ ပို့လွှတ်ကြသည်။ ထို့ကြောင့် ကယားပြည်နယ်ရှိ မြို့နယ်များတွင် လျှပ်စစ်မီးတိုင်နှင့် မီးကြိုးများ ရှိသော်လည်း လျှပ်စစ်မီး မရှိ ဖြစ်ကြရသည်။ လျှပ်စစ်မီးထုတ်သည့် ဂျင်နရေတာ မီးစက်များ လည်ပတ်နိုင်ရန် ငွေကြေးအမြောက်အများပေးနေရသော်လည်း လျှပ်စစ်မီးကို လုံလုံလောက်လောက် မရရှိသေးပေ။

၂၀၁၅ ခုနှစ်ကကဲ့သို့ပင် ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည်လည်း ၂၀၁၆ ခုနှစ်တွင် လူမှုအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များပြည့်မှီရန် မလုံမလောက် ရှိနေဆဲ ဖြစ်သည်။ ကျေးလက်ဒေသများနှင့် မြို့ပြဒေသများအား နှိုင်းယှဉ်ပါက ကျန်းမာရေး စောင့်ရှောက်မှုဝန်ဆောင်မှုဆိုင်ရာ ကွာဟမှုများ ကြီးမားနေဆဲ ဖြစ်သည်ဟု ဒေသခံများ က ယူဆကြသည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် နားထောင်ခြင်းစကားဝိုင်း နှစ်ခုစလုံးတွင် ဒေသခံအသိုင်းအဝိုင်းများက ပိုမို ကောင်းမွန်သော ပညာရေးဝန်ဆောင်မှုများ ရရှိလိုကြကြောင်း အခိုင်အမာ ဖော်ပြကြသည်။ တရားဝင် ကိန်းဂဏန်းများအရ ကယားပြည်နယ် သည် မြန်မာပြည်တွင် အစိုးရစာသင်ကျောင်းအရေအတွက် အနည်းဆုံး ပြည်နယ် ဖြစ်သည်။ ဤသည်က ကျွမ်းကျင်ဆရာ၊ ဆရာမများ မလုံလောက်မှုကြောင့် ပိုမိုဆိုးရွားစေသည်။ ဆရာနည်းပါးရခြင်းမှာ အစိုးရကျောင်းများတွင် ပေးသော လစာငွေမှာ မစို့ပပို့သာ ရှိသောကြောင့် ဖြစ်နိုင်သည်။ ထိုအခြေအနေများက ပညာရေးဆိုင်ရာအဆောက်အအုံများ ရရှိရေးအတွက်လည်း စိန်ခေါ်ချက်တစ်ရပ် ဖြစ်စေသည်။ ရလဒ်အဖြစ် ကလေးများသည် မြန်မာစာသင်ကြားသော ကျောင်းများ တက်ရောက်နိုင်ရန် တခြား ကျေးရွာများသို့ သွားရောက် သင်ကြားရခြင်း ဖြစ်သည်။ မြန်မာဘာသာစကားနှင့် မရင်းနှီးသော ထိုကျောင်းသားများအတွက် ဘာသာစကားအခက်အခဲက နောက်ထပ် စိန်ခေါ်မှု တစ်ခုဖြစ်သည်။

၂၀၁၆ ခုနှစ်က ပြုလုပ်ခဲ့သော နားထောင်မှုများတွင် ဒေသခံအသိုင်းအဝိုင်းများက နိမ့်ကျနေသော ပညာရေး အဆင့်အတန်းကို ဖြေရှင်းသည့်အနေဖြင့် ၎င်းတို့ ကလေးများအား ကျောင်းချိန်ပြင်ပြ လက်တွေ့သင်တန်းများသို့ ပို့ရသည်ဟု ရှင်းပြသည်။ သို့သော်လည်း ကလေးများမှာ စာကို အချိန်အများအပြား သင်ယူနေရသဖြင့် ကျောင်းချိန်ပြင်ပ သင်တန်းများသည် ကလေးများအတွက် ဝန်ပိစေသည်။ ကျူရှင်အတွက် ပိုက်ဆံပိုသုံးရသည့် အတွက် ကျောင်းချိန်ပြင်ပ ကျူရှင်ဖိုးများ ကလည်း မိဘများအတွက် ထပ်ဆောင်းဝန်ထုတ်ဝန်ပိုးပင် ဖြစ်သည်။ ပညာရေးနှင့် ပတ်သက်သော လေ့လာတွေ့ရှိချက်တစ်ခုမှာ အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ တန်းတူ ပညာရေးအခွင့် အလမ်း မရခြင်း ဖြစ်သည်။ ရလဒ်အနေဖြင့် အမျိုးသမီးများသည် အလုပ်အကိုင်အခွင့်အလမ်း ရရန်မှာ အကန့်အသတ်ဖြင့်သာ ရှိသည်။

အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းက ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ၂၀၁၆ ခုနှစ် လေ့လာ တွေ့ရှိချက်များအရ အထက်တန်းပညာအဆင့် သင်ယူထားသူများပင် အလုပ်မရနိုင် ဖြစ်နေကြရသည်။ ဒေသခံ အသိုင်းအဝိုင်းများက ကုန်ဈေးနှုန်းကြီးမြင့်မှု၊ လုပ်ခလစာနည်းမှုနှင့် ၎င်းတို့ထွက်ကုန်များ ဈေးတွင် ဈေးပေါပေါနှင့် ရောင်းချနေရခြင်းများအပေါ် စိုးရိမ်မှုများ ရှိနေကြောင်း ထပ်ခါထပ်ခါ ဖော်ပြကြသည်။

၂၀၁၅ ခုနှစ်ကကဲ့သို့ပင် ဒေသခံအသိုင်းအဝိုင်းများ၏ စီးပွားရေးအခြေအနေသည် ဆိုးရွားနေ သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အ ဖွဲ့များက တောင်းခံသော အခွန် အမြောက်အမြားပေးဆောင် နေရဆဲ ဖြစ်သောကြောင့် ဖြစ်သည်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း စစ်ဆေးရေးဂိတ်များတွင် ကောက်ခံသော အခွန်နှင့် အိမ်ထောင်စုများမှ ပေးရသောအခွန်များ နည်းပါးလာ သော်လည်း သစ်ထုတ်လုပ်ရေးကဏ္ဍတွင် လုပ်ကိုင်နေရသော ဒေသခံ များအနေဖြင့် သစ်ထုတ်လုပ်ခြင်းအတွက် သစ်တောဌာနအပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုပါ အခွန်များ ပေးဆောင်နေရဆဲ ဖြစ်သည်။

၂၀၁၅ ခုနှစ်ကတွေ့ရှိချက်များနည်းတူ ၂၀၁၆ ခုနှစ် နားထောင်ခြင်းစကားဝိုင်းတွင်လည်း လွတ်လပ်စွာ သွားလာမှု ရရှိလာနေသည့်အကြောင်း ဒေသခံအသိုင်းအဝိုင်းများက ပြောဆိုကြ သည်။ လမ်းဖောက်လုပ်ခြင်းနှင့် လမ်းများ ပြင်ဆင်ခြင်းတို့ကြောင့် ဆေးရုံများသို့ သွားရောက် လာနိုင်သည့်အတွက် ဒေသခံများ ကျန်းမာရေး၏ စောင့်ရှောက်မှုများ ရရှိလာသည်ဟု ဆိုကြသည်။ လမ်းဖောက်လုပ်ခြင်းသည် ဈေးများသို့ သွားရောက်ရန် ပိုမိုလွယ်ကူလာစေသည့်အတွက် ကုန်သွယ်မှုလည်း မြင့်မားလာသည်။ ထို့အပြင် ထိုလမ်းများကြောင့် အန်ဂျီအိုနှင့် နိုင်ငံတကာ

အန်ဂျီအိုအဖွဲ့များ ကျေးလက်ခေါင်ဖျားဒေသများသို့ သွားရောက်နိုင်ပြီး၊ ကျောင်းဆောက်ပေးခြင်း၊ တန်ဖိုးနည်းအိမ်များဆောက်လုပ်ပေးခြင်း စသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များကို ဆက်လက်ကူညီပေးနိုင်လာသည်။

ယမန်နှစ်ကကဲ့သို့ပင် မြေယာသိမ်းဆည်းမှုများ တိုးမြင့်လာသည့်အပေါ် ဒေသခံများ စိုးရိမ်နေကြရဆဲဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ကယားပြည်နယ်အတွင်းရှိ လူမှုအသိုင်းအဝိုင်းများက အစိုးရအရာရှိများ သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များသည် သဘာဝအရင်းအမြစ်များထိန်းချုပ်နိုင်ရေးအဖြစ် ၎င်းတို့မြေများကို သိမ်းယူသည်ဟု ထင်မြင်ကြကြောင်း ၎င်းတို့အမြင်ကို ပြောပြကြသည်။ ယခုနှစ်တွင် ဒေသခံများက ပြောဆိုသည်မှာ မြေယာအငြင်းပွားမှုဖြစ်ရပ်အချို့သည် အစိုးရနှင့် ပုဂ္ဂလိကပိုင် မြေများအပေါ် ရှင်းလင်းတိကျ သော နယ်မြေသတ်မှတ်ချက်မရှိခြင်းကြောင့် ဖြစ်ရသည်ဟု ဆိုကြသည်။ ထိုမြေယာအငြင်းပွားမှုများကြောင့် တချို့မိသားစုများမှာ ၎င်းတို့ လယ်ယာမြေများ ဆုံးရှုံးရသည်လည်း ရှိသည်။ မြေယာဆုံးရှုံးရမှု နောက်ထပ် ဖြစ်ရသော အကြောင်းရင်းတခုမှာ ယခင်ကဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကြောင့် ဒေသခံများအနေဖြင့် အိမ်နီးချင်းတိုင်းပြည်များသို့ ထွက်ပြေးခိုလှုံနေခဲ့ ရသောကြောင့် ဖြစ်သည်။

တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ပဋိပက္ခ ထပ်မံဖြစ်ပွားမှုကို စိုးရိမ်နေကြကြောင်း ဒေသခံများက ထုတ်ဖော်ပြောဆိုကြသည်။ ထိုစိုးရိမ်ချက်မှာ အစိုးရ သို့မဟုတ် လက်နက်ကိုင်အဖွဲ့များပေါ် ယုံကြည်မှု လျော့နည်းခြင်းကြောင့် ဖြစ်ပေါ်လာနေခြင်း ဖြစ်သည်။ ၂၀၁၆ ခုနှစ် နားထောင်ခြင်း စကားဝိုင်းများကို တိတိကျကျ ပြောရပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်မရေးထိုးရသေးသည့်အတွက် ထိုအချက်အပေါ်အကြောင်းပြုပြီး လာမည့် အနာဂတ်တွင် တိုက်ပွဲများ ဖြစ်လာမည်လားဆိုသည့်အပေါ် ၎င်းတို့စိုးရိမ်နေကြကြောင်း ဒေသခံများကဆိုသည်။

နောက်ထပ် ဆက်လက်ဖြစ်ပေါ်ဆဲ အကြောင်းအရာတစ်ခုမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အားလုံးပါဝင်စေ ချင်သည့် ဆန္ဒ ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ၎င်းတို့ ပိုမိုနားလည်ချင်သည့် ဆန္ဒကိုလည်း ဒေသခံများ ထပ်လောင်းပြောဆိုသည်။ အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်ပါ အကြောင်းအရာများနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အခြားအသေးစိတ်အချက်အလက်များ မသိရှိရခြင်းသည် ၎င်းတို့ကိုယ်ကို အားနည်းသည်ဟု ခံစားရစေပြီး ငြိမ်းချမ်းရေး

လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်မှု မပြုနိုင် ဖြစ်ရသည်ဟု သတိပြုမိကြသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာ ဆွေးနွေးပွဲများတွင် ၎င်းတို့ ပါဝင်လာနိုင်ရေးအတွက် အစိုးရအနေဖြင့် သတင်းအချက်အလက် များ ပိုမိုဖြန့်ဖြူးပေးစေချင်ကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နေကြသော ဆုံးဖြတ်ချက်ချသူများမှလည်း ၎င်းတို့ဒေသခံများနှင့် ဆွေးနွေးတိုင်ပင်ပြီး ၎င်းတို့ပြောကြားချက်များကို နားထောင်နိုင်ရန် မျှော်လင့်ကြသည်။ သို့မှသာ ၎င်းတို့၏နေ့စဉ် ဘဝများအပေါ် သက်ရောက်လျက်ရှိသော အကြောင်းအရာများ စိုးရိမ်ချက်များကို ၎င်းတို့ ဖွင့်ဟ ပြောဆိုနိုင်မည် ဖြစ်သည်။

ဒေသခံအသိုင်းအဝိုင်းများက အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တပ်မတော်တို့အကြား ယုံကြည်မှုပိုမိုတည်ဆောက်ရန် လိုအပ်သည်ဟူသော အခြေခံအကြောင်းရင်းကို တစိုက်မတ်မတ် ပြောဆိုသည်။ ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသူများက နားလည်မှု၊ မေတ္တာတရားနှင့် ယုံကြည်မှုတို့ကို ပြသနိုင်မှသာ အောင်မြင်သောငြိမ်းချမ်းရေးလုပ်ငန်းစဉ်တခု ရရှိလာနိုင်သည်ဟု ဒေသခံများက ယူဆကြသည်။ ဒေသခံများ၏ ဘဝမြင့်တင်ရေး ဘုံရည်မှန်းချက်အောင်မြင်စေရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပါ ဆုံးဖြတ်ချက်ချမှတ်သူများ အနေဖြင့် အတူတကွ ပူးပေါင်း ဆောင်ရွက်ကြရန် ၎င်းတို့က အကြံပြုကြသည်။

ကယားပြည်နယ်တခုလုံးရှိ ဒေသခံအသိုင်းအဝိုင်းများက မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်လာရသော ချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသည့် ကိစ္စကို ဖြေရှင်းရန် လိုအပ်ကြောင်း လည်း ထပ်လောင်း ဖော်ပြကြသည်။ လူငယ်များ မူးယစ်ဆေးဝါးအလွန်စွဲနေရသည့်အချက်ကို အရေးတကြီး ကိစ္စရပ်အဖြစ် ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်ဟု ဒေသခံများက နားလည်ကြသည်။ ရာဇဝတ်မှု ဖြစ်ပွားနှုန်းများလည်း မြင့်တက်နေသည်ကို ဒေသခံများအနေဖြင့် သတိပြုမိကြောင်း ထည့်သွင်းပြောဆိုသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ကောင်းမွန်သောအပြောင်းအလဲများ ဆောင်ကျဉ်းပေးနိုင်သော် လည်း ထိုအခြေအနေ က မူးယစ်ဆေးဝါး ကုန်ကူးမှုနှင့် ထုတ်လုပ်မှုကို ပိုမိုအားပေးစေနိုင်သော အခြေအနေတစ်ရပ်ကိုလည်း တွန်းပို့နေသည်ဟု မှတ်ချက်ပြုကြသည်။ မူးယစ်ဆေးဝါး ကုန်ကူးမှုနှင့် ထုတ်လုပ်ခြင်းတို့ တိုးတက်လာခြင်းသည် အပစ်အခတ်ရပ်စဲရေးစတင်ကတည်းက ရရှိလာသော လွတ်လပ်စွာ သွားလာခွင့်၏ မရည်ရွယ်သော အကျိုးဆက်တခု ဖြစ်သည်။

ဘိန်းပင်စိုက်ပျိုးခြင်းအပေါ် စီးပွားရေးအရ မှီခိုနေရသော တောင်သူများကို ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးနိုင်ရေး အတွက် အပြောင်းအလဲကာလတွင် အစိုးရအနေဖြင့် အစားထိုးသီးနှံစိုက်ပျိုးရေးအစီအစဉ်များ ထောက်ပံ့ပေးရန် တောင်းဆိုချက်ကို ဆက်လက်တောင်းဆိုသည်။

## နားထောင်ခြင်းရလဒ်များမှ ကွဲပြားချက်များ - ၂၀၁၅ မှ ၂၀၁၆ ခုနှစ်

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့အတွင်း နားထောင်ခြင်းစကားဝိုင်းမှ ရလဒ်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဒေသခံများ၏ သဘောထားအမြင်များ ထိုနှစ်နှစ်အတွင်း ပြောင်းလဲသွေဖယ်လာသည်ကို ပြသနေသည်။ ၂၀၁၅ ခုနှစ်တွင် ဒေသခံအသိုင်းအဝိုင်းများက စစ်တပ်နေရာချထားမှု လျော့နည်းခဲ့ပြီး စစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့များအကြား တိုက်ခိုက်မှု ဖြစ်ပွားမှုများ နည်းပါးခဲ့သည်ဟု ဆိုခဲ့ကြသည်။ ၂၀၁၆ ခုနှစ် တွေ့ရှိချက်များတွင် စစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့များသည် တဖွဲ့ နှင့် တဖွဲ့နီးကပ်စွာ ရှိနေခြင်းနှင့် ကျေးရွာများ အနီးဝန်းကျင်တွင် ဆက်လက်ရှိနေခြင်းတို့ကို တွေ့ရသည်။ အချို့ဖြစ်ရပ်များတွင် စစ်သားများသည် အစားအစာ၊ အမိုးအကာနှင့် အခြားအရင်းအမြစ်များ ရရှိရေးအတွက် ဒေသခံအသိုင်းအဝိုင်းများအပေါ် ဆက်လက် နှောင့်ယှက် လျက်ရှိဆဲပင် ဖြစ်သည်။

ယခင်နှစ်က ဒေသခံများအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း ပိုမို လေ့လာသိရှိလိုသော ဆန္ဒ ပြင်းပြ နေခဲ့ကြသည်။ ထိုဆန္ဒက ၂၀၁၆ ခုနှ်တွင် ခိုင်မာသော အကြောင်းချက်တခု ဆက်လက်ဖြစ်နေသော်လည်း ပါဝင်ဖြေဆိုသူအချို့၏ အမြင်တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ဘာတွေ လိုအပ်နေသနည်းဆိုသော အမြင်မျိုး ပြောင်းလဲလာသည်။ အတိတ်က ပဋိပက္ခဖန်တီးသူများအပေါ် အဓိကထားပြောဆိုခဲ့ကြသော်လည်း ယခုကာလ တွင် ဒေသခံများအကြား ၎င်းတို့မည်သို့ ဆက်နွယ်နေသည်ဆိုသည့် ပုံသေအတွေးအခေါ်များ ပြောင်းလဲရေးက အဓိကကျကြောင်း သတိပြုမိကြသည်။ တဦးချင်း စတင် ပြောင်းလဲရန် လိုအပ်ပြီး ၎င်းနောက် မိသားစု၊ ထိုမှ နိုင်ငံအဆင့်အထိ အောက်ခြေမှ အစပြုပြောင်းလဲသည့် နည်းလမ်းလိုအပ်ကြောင်းကို ထည့်သွင်းပြောဆိုကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ၎င်းတို့ ပါဝင်ကူညီချင်သည့် ပြင်းပြသော ဆန္ဒရှိကြောင်းကိုလည်း ထုတ်ဖော် ပြောဆိုကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ဖြစ်စေရန် ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကြေးအထောက်အပံ့ပေးရန်ကိုပင် အချို့က ကမ်းလှမ်းကြသည်။

အလုံးစုံခြုံကြည့်ပါက ဒေသခံအသိုင်းအဝိုင်းများသည် ၂၀၁၅ ခုနှစ်က ၎င်းတို့ ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများကိုပင် ၂၀၁၆ ခုနှစ်တွင် ကြုံတွေ့ရသည်။ သို့သော် သိသာသော ကွဲပြားမှုအချို့လည်း ရှိသည်။ ပထမဦးစွာ ပါဝင်ဖြေဆိုသူများသည် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များကြောင့် ၎င်းတို့ ကြုံတွေ့နေရသော အခွင့်အရေး ချိုးဖောက်ခံရမှုများအကြောင်း ပိုမို ဖွင့်ဟ ပြောလာသည်။ ပါဝင်ဖြေဆိုသူတချို့က လက်နက်ကိုင်အဖွဲ့များက ၎င်းတို့ကို လက်နက်ဖြင့် မည်သို့ချိန်ကာ၊ တခါတရံ ညှင်းပန်းနှိပ်စက်မှုများပင် ရှိကြောင်း ပြောဆိုကြသည်။ ထို့အတူ စစ်တပ်အတွက် ပေါ်တာနှင့် လမ်းပြအဖြစ် ဆောင်ရွက်ရန် အတင်းအဓမ္မ လုပ်အားပေး ခိုင်းစေခံရ ခြင်းကြောင့် ၎င်းတို့ မိသားစုဝင်များ ဆုံးရှုံးရသည့် အဖြစ်ကိုလည်း ဒေသခံများက ဖွင့်ဟပြောဆိုကြသည်။ အတင်းအဓမ္မလုပ်အားပေးခိုင်းစေခံခဲ့ရသူများကို လက်နက်ကိုင်အဖွဲ့က မည်သူမည်ဝါဟု သိရှိသွားပါက စစ်တပ်အား ကူညီသူအဖြစ် သမုတ်ပြီး ၎င်းတို့အခြေအနေကို ဆိုးရွားစေသည်။ လက်နက်ကိုင်အဖွဲ့များက ၎င်းတို့ကို အန္တရာယ်ပေးနိုင်သည်။ အဘယ်ကြောင့်ဆိုသော် လက်နက်ကိုင်အဖွဲ့များက ၎င်းတို့ကို သစ္စာဖောက်များအဖြစ် ယူဆလိုက်သောကြောင့် ဖြစ်သည်။ ထို့အပြင် ဒေသခံများ၏ ပိုင်ဆိုင်သည့်ပစ္စည်းများ ဖျက်ဆီးခံရပြီး၊ ထိုအတွက် လျော်ကြေးတစုံတရာ မရကြကြောင်းလည်း ၎င်းတို့က ဖွင့်ဟပြောဆိုသည်။

ဒေသခံအသိုင်းအဝိုင်းများ ရင်ဆိုင်ရသော စိန်ခေါ်မှုများကြောင့် ၎င်းတို့၏ ပြင်းပြသောဆန္ဒ သည်လည်း ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း ပြုလုပ်သော နားထောင်ခြင်းစကားဝိုင်းများတွင် အလားတူ ထင်ဟပ်လျက်ရှိသည်။ မကြာခင်ကဖြစ်ပေါ်ခဲ့သော အစိုးရ အပြောင်းအလဲကြောင့် အစိုးရသစ်အပေါ် မျှော်လင့်ချက်ကိုလည်း ဒေသခံများ က ကြိမ်ဖန်များစွာ ဖော်ပြကြသည်။ အစိုးရသစ်အနေဖြင့် ၎င်းတို့အပေါ် ပိုမိုမေတ္တာထားရန် မျှမျှတတ အုပ်ချုပ်ရန် နှင့် မူဝါဒများကို သတိထား အကောင်အထည်ဖော်ရန် စသည်တို့ ဖြစ်စေချင်ကြကြောင်း ဒေသခံအသိုင်းအဝိုင်း များက ဆိုသည်။ ဤအချက်များ အောင်မြင်ရန်မှာ ခေါင်းဆောင်စစ်ခေါင်းဆောင်မှန်က ငြိမ်းချမ်းရေးကို အဓိကထားဆောင်ရွက်ပါမှ၊ ဒီမိုကရေစီ ဖြစ်ထွန်းလာပါမှ အောင်မြင်မည်ဟု ၎င်းတို့ ယုံကြည်ကြသည်။ အခြားဒေသခံများကမူ ယခင်အုပ်ချုပ်ရေးမှ ယခုအစိုးရသစ်အပေါ် အာဏာလွှဲပြောင်းသည့် လုပ်ငန်းစဉ်အပေါ် စိုးရိမ်မှု ရှိကြကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ အစိုးရသစ်အနေဖြင့် တိုင်းပြည်တွင်း သဟဇာတဖြစ်အောင် အားစိုက်ဆောင်ရွက်ရမည့် အလုပ်နှင့် ကြုံရမည်ဟု ဒေသခံအသိုင်းအဝိုင်းများက နားလည်ထားကြသည်။

# ကရင်ပြည်နယ်

*ကျွန်တော်တို့အနာဂါတ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့တွေလည်း ကြက်သွန်ဖြူအမွှာလေးတွေလို စုစုစည်းစည်း ခိုင်ခိုင်မာမာ အတူတကွ နေဖို့လိုတယ်။*

- ကြာအင်းဆိပ်ကြီးမြို့နယ်မှ ကရင်အမျိုးသား ရွာသူကြီး

၂၀၁၆ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတွင် နားထောင်သူအဖွဲ့ ၆ ဖွဲ့သည် ကရင်ပြည်နယ်ရှိ ကြာအင်းဆိပ်ကြီး၊ ဘားအံ၊ လှိုင်းဘွဲ့နှင့် သံတောင်ကြီး စသည့် မြို့လေးမြို့ရှိ ကျေးရွာပေါင်း ၃၀ နီးပါးသို့ သွားရောက်ခဲ့သည်။ ထိုနားထောင်သူများသည် ပါဝင်ဖြေဆိုသူ လူ ၂၀၀ ဦးနှင့် စကားဝိုင်းပေါင်း ၆၁ ခု ပြုလုပ်ခဲ့သည်။ ပါဝင်ဖြေဆိုသူများသည် ကရင်၊ မွန်၊ ရှမ်း သို့မဟုတ် ဗမာ တိုင်းရင်းသားလူမျိုးအုပ်စုများမှ ဖြစ်ကြသည်။

| ဇယား (၁၀) အဓိကအကြောင်းအရာများ | |
|---|---|
| ၁။ | လူတိုင်း ငြိမ်းချမ်းမှုရစေရန်အတွက် စစ်မှန်ပြီး ပြည့်စုံသော အပစ်ခတ်ရပ်စဲရေး တခုရှိစေချင်ကြသည်။ |
| ၂။ | တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကိုလက်မှတ်ထိုးပြီးကတည်းက ပဋိပက္ခများက လုံးလုံး ရပ်သွားခြင်းမရှိသေးသော်လည်း ပဋိပက္ခများ လျော့နည်းလာသည်ကို ဒေသခံများ သတိထားမိသည်။ |
| ၃။ | တည်ငြိမ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ခုမရှိပါက ၎င်းတို့ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အကန့်အသတ်ဖြစ် မည်ကို စိုးရိမ်သည်ဟု ဒေသခံများက ထုတ်ဖော်ပြောဆိုသည်။ ထို့အပြင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် မတည်မငြိမ် ဖြစ်လာပါက အကြမ်းဖက် ပဋိပက္ခဖြစ်လာပြီး ဒေသခံများကို နေရပ်စွန့်ခွာ ထွက်ပြေးရ နိုင်သည့် စိုးရိမ်ချက်ကိုလည်း ထုတ်ဖော်ကြသည်။ |
| ၄။ | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုနှင့် နားလည်မှု နည်းပါးကြောင်း ဒေသခံများက ဆိုသည်။ |

| ဇယား (၁၀) အဓိကအကြောင်းအရာများ | |
|---|---|
| ၅။ | အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များက တရားဝင်မဟုတ်သော အခွန်အခများ တိုးမြှင့်ကောက်ခံနေခြင်းသည် တရားမျှတမှုမရှိသလို အကြောင်းချက်နိုင်လုံမှုလည်း မရှိဟု ဒေသခံများက မြင်သည်။ ၎င်းတို့အခွန်ပေးနေရ သည့်အတွက် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့၏ အမြင်များကို လေးစားရရန် ဒေသခံများက မျှော်လင့်သည်။ |
| ၆။ | ၎င်းတို့ဒေသအတွင်း မြေမြှုပ်မိုင်းများကြောင့် စိုက်ပျိုးမြေယာများဆီ သွားရောက်ရန်နှင့် သွားလာမှုအပေါ် ကန့်သတ်မှုများ ရှိသည်ကို စိုးရိမ်ကြသည်ဟု ဒေသခံများက ဖွင့်ဟ ပြောဆိုကြသည်။ |
| ၇။ | တရားမဝင်မူးယစ်ဆေးဝါးပပျောက်စေရေးအတွက် တသမတ်တည်းသော ချဉ်းကပ်မှုများဖြစ်ပေါ်ရန် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် အစိုးရတို့အား ဒေသခံများက တောင်းဆိုသည်။ မူးယစ်ဆေးစွဲမှုနှင့် ဆက်စပ်နေသောအကြောင်းအရာများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းဖြေရှင်းသင့်သည်ဟု ၎င်းတို့ယူဆသည်။ |
| ၈။ | လူမှုအဖွဲ့အစည်းတစ်ခုကို မူးယစ်ဆေးကုန်ကူးမှုနှင့် မူးယစ်ဆေးကြောင့် ဖြစ်ပေါ်လာရသောရာဇဝတ်မှုများတိုးများလာခြင်းစသည့်လူမှုရေးပြဿနာအများအပြားမှ ကင်းဝေးစေချင်သည့်ဆန္ဒ ဒေသခံပြည်သူများတွင် ရှိကြသည်။ |
| ၉။ | ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံနှင့် ကျွမ်းကျင်ကျန်းမာရေး လုပ်သားများ ပိုမိုရရှိလိုပြီး ထိုဝန်ဆောင်မှုအဆောက်အအုံများ အသုံးပြုခွင့်လည်း ပိုမိုရလိုကြောင်း ဒေသခံအသိုင်းအဝိုင်းများက တောင်းဆိုသည်။ |
| ၁၀။ | ပညာရေးဆိုင်ရာ လိုအပ်ချက်ကို ပြည့်မီစေရန်အတွက် ကျွမ်းကျင်သော ပညာရေးလုပ်သားများ ပိုမို ရရှိလိုကြောင်း ဒေသခံများက တောင်းဆိုကြသည်။ |
| ၁၁။ | ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် ၎င်းတို့မြေများဆုံးရှုံးကာ အခြေမဲ့ဖြစ်ရသူများ သို့မဟုတ် အသက်မွေးမှုဆိုင်ရာ အရင်းအမြစ်များအပေါ် သက်ရောက်ခံရသူများအတွက် လျော်ကြေးအဖြစ် အခြေခံလူမှုအဆောက်အအုံများ ရရှိလိုကြသည်။ |

| ဇယား (၁၀) အဓိကအကြောင်းအရာများ | |
|---|---|
| ၁၂။ | စစ်မှန်သော ငြိမ်းချမ်းရေးက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိအောင် ဖန်တီးပေးနိုင်မည်ဟု ဒေသခံ များ က ထင်မြင်ယူဆသည်။ အလုပ်အကိုင် ရလိုမှု များပြားလာသည်နှင့် ကာမိစေရန် ဗဟိုအစိုးရအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်သည့် နည်းလမ်းရှာရန် ၎င်းတို့ မျှော်လင့်သည်။ |
| ၁၃။ | ဒေသခံများသည် ယခင်က ၎င်းတို့ စိုက်ပျိုး မွေးမြူရေးများ လုပ်ကိုင်ခဲ့သော မြေများကို မျှမျှတတ ပြန်လည် ရရှိရန် မျှော်လင့်ကြသည်။ ထိုမြေများသည် ယခုအခါ တပ်မတော် သို့မဟုတ် လက်နက်ကိုင်အဖွဲ့များ၏ လက်အောက်တွင် တားဆီးထားခံနေရသည်။ |
| ၁၄။ | ဒေသခံအသိုင်းအဝိုင်းများသည် ယခင်က ၎င်းတို့ပိုင်ဆိုင်ခဲ့သော မြေယာများအတွက် ပြန်လည် တောင်းယူရနိုင်မည့် နည်းလမ်းများ ရလိုကြသည်။ ထိုသို့ရယူကာ အစိုးရကသိမ်းယူထားခဲ့သောကြောင့် မလုပ်ဆောင်နိုင်ခဲ့သော အသက်မွေးရပ် တည်မှုလုပ်ငန်းများအတွက် အသုံးပြုလိုကြသည်။ |
| ၁၅။ | လူမှုအသိုင်းအဝိုင်းရှိ ၎င်းတို့လိုအပ်ချက်များနှင့် အမြင်များကို ပိုမိုကိုယ်စားပြုမှု ရရှိလိုကြသည်။ |
| ၁၆။ | အငြိုးတေးထားလက်တုန့်ပြန်ခံရမှုကို စိုးရိမ်နေကြသည့်အတွက် မည်သည့် နိုင်ငံရေးပါတီများနှင့် လက်နက်ကိုင်အဖွဲ့များ ကို ထောက်ခံရမည်ကို မသိကြ တော့ဟု ၎င်းတို့ အမြင်ကိုဖော်ပြကြသည်။ |
| ၁၇။ | တိုင်းရင်းသားလူမျိုးစုဖြစ်သည့်အခြေခံအချက်အပေါ် မူတည်ပြီး အစိုးရက ခွဲခြားဆက်ဆံသည်ဟု ၎င်းတို့ ထင်မြင်ကြသည်။ ဥပဒေများ ကျင့်သုံးရာတွင် မျှမျှတတ နှင့် ညီညီမျှမျှ ဖြစ်ရန် ၎င်းတို့ မျှော်လင့်ကြသည်။ |

**ဇယား (၁၁) ကရင်ပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ**

၁။ **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သင် ဘယ်လို ထင်မြင် ခံစားရပါသလဲ။**

- ဒေသခံများက ၎င်းတို့နေ့စဉ်ဘဝတွင် ငြိမ်းချမ်းရေးဖြစ်စဉ်က မည်သို့ အဓိပ္ပါယ် သက်ရောက်နေသည်နှင့် ဆက်လက်ဖြစ်ပေါ်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ၎င်းတို့ မည်မျှ ကျေးဇူးတင်ကြောင်း ပြောဆိုကြသည်။ ပါဝင်ဖြေဆိုသူများသည် စစ်မှန်ပြီး အပြန်အလှန် လက်ခံသော ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးဖြစ်စဉ်တရပ် ဖြစ်ပေါ်လာစေချင်သည့်ဆန္ဒ တညီတညွတ်တည်း ရှိကြသည်။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ၎င်းတို့ လူနေမှုပုံစံအပေါ် ပြောင်းလဲစေခဲ့သည်ဟု ဒေသခံ အသိုင်းအဝိုင်းက ယူဆသည်။ ယခင်က ၎င်းတို့နေခဲ့ရသည်မှာ ကြောက်ရွံ့မှုများဖြင့် ဖြစ်ပြီး အနာဂါတ်အတွက် မျှော်မှန်းချက် များလည်း အနည်းငယ်သာ ရှိခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြောင့်သာ ၎င်းတို့ မျှော်လင့်ချက်များ ထားရှိလာနိုင်ခြင်း ဖြစ်သည်။

၂။ **ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် သင်ပါဝင်ခဲ့ရပါက မည်သည့်အကြောင်းအရာမျိုး ပြောဆို ဆွေးနွေးမည်နည်း။**

- ဒေသခံအသိုင်းအဝိုင်းများက မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်လာသော ကိစ္စရပ်များကို ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ တစိတ်တပိုင်း ထည့်သွင်း ဆွေးနွေးအဖြေရှာချင်ကြသည်။
- ၎င်းတို့ လိုအပ်ချက်များနှင့် ၎င်းတို့ ဆန္ဒများကို ငြိမ်းချမ်းရေးစကားဝိုင်းများကို သယ်လာချင်ကြကြောင်း ဒေသခံများက ဖော်ပြကြသည်။

၃။ **သင့်တဦးတည်းအမြင်အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိက ပါဝင်သင့်သည့် အကြောင်းအရာများက ဘာများ ဖြစ်မည်နည်း။**

- ဒေသခံအသိုင်းအဝိုင်းများသည် လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူမှုဒေသအတွင်း ဖြစ်ပွားနေသော အကြောင်းအရာများကို ထည့်သွင်း ပြောဆိုစေချင်သည်။ ထိုအကြောင်း အရာများတွင် မူးယစ်ဆေးဝါး ကြောင့် ဖြစ်ပေါ်လာရသော ချိုးဖောက်မှုများအပြင် အခြေခံ လူမှုအဆောက်အအုံဖွံ့ဖြိုးရေးလိုအပ်ချက် စသည့် ပြဿနာများ ပါဝင်သည်။

| ဇယား (၁၁) | ကရင်ပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ |
|---|---|
| ၄။ | **အောင်မြင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တခုမှ သင်ဘာတွေကို မျှော်လင့်လဲ။**<br>• အောင်မြင်သော ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုက ၎င်းတို့အတွက် "သာမာန်ဘဝများ" ဖန်တီးပေးနိုင်သည်ဟူသော ဘုံယုံကြည်ချက်တစ်ခုကို ၎င်းတို့မျှဝေကြသည်။<br>• အောင်မြင်သောငြိမ်းချမ်းရေးဖြစ်စဉ်က ၎င်းတို့လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် လုံခြုံမှုအတွက် အာမခံချက် များ ပေးနိုင်ရန် မျှော်လင့်ကြသည်။<br>• အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိရန်နှင့် ၎င်းတို့ပုဂ္ဂလိကဘဝများအတွက် ငွေကြေးဆိုင်ရာလုံခြုံမှု ရရန်လည်း မျှော်လင့်ကြသည်။ |
| ၅။ | **ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စတင်ကတည်းက မည်သည့်အရာများ ပြောင်းလဲလာခဲ့သနည်း။**<br>• ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စတင်ကတည်းက အကောင်းဘက်ဦးတည်သော ပြောင်းလဲမှုများ ရှိလာသည်ဟု ဒေသခံများက ယူဆသည်။ ထိုအထဲတွင် အခြေခံလူမှုအဆောက်အအုံ တိုးတက်မှု၊ လွတ်လပ်စွာ သွားလာခွင့်၊ ပိုမိုဘေးကင်း လုံခြုံမှုရှိလာခြင်း တို့ ပါဝင်သည်။ ယခု ဒေသခံများအနေဖြင့် ၎င်းတို့ လယ်ယာ မြေများထံ သွားလာနိုင်သည်။<br>• သို့သော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စတင်ခဲ့စဉ်ကတည်းက မူးယစ်ဆေးဝါး ကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်ရသော ချိုးဖောက်မှုများမှာ အကြီးအကျယ် များပြားလာသည်ကို တွေ့ရသည်ဟု ဒေသခံအသိုင်းအဝိုင်း များက ဆိုကြသည်။<br>• လက်နက်ကိုင်အဖွဲ့များမှ ပြည်သူ့စစ်များအထိ အုပ်ချုပ်သူ အာဏာပိုင်အသီး အသီးသည် စီးပွားရေးအကြပ် အတည်းအမျိုးမျိုးကို ခံစားနေကြရသည့် ဒေသများရှိ ပြည်သူများအပေါ် တရားဝင်မဟုတ်သော အခွန်များ ကောက်ခံနေသည်ဟု ဒေသခံများက ရှင်းပြကြသည်။ |
| ၆။ | **လက်ရှိ သင် စိုးရိမ် ပူပန်သောအကြောင်းအရာတစ်ခုက ဘာဖြစ်မလဲ။**<br>• မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးကြောင့် ဖြစ်ပေါ်လာရသော နောက်ဆက်တွဲ လူမှုရေးပြဿနာများ၊ ဒေသခံများ၏ ကျန်းမာသုခ အထူးသဖြင့် လူငယ်မျိုး ဆက်များအပေါ် သက်ရောက်နေမှုများသည် ၎င်းတို့အတွက် အဓိက ပူပန်နေရသည့်အရာ ဖြစ်နေသည်။ |

| ဇယား (၁၁) | ကရင်ပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ |
|---|---|
| | • ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြေခံအဆောက်အအုံ မလောက်ငခြင်းကလည်း ၎င်းတို့အတွက် အရေးကြီးပြဿနာများထဲက တခုဖြစ်သည်ဟုဆိုကြသည်။ ၎င်းတို့တွင် ဆေးပေးခန်းများရှိသော်လည်း ကျွမ်းကျင် ကျန်းမာရေးလုပ်သားများနှင့် ဆေးဝါးများ မလုံလောက်ဟု ရှင်းပြကြသည်။<br>• အရည်အသွေးမြင့်ပညာရေးရရှိမှုနှင့် ပညာရေးဆိုင်ရာ အဆောက်အအုံများရရှိရေးမှာလည်း ၎င်းတို့အတွက် စိန်ခေါ်မှုတစ်ခုအဖြစ် ကျန်နေဆဲဖြစ်သည်ဟု ဒေသခံပြည်သူများက ဖော်ပြကြသည်။ |
| ၇။ | **သင့် ရပ်ကွက်၊ ကျေးရွာတွင် မည်သို့သော ပြောင်းလဲမှု မြင်တွေ့လိုသနည်း။**<br>• လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ပိုမို မြင်တွေ့ရန် ဒေသခံများ မျှော်လင့်ကြသည်။<br>• ၎င်းတို့လူမှုအသိုင်းအဝိုင်းသည် ဘေးကင်းပြီး အကြမ်းဖက်မှုများက ကင်းဝေးရကာ မူးယစ်ဆေးဝါးဆိုင်ရာ ချိုးဖောက်မှုမှ ကင်းလွတ်သည်ကို မြင်တွေ့လိုကြသည်။<br>• ၎င်းတို့အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မည့် လုံလောက်သော ဝင်ငွေရမည့် အလုပ်အကိုင်များ ရလိုကြသည်။<br>• မြေမြှုပ်မိုင်းများကင်းသော မြေယာများအပေါ် လုပ်ကိုင်စားသောက်ခွင့် အညီအမျှ ရလိုကြသည်။ |
| ၈။ | **သင့်အသိုင်းအဝိုင်းတွင် အပြောင်းအလဲများ ရရှိစေရန် မည်သည့်အကူအညီများ ရှိနေရန် လိုအပ်သနည်း**<br>• မတူကွဲပြားသောတိုင်းရင်းသားလူမျိုးများနှင့် ဘာသာရေးအုပ်စုများအကြား သဟဇာတဖြစ်စွာ နေထိုင်သည်ကို မြင်တွေ့လိုသည်။<br>• ပဋိပက္ခဖြစ်ပွားနေသည့်အဖွဲ့များအားလုံး လက်ခံသော အပစ်ခတ်ရပ်စဲရေး သဘောတူညီချက် တစ်ခု ရစေလိုကြသည်။ ထိုသဘောတူညီချက်ကိုလည်း အောက်ခြေလူထု ကွန်မြူနီတီ အဆင့်အထိ သင့်တင့်စွာ အကောင်အထည် ဖော်ပေးရန် မျှော်လင့်ကြသည်။ |

**ဇယား (၁၁) ကရင်ပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ**

| | |
|---|---|
| ၉။ | **သင့်အသိုင်းအဝိုင်းတွင် ပြောင်းလဲမှုများ အောင်မြင်စေရန် သင်မည်ကဲ့သို့ ပါဝင်ဆောင်ရွက်နိုင်မည်နည်း။**<br>• ဒေသခံပြည်သူများသည် ၎င်းတို့ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်အား၊ ကျွမ်းကျင်မှုနှင့် ဗဟုသုတများ ပါဝင်ဖြည့်စွမ်းခြင်းဖြင့် ကူညီလိုကြသည်။<br>• တိုင်းရင်းသားလူမျိုးများ သဟဇာတရှိစွာ နေနိုင်ရေးကို ဦးတည်သော အစီအစဉ်များ ဆောင်ရွက်ရန် ဆန္ဒရှိကြသည်။ |
| ၁၀။ | **သင့် ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် သင့်ပြည်နယ်တွင် လက်ရှိ ရင်ဆိုင်နေရသော အကြီးမားဆုံး ပြဿနာက ဘာလဲ။**<br>• ၎င်းတို့ ဘဝရပ်တည်ရေးနှင့် အလုပ်လက်မဲ့ပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း ဒေသခံ အသိုင်းအဝိုင်းက ဆိုသည်။ အလုပ်လက်မဲ့ အခြေအနေက ပြောင်းလဲမှုတစုံတရာမရှိဘဲ ထိုအတွက်ကြောင့်လည်း ၎င်းတို့ နေ့စဉ်ဘဝများ ထိခိုက်လျက် ရှိသည်ဟု ဆိုကြသည်။<br>• သဘာဝပတ်ဝန်းကျင် ပျက်စီးရမှုသည် နောက်ထပ် အရေးကြီးစိန်ခေါ်ချက်ဖြစ်သည်ဟု ဒေသခံများက ဆိုသည်။ သစ်ထုတ်လုပ်ခြင်းနှင့် သတ္တုတူးဖော်ရေး လုပ်ငန်းများ အကြီးအကျယ် လုပ်ကိုင်နေခြင်းအပေါ် တိုးတက်မှု တစုံတရာ မရှိသေးဟုဆိုသည်။<br>• ကောင်းမွန်သော လမ်းမများ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဆိုင်ရာ အဆောက် အအုံများ စသည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုများ မရှိခြင်းသည် ၎င်းတို့အတွက် ကြီးမားသော ဝန်ထုတ်ဝန်ပိုး တစ်ခု အဖြစ် ရှိနေဆဲ ဖြစ်သည်ဟု ဒေသခံများ က ဖော်ပြကြသည်။<br>• ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်လာသောကြောင့် မူးယစ်ဆေးဝါးကုန်ကူးများ တိုးများလာပြီး တရားမဝင် မူးယစ်ဆေးဝါး အမျိုးမျိုးကို လွယ်လင့်တကူ ရရှိလာသည်ဟု ဒေသခံများက ဆိုသည်။ ထိုအခြေအနေက ဒေသခံပြည်သူများ၊ အထူးသဖြင့် လူငယ်မျိုးဆက်များအပေါ် ဆိုးကျိုးသက်ရောက်လျက် ရှိသည်။<br>• အမျိုးမျိုးသော လက်နက်ကိုင်တပ်ဖွဲ့များနှင့် အုပ်ချုပ်ရေး အာဏာပိုင် အများအပြားတို့တောင်းခံသော တရားဝင်မဟုတ်သော အခွန် ပေးနေရခြင်းသည် ၎င်းတို့အတွက်ဝန်ထုတ်ဝန်ပိုးတစ်ရပ်ဖြစ်သည်ဟု ဒေသခံအသိုင်းအဝိုင်းများက ဖော်ပြကြသည်။ |

| ဇယား (၁၁) | ကရင်ပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ |
|---|---|
| ၁၁။ | **ထိုစိန်ခေါ်မှုများ ကျော်လွှားနိုင်ရန် သင်မည်ကဲ့သို့ ကူညီနိုင်မည်နည်း။**<br>• တိုင်းရင်းသားလူမျိုးစုအသိုင်းအဝိုင်းများအားလုံးအကြားတိုင်းရင်းသားရေးနှင့် ဘာသာရေးအရ ညီညွတ်မှု ရှိစေချင်သည်ဟု ဆန္ဒရှိကြသည်။<br>• တရားမဝင်မူးယစ်ဆေးဝါး ပပျောက်ရေးကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးတကြီး ထည့် သွင်း စဉ်းစား ဖြေရှင်းရန် လိုအပ်သည့် ကိစ္စတစ်ရပ်အဖြစ် သဘောထားကြရန် မျှော်လင့်သည်။<br>• ပါဝင်သူအဖွဲ့များအားလုံး လက်ခံသော အားလုံးပါဝင်သောအပစ်ခတ်ရပ်စဲရေး ရလိုသည်ဟုအသိုင်းအဝိုင်းတို့က ဆိုကြသည်။ ထိုအပစ်ခတ်ရပ်စဲရေးကိုလည်း အောက်ခြေလူထုအဆင့်အထိ အကောင် အထည်ဖော်စေချင်သည်။<br>• ၎င်းတို့မြေများပေါ်တွင် မြေမြှုပ်မိုင်းများ ရှင်းလင်းသွားရန် လိုအပ်ကြောင်း ဒေသခံပြည်သူများက ပြောဆိုကြသည်။ |

# နားထောင်ခြင်းရလဒ်များမှ တူညီမှုများ - ၂၀၁၅ မှ ၂၀၁၆ ခုနှစ်

ကရင်ပြည်နယ်ရှိဒေသခံအသိုင်းအဝိုင်းများသည် ဘဝရပ်တည်ရေးအတွက် ရုန်းကန်နေရဆဲဖြစ်ပြီး အလုပ် လက်မဲ့ပြဿနာနှင့်လည်း ရင်ဆိုင်နေရဆဲ ဖြစ်သည်။ စကားဝိုင်းအများစုမှ ထွက်ပေါ်လာသော ပြောကြားချက်များ အရ ဒေသခံပြည်သူများ သည် အလုပ်အကိုင်အခွင့် အလမ်းနည်းပါးမှုနှင့် အလုပ်လက်မဲ့ အခြေအနေ အပေါ် ၂၀၁၅ ခုနှစ်ကကဲ့သို့ပင် စိုးရိမ်ပူပန်နေကြရဆဲဖြစ်သည်။ ဤအခြေအနေက ထိုအလုပ်လက်မဲ့ပြည်သူများနှင့် ၎င်းတို့မိသားစုများ အပေါ် အကြပ်အတည်း ဖြစ်စေသည်။

သဘာဝပတ်ဝန်းကျင် ပျက်စီးရမှုသည် ဆက်လက်ဖြစ်ပေါ်နေဆဲ နောက်ထပ်အကြောင်းအရာ တစ်ခု ဖြစ်သည်။ ကရင် ပြည်နယ်တွင် သတ္တုတူးဖော်ခြင်းနှင့် သစ်ထုတ်လုပ်ခြင်းများ အကြီး အကျယ်ပြုလုပ်နေခြင်းမှာမပြောင်းလဲဘဲ ဒေသခံပြည်သူများသည်လည်း ထပ်ထပ်ပျက်စီးလာသော သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကို ဆက်လက် ခံစားနေရဆဲဖြစ်သည်။ ဒေသခံ ပြည်သူအများစုက ထိုသတ္တုတူးဖော်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးရမှုသည် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှင့်ဆက်စပ်နေသည်ဟု ဆိုကြသည်။ နှစ်ဘက်အပစ်ခတ် ရပ်စဲရေး သဘောတူညီချက်သည်

နယ်မြေတည်ငြိမ်မှုကို ရစေခဲ့သည့်အတွက် သတ္တုတူးဖော်သည့် ကုမ္ပဏီများ ပြည်နယ်အတွင်း ဝင်ရောက်လာနိုင်ပြီး သတ္တုထုတ်ယူသည့် လုပ်ငန်းများ လုပ်လာနိုင်ခြင်း ဖြစ်သည်ဟု ဒေသခံ အသိုင်းအဝိုင်းများက မြင်ကြသည်။

၂၀၁၅ ခုနှစ်က နားထောင်ခဲ့သော စကားဝိုင်းများကဲ့သို့ပင် ယခုနှစ် စကားဝိုင်းတွင်လည်း ၎င်းတို့ပြည်နယ်တွင် မြေယာသိမ်းဆည်းမှု ပုံစံက အတူတူပင် ဖြစ်သည်ဟု ဒေသခံများက ယူဆသည်။ မြေယာသိမ်းယူမှု ဖြစ်ရပ် ဥပမာများအပေါ် ဒေသခံများ စိုးရိမ် ပူပန်နေရဆဲ ဖြစ်သည်။ ၎င်းတို့ မြေယာများကို တပ်မတော်နှင့် KNU နှစ်ဖွဲ့စလုံးက သိမ်းယူသွားသည့် ဖြစ်ရပ်များကို အစီရင်ခံ တင်ပြကြသည်။

အရှည်အဝေးကောင်းသောလမ်း၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြေခံအဆောက် အအုံနှင့် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အအုံများ နည်းပါးမှုတို့သည် ထပ်တွေ့ကြုံရသော ဖြစ်မြဲ အကြောင်းအရာ ဖြစ်သည်။ ဒေသခံပြည်သူများသည် ၂၀၁၅ ခုနှစ်ကကဲ့သို့ တူညီသော အခြေအနေများကို ဆက်ကြုံနေရဆဲ ဖြစ်သည်။ ၎င်းတို့တွင် မည်သည့်ဆေးဝါးမှ မရှိ၊ ဆေးရုံများ သို့မဟုတ် လုံလောက်သော ကျန်းမာရေးလုပ်သားများ မရှိဟု ထပ်လောင်း ပြောဆိုကြသည်။ လုံခြုံရေးအခြေအနေ တည်ငြိမ်မှုမရှိသောကြောင့် ကျွမ်းကျင်သော ဆရာဝန်များ အနေဖြင့် ၎င်းတို့မြို့နယ်များသို့ လာရောက်ရန် ကြောက်ရွံ့နေကြသည်ဟု ၎င်းတို့ ယုံကြည်ကြသည်။ ဤအချက်က မတည်ငြိမ်သောလုံခြုံရေးအခြေအနေ တစ်ရပ်သည် ဒေသခံ အသိုင်းအဝိုင်း များအပေါ် တိုက်ရိုက်ကော သွယ်ဝိုက်၍ပါ သက်ရောက်လျက်ရှိသည်ကို ဖော်ပြနေသည်။ တိုက်ရိုက်အားဖြင့် တည်ငြိမ်မှုမရှိသော လုံခြုံရေး အခြေအနေသည် ဒေသခံပြည်သူများကို မလုံခြုံဟု ခံစားရစေပြီး၊ သွယ်ဝိုက်သောအားဖြင့် ဆိုပါမူ ထိုအခြေအနေက လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများအပေါ် ကန့်သတ်မှုများ ဖြစ်ပေါ်စေပြီး၊ အခြေခံ အဆောက်အအုံဖွံ့ဖြိုးမှုကပါ ကန့်သတ်လိုက်သည်။

## နားထောင်ခြင်းရလဒ်များမှ ကွဲပြားချက်များ - ၂၀၁၅ မှ ၂၀၁၆ ခုနှစ်

လူမှုအသိုင်းအဝိုင်းများအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သိရှိမှုသည် တဖြည်းဖြည်းတိုး တက်လာသည်ကို ၂၀၁၆ ခုနှစ်၏ နားထောင်ခြင်း စကားဝိုင်းက ပြသသည်။ ယခင်နားထောင်ခြင်း စကားဝိုင်းတွင် ပါဝင်ဖြေဆိုသူ အများစု ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကြောင်း သူတို့သိသည်မှာ အနည်းအကျဉ်းသာဖြစ်သည်ဟု ပြောဆိုခဲ့ ကြသည်။ ၂၀၁၆ ခုနှစ်တွင် ပါဝင်ဖြေဆိုသူအများစုက

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း ပိုမိုသိရှိလာသည်ကို ငြိမ်းချမ်းရေးဖြစ်စဉ်တိုးတက်မှုဆိုင်ရာ အရေးကြီးအချက်များအား ထောက်ပြပြောဆိုခြင်းဖြင့် ပြသခဲ့ကြသည်။ ကရင်ပြည်နယ်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်ကို မည်သို့ ရှေ့ဆက်ဆောင်ရွက်ရန်နှင့် မည်သို့ ကောင်းမွန်အောင် လုပ်ဆောင်ရန်စသည့် ၎င်းတို့ကိုယ်ပိုင် တင်ပြချက်များကိုလည်း မျှဝေ ခဲ့ကြသည်။

အခြားသတိပြုစရာကွဲပြားချက်တစ်ခုမှာ ဒေသခံပြည်သူများသည် ၎င်းတို့ ကရင်ပြည်သို့ လာရောက် အလုပ် လုပ် ကိုင်သော အန်ဂျီအိုအဖွဲ့များနှင့် အန်ဂျီအိုဝန်ထမ်းများအပေါ် အကောင်းမြင်မှုများ ပိုရှိလာပုံရသည်။ ဤအချက်က ၂၀၁၅ ခုနှစ်က ကြားခဲ့ရသော ဒေသခံများ၏ အပြောနှင့် ကွဲလွဲသည်။ ယခင်နှစ်က အန်ဂျီအိုအဖွဲ့များနှင့် အန်ဂျီအိုလုပ်သားများသည် ၎င်းတို့ လူမှုအသိုင်းအဝိုင်းများအပေါ် ခွဲခြားဆက်ဆံမည်ကို စိုးရိမ်ပူပင်မိကြောင်း တချို့ဒေသခံများက ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ ၂၀၁၅ ခုနှစ်က ဒေသခံအချို့က ယူဆသည်မှာ အန်ဂျီအိုအဖွဲ့များသည် အချို့ရွာများကို ကူညီသော်လည်း အခြားရွာများကိုမူ ၎င်းတို့၏ တိုင်းရင်းသားလူမျိုးစုနှင့် ဘာသာရေးမတူကွဲပြားမှုပေါ် အခြေခံ၍ ချန်လုပ်ထားခဲ့သည်ဟု ထင်မြင်ခဲ့ကြသည်။

မူးယစ်ဆေးဝါးကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအသုံးပြုမှုကြောင့် ဖြစ်ပေါ်လာသောနောက်ဆက်တွဲ ချိုးဖောက်မှုသည် ၂၀၁၆ ခုနှစ်တွင် သိသိသာသာ ပိုများလာသည်ဟု ဒေသခံပြည်သူများက မှတ်ချက်ပြုသည်။ မူးယစ်ဆေးဝါး ကုန်ကူးမှုသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုးတက်မှုနှင့်အတူ တိုးများလာသည်ဟု ဒေသခံတို့က ယူဆကြသည်။ ၎င်းတို့ကျေးရွာများနှင့် မြို့များတွင် တရားမဝင်မူးယစ်ဆေးဝါးအမျိုးမျိုး အများအပြား ရရှိလာနေခြင်းအပေါ် စိုးရိမ် နေကြသည်။ ဤအခြေအနေသည် အထူးသဖြင့် လူငယ်မျိုးဆက်များအပေါ် အကြီးအကျယ် သက်ရောက်လျက် ရှိသည်။

၂၀၁၆ ခုနှစ် နားထောင်ခြင်းစကားဝိုင်းများအတွင်း မကြာခဏ ကြားရသော အခြားအကြောင်းအရာတစ်ခုမှာ ၎င်းတို့ ဒေသများအတွင်း လှုပ်ရှားနေသော ပြည်သူ့စစ်အဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အမျိုးမျိုးက ကောက်ခံသော တရားမဝင် အခွန်ပေးရခြင်း ဖြစ်သည်။ ထိုအဖွဲ့များသည် အုပ်ချုပ်ရေးဆိုင်ရာအာဏာပိုင် အမျိုးမျိုးသဖွယ် ပြုမူကြပြီး မတူကွဲပြားသော အခွန်အခ အမျိုးမျိုးကိုလည်း ကောက်ခံသည်ဟု ရှင်းပြသည်။ ထို ထပ်ဆောင်းပေးရသော အခွန်များကြောင့် ယခင်ကတည်းက အကြီးအကျယ်ထိခိုက်နေပြီးသော ဒေသခံ ပြည်သူများ၏ စီးပွားရေးအခြေအနေကို ပိုမိုဆိုးဝါးစေသည်။

# မွန်ပြည်နယ်

*ကျွန်မတို့ရွာတစ်ရွာပဲ ငြိမ်းချမ်းနေတယ်ဆိုရင် ငြိမ်းချမ်းပြီလို့ မခေါ်နိုင်ဘူး။ တတိုင်းပြည်လုံး ငြိမ်းချမ်းစွာရှိနေပါမှ ကျွန်မတို့ ငြိမ်းချမ်းရေးရပြီလို့ ပြောနိုင်မှာ ဖြစ်ပါတယ်။*

- ချောင်းဆုံမြို့မှ မွန်အမျိုးသမီး

၂၀၁၆ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း နားထောင်သူအဖွဲ့ ၆ ဖွဲ့သည် မွန်ပြည်နယ်တဝှမ်း ခရီးသွားခဲ့ပြီး ဒေသခံပြည်သူ ၃၂၄ ဦးနှင့် စကားဝိုင်းပေါင်း ၈၈ ခုကို ပြုလုပ်ခဲ့သည်။ ၎င်းတို့သွားခဲ့သော ဒေသများတွင် သံဖြူဇရပ်၊ ရေးမြို့တောင်ပိုင်း၊ သထုံ၊ ဘီးလင်း၊ ကျိုက်ထိုနှင့် ချောင်းဆုံမြို့နယ်များရှိ ဒေသများပါဝင်သည်။ နားထောင်သူအဖွဲ့တဖွဲ့က ကရင်ပြည်နယ် ကော့ကရိတ် မြို့နယ်ရှိ မွန်အသိုင်းအဝိုင်းများသို့ ရောက်ရှိခဲ့ပြီး အခြားအဖွဲ့တဖွဲ့က မွန်ပြည်နယ်အတွင်း နေထိုင်သော ကရင်နှင့် ပအိုဝ်း အသိုင်းအဝိုင်းများကို အဓိကထား သွားရောက်ခဲ့သည်။ ယခုပါဝင်ဖြေဆိုထားသူများသည် မွန်၊ ဗမာ၊ ပအိုဝ်း တိုင်းရင်းသား လူမျိုးများနှင့် ဟိန္ဒူ လူမျိုးစုများမှ ဖြစ်သည်။

| ဇယား (၁၂) အဓိကအကြောင်းအရာများ | |
|---|---|
| ၁။ | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်စတင်ကတည်းက မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သည့် ချိုးဖောက်မှုများ၊ အထူးသဖြင့် လူငယ်များအကြား ဖြစ်ပွားမှု တိုးလာသည့်အပေါ် စိုးရိမ်ပူပင်ကြသည်ဟု ဖော်ပြကြသည်။ အစိုးရအနေဖြင့် မူးယစ်ဆေးဝါး သုံးစွဲသူများကိုသာ ဖမ်းဆီးခြင်းထက် မူးယစ်ဆေးဝါးထုတ်လုပ်သူများနှင့် ကုန်ကူးသူများကို ဖမ်းဆီးနိုင်ရေး အလေးထားဆောင်ရွက်ရန် မျှော်လင့်ကြသည်။ |
| ၂။ | ငြိမ်းချမ်းရေးအမှန်တကယ်ရရေးအတွက် လက်နက်ကိုင်အဖွဲ့များ NCA ကိုလက်မှတ်ရေးထိုးနိုင်ရန်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် လက်နက်ကိုင် အဖွဲ့များအားလုံး ယုံကြည်သောလုပ်ငန်းစဉ်တစ်ခု ဖြစ်ရန် လိုသည်ဟု ဒေသခံများက ယုံကြည်ကြသည်။ |

| ဇယား (၁၂) အဓိကအကြောင်းအရာများ | |
|---|---|
| ၃။ | အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များ နှစ်ဘက်စလုံးက အပစ်ခတ်ရပ်စဲရေးကို ထိန်းသိမ်းထားနိုင်ရန် ဒေသခံများ မျှော်လင့် ကြသည်။ ထိုအဖွဲ့များသည် ၎င်းတို့တပ်ဖွဲ့များအတွင်း ကျင့်ဝတ်စည်းကမ်းထိန်းသိမ်းရန် လိုအပ်ပြီး၊ ၎င်းတို့စစ်သားများက NCA တွင် ချမှတ်ထားသော မူဝါဒများကို လိုက်နာစေရမည်။ |
| ၄။ | အစိုးရက ၎င်းတို့ဒေသတွင် လျှပ်စစ်ဓါတ်အားပေးဌာန တစ်ခု မတည်ဆောက်ပေးသေးသောကြောင့် ဒေသခံများအနေဖြင့် လျှပ်စစ်မီးရရှိရေးမှာ ခက်ခဲလျက်ရှိနေသည်ဟု ဒေသခံများက တင်ပြကြသည်။ |
| ၅။ | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးကို ပါဝင်ခွင့်ပေးခြင်းဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အားလုံးပါဝင်မှုကို သေချာရအောင် အစိုးရအနေဖြင့် ဆောင်ရွက်ရန်လိုသည်ဟု ဒေသခံများက ဆိုသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားလူမျိုးတမျိုးမျိုးဖြစ်ခြင်းအပေါ် အခြေခံသော ခွဲခြားဆက်ဆံမှုမျိုး မပေါ်ပေါက်စေရန် အစိုးရအနေဖြင့် ဆောင်ရွက်သင့်သည်။ လက်နက်ကိုင်အဖွဲ့များ၏ တန်းတူညီမျှအခွင့်အရေးကိုလည်း အစိုးရက အာမခံပေးရန် လိုသည်။ |
| ၆။ | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ပိုမိုကောင်းမွန်သော လမ်းတံတားအဆောက်အအုံများ၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာရေးဆိုင်ရာဝန်ဆောင်မှုများကဲ့သို့သော တိုးတက်မှုအချို့ ဖြစ်ထွန်းလာစေသည်ဟု ဒေသခံများက အသိအမှတ်ပြုပြောဆိုကြသည်။ |
| ၇။ | ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ပြီး စစ်မှန်သော ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေး ရရန် ဒေသခံများက ဆန္ဒပြုကြသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်ပျက်သွားပါက တိုက်ခိုက်မှုများ ပြန်လည်စတင်မည်ကို ၎င်းတို့ စိုးရိမ်ကြသည်။ |
| ၈။ | ငြိမ်းချမ်းရေးဖြစ်စဉ် တိုးတက်မှုမရမည်ကို ဒေသခံ ပြည်သူများ စိုးရိမ်ကြသည်။ ထိုစိုးရိမ်မှု ဆက်လက် ရှိနေရ ခြင်း မှာ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ ငြိမ်းချမ်းရေးစကားဝိုင်းများ ကျင်းပနေစဉ်မှာပင် တပ်မတော်က အခြားတိုင်းရင်းသားအဖွဲ့များနှင့် ဆက်လက်တိုက်ခိုက်နေသည်ကို ၎င်းတို့ မြင်တွေ့နေရသောကြောင့် ဖြစ်သည်။ |

| ဇယား (၁၂) အဓိကအကြောင်းအရာများ | |
|---|---|
| ၉။ | အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့်အတွက် ဒေသခံပြည်သူအများအပြားက နိုင်ငံရပ်ခြားသို့ သွားရောက်ကာ အလုပ်ရှာဖွေနေကြရကြောင်း ထိုဒေသခံအသိုင်းအဝိုင်းများကဆိုသည်။ အစိုးရအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် အထူးသဖြင့် ပြန်လာသည့် ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်ဖန်တီးပေးစေလိုသည်။ |
| ၁၀။ | ကျေးလက်ဒေသများရှိ ပြည်သူများသည် မြစ်များကူးဖြတ်ရန် တံတားများနှင့် လမ်းအဆောက်အအုံများ ပိုမိုကောင်းမွန်စွာ ရရှိချင်သည်။ |
| ၁၁။ | ဒေသခံများသည် အုပ်ချုပ်မှုအာဏာပိုင် အများအပြား၊ အစိုးရ နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ စသည့်တို့၏ဒဏ်ခံနေရသောကြောင့် စိတ်ပျက်လက်ပျက်ဖြစ်နေရသည်ဟု ထုတ်ဖော်ပြောဆိုကြသည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့က မူဝါဒများ ချမှတ်ပါက ဒေသခံများ၏လိုအပ်ချက်များနှင့် အတွေ့အကြုံများ ရယူရန် ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်ရန် မျှော်လင့်ကြသည်။ |
| ၁၂။ | ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံများ လုံလောက်စွာဖြင့် အခမဲ့ ရရှိလိုကြသည်။ |
| ၁၃။ | ဒေသခံပြည်သူများက ၎င်းတို့အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အပြည့်အဝ နားလည်ခြင်း မရှိဟု ဆိုကြပြီး အစိုးရ၊ အောက်ခြေလူထုအခြေစိုက်အဖွဲ့များနှင့် လူမှုအခြေပြုအဖွဲ့အစည်းများက ထိုလုပ်ငန်းစဉ် အကြောင်း ၎င်းတို့ထံ အကြောင်းကြား ပြောကြားပေးရန် မျှော်လင့်ကြသည်။ အစိုးရအနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ လက်ရှိအခြေအနေကို ၎င်းတို့ထံ စဉ်ဆက်မပြတ် တင်ပြပေးရန် ဒေသခံများက တောင်းဆိုသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ၎င်းတို့ အမှန်တကယ် ကူညီချင်သည့် ဆန္ဒကိုလည်း ထုတ်ဖော်ပြောဆိုကြသည်။ |
| ၁၄။ | အဆင့်မြင့်ပညာရေး သင်ကြားပေးရန်လည်း ဒေသခံများက အစိုးရထံ တောင်းဆိုသည်။ အစိုးရကဆရာ၊ ဆရာမများအတွက် လစာတိုးမြှင့်ပေးရန် ဒေသခံများက မျှော်လင့်ကြသည်။ သို့မှသာ ကျောင်းသားများအား ကျူရှင်ထားရသည့်အတွက် အပိုငွေ ကုန်ရခြင်းမှ ကင်းလွတ်နိုင်မည် ဖြစ်သည်။ |

| ဇယား (၁၂) အဓိကအကြောင်းအရာများ | |
|---|---|
| ၁၅။ | တိုင်းပြည်က ဖွံ့ဖြိုးတိုးတက်လာနေသည့်အတွက် စိတ်ကျေနပ်မှု ရှိသည်ဟု ဒေသခံများက ဆိုသည်။ သို့သော် ထိုတိုးတက်မှုများ၏ ဆိုးကျိုးသက်ရောက်မှုများ အပေါ် စိုးရိမ် ပူပန်နေကြရသည်။ ဓနရှင်သူဌေးများနှင့် ငွေကြေးကြွယ်ဝသော ကုမ္ပဏီများ ၎င်းတို့ဒေသသို့ လာရောက်ကာ တင်းမာမှုများ ဖန်တီးခြင်း နှင့် ၎င်းတို့ဒေသရှိ သဘာဝ သယံဇာတများ ထုတ်ယူပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်ကျန်ခဲ့ရနိုင်သည့်အပေါ် ၎င်းတို့ စိုးရိမ်ကြသည်။ |
| ၁၆။ | အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များသည် ဒေသခံများ၏ လိုအပ်ချက်များနှင့် လိုလားချက်များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲ့သွင်း စဉ်းစားရန် ဒေသခံအသိုင်း အဝိုင်းများက မျှော်လင့်ကြသည်။ |
| ၁၇။ | နိုင်ငံတော် ဘဏ္ဍာငွေကို ပြည်နယ်အသီးသီးသို့ တန်းတူခွဲဝေပေးမှု မရှိဟု ဒေသခံပြည်သူများက ယူဆကြသည်။ နိုင်ငံတော်ဘဏ္ဍာငွေကို စစ်တပ်အတွက် အများအပြား ရင်းနှီးအသုံးပြုနေသည့်အပေါ်လည်း ၎င်းတို့ သဘောမတူပါ။ ထိုအစား ဘဏ္ဍာငွေကို လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံ သင့်သည်ဟု ၎င်းတို့ ပြောဆိုသည်။ |
| ၁၈။ | အစိုးရအဖွဲ့အတွင်း လာဘ်စားမှုများ ပွထ နေသည့်အပေါ် စိုးရိမ်ပူပန်မိကြောင်း ၎င်းတို့ စိုးရိမ်ချက်ကို ဖွင့်ဟ ပြောဆိုသည်။ |
| ၁၉။ | နိုင်ငံရေးပါတီများသည် ၎င်းတို့ ဒေသအတွင်း အကွဲအပြဲ နှင့် တင်းမာမှုများ ဖြစ်ပွားရန် ဖန်တီးနေကြ သည်ဟု ပါဝင်ဖြေဆိုသူများက ယုံကြည်ကြသည်။ |
| ၂၀။ | တိုင်းပြည်တွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဖက်ဒယ်ရယ်ပြည်ထောင်စု နှင့် ဒီမိုကရေစီစနစ် တို့ လိုအပ်ကြောင်း ဒေသခံအသိုင်းအဝိုင်းများက ထုတ်ဖော်ပြောဆိုကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆက်မရှိပါက တိုင်းပြည်သည် ဖက်ဒရယ်ပြည်ထောင်စု တစ်ခု မဖြစ်လာမည်ကို စိုးရိမ်ကြသည်ဟု ၎င်းတို့ ထုတ်ဖော်ပြောဆိုသည်။ |
| ၂၁။ | အောင်မြင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ခု ဖြစ်ပေါ်လာရေးအတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ရန် လိုအပ်သည်ဟု ဒေသခံပြည် သူများက ဆိုသည်။ |

| ဇယား (၁၂) အဓိကအကြောင်းအရာများ | |
|---|---|
| ၂၂။ | ငြိမ်းချမ်းရေးဖြစ်စဉ် စတင်ကတည်းက အကောင်းဘက်ပြောင်းလဲမှုတစ်ချို့ရှိခဲ့ကြောင်း ဒေသခံများက အသိအမှတ်ပြု ပြောဆိုသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်မတိုင်ခင်က စစ်တပ်နှင့် လက်နက်ကိုင်တပ်ဖွဲ့များအကြား အကြမ်းဖက် ပဋိပက္ခများကြောင့် အခက်အခဲ အမျိုးမျိုးကို ကျေးရွာများ ကြုံခဲ့ရသည်။ အတင်းအဓမ္မလုပ်အားပေးခိုင်းစေခံရရန် ပေါ်တာဆွဲခံရပြီး အထူးသဖြင့် စစ်တပ် တန်းလျားများဆောက်ရန်အတွက် ပေါ်တာဆွဲခံရခြင်း ဖြစ်သည်။ |
| ၂၃။ | ရာဘာဈေးနှုန်း ကျဆင်းခြင်းနှင့် အခြေခံ စားသောက်ကုန်ဈေးနှုန်းမြင့်မားခြင်းတို့ကြောင့် ရာဘာစိုက်ပျိုးသူ များသည် အခြေခံ လိုအပ်ချက်များ ဖြည့်ဆည်းရန်ပင် မတတ်နိုင်ကြသည် ဒေသခံပြည်သူများက ဆိုသည်။ |
| ၂၄။ | သံလွင်မြစ်ပေါ် ရေကာတာတည်ဆောက်ခြင်းသည် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု အတော်လေး ဖြစ်ပွားရသည်ဟု ဒေသခံများက ဆိုသည်။ |
| ၂၅။ | မွန်လူမှုအသိုင်းအဝိုင်းများက မွန်ဘာသာစကားကို တရားဝင် အသိအမှတ်ပြုကာ အစိုးရကျောင်းများတွင် သင်ကြားနိုင်ရန် မျှော်လင့်ကြသည်။ |

**ဇယား (၁၃) မွန်ပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ**

၁။ **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သင် ဘယ်လို ထင်မြင် ခံစားရပါသလဲ။**

- ငြိမ်းချမ်းရေးဆိုသည်မှာ တဦးချင်း သဘောထားများအပေါ်တွင် မှီတည်သည်ဟု ဒေသခံများက ဆိုသည်။ ပြည်သူများအနေဖြင့် လူမှုအဝန်းအဝိုင်းအတွင်း ခွဲခြားဆက်ဆံခံရသည်ဟု မခံစားရသင့်ပေ။
- မြန်မာပြည်မြောက်ပိုင်း ရှေ့တန်းဒေသများတွင် အောက်ခြေစစ်သားများ တိုက်ပွဲများ ဆက်လက် တိုက်နေသည့်အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်သည် "ထိပ်ပိုင်းအဆင့်" သို့မဟုတ် ခေါင်းဆောင်များ အပေါ်တွင်သာ သက်ရောက်မှု ရှိသည်ဟု ဒေသခံပြည်သူများက ယူဆကြသည်။
- ငြိမ်းချမ်းလာစေရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုသည် အချိန်ကြာမြင့်လိမ့်မည်ကို ဒေသခံများ သတိပြုမိကြသည်။

၂။ **ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် သင်ပါဝင်ခဲ့ရပါက မည်သည့်အကြောင်းအရာမျိုး ပြောဆို ဆွေးနွေးမည်နည်း။**

- ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် မွန်ပြည်နယ်၌ ဖြစ်ပွားနေသော မူးယစ်ဆေးဝါးပြဿနာကို ထည့်သွင်းဆွေးနွေးစေချင်ပြီး၊ အာဏာပိုင်များအနေဖြင့် အကြီးစား မူးယစ်ဆေးဝါး ထုတ်လုပ်သူများနှင့် ကုန်ကူးသူများကို ဖမ်းဆီးရန် မျှော်လင့်ကြသည်။
- ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူငယ်များ၏အသံ သဘောထားများ ပါဝင်သင့်သည်ဟု ဒေသခံပြည်သူများက ဆိုသည်။

၃။ **သင့်တဦးတည်းအမြင်အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိက ပါဝင်သင့်သည့် အကြောင်းအရာများက ဘာများ ဖြစ်မည်နည်း။**

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အောင်မြင်စေချင်သည်၊ တွေ့ဆုံဆွေးနွေးဖက် အဖွဲ့များ လေးစားမှု ရှိရန်လိုပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး၏ တန်းတူညီမျှအခွင့်အရေးကို အသိအမှတ်ပြုရမည်ဟု ဖော်ပြကြသည်။ တိုင်းပြည်တွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံး ပါဝင်ရန် လိုအပ်သည်။ သို့မဟုတ်ပါက တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေလိမ့်မည်။

| ဇယား (၁၃) | မွန်ပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ |
| --- | --- |
| | • ဒေသတွင်း လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု အရေးကြီးမှုကို ပါဝင်ဆွေးနွေးချင်သည်။ ထိုအထဲတွင် လမ်း နှင့် တယ်လီဖုန်းဆက်သွယ်ရေးဆိုင်ရာ အဆောက်အအုံများ၊ လျှပ်စစ်မီးနှင့် ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ စသည်တို့ ပါဝင်သည်။ အရည်အသွေးမြင့်ကျောင်းသုံးစာအုပ်များထုတ်ပေးခြင်းနှင့် သင်ရိုးညွှန်းတမ်းများ ပြင်ဆင်သုံးသပ်ခြင်းတို့ဖြင့် ပညာရေးဝန်ဆောင်မှုများ တိုးတက်ရေးကို မြင်တွေ့လိုသည်။<br>• ဗဟိုအစိုးရမှ နိုင်ငံရေးအာဏာကို ပြည်နယ်အဆင့်သို့ လွှဲပြောင်းနိုင်ရန် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးသည်လည်း လိုအပ်ချက်ဖြစ်ကြောင်း ဒေသခံပြည်သူများက ဖော်ပြကြသည်။<br>• ၎င်းတို့ဒေသများအတွင်း အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ရပ်များ အများအပြားဖြစ်ပွားနေပြီး ထိုကိစ္စရပ်များကို ဖြေရှင်းရန် လိုအပ်ကြောင်း ဒေသခံများက ထုတ်ဖော်ပြောဆိုကြသည်။ အောက်ခြေကွန်မြန်နီတီအဆင့်တွင် ငြိမ်းချမ်းမှုမရှိပါက တိုင်းပြည်အဆင့်အထိ ငြိမ်းချမ်းရေး မရနိုင်ပါ။ |
| ၄။ | **အောင်မြင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တခုမှ သင်ဘာတွေကို မျှော်လင့်လဲ။**<br>• အစိုးရသည် ၎င်း၏ ကတိကဝတ်များကို လိုက်နာပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တလျှောက် ရိုးသားစွာ ပြုမူ ဆောင်ရွက်မည်ဟု ဒေသခံ အသိုင်းအဝိုင်းများက မျှော်လင့်ကြသည်။<br>• တတိုင်းပြည်လုံး ငြိမ်းချမ်းမှုအတိ ရှိစေချင်ကြသည်။ မတူကွဲပြားသောတိုင်းရင်းသားအုပ်စုများကို လည်း ၎င်းတို့၏ တိုင်းရင်းသားယဉ်ကျေးမှုကိုသာ ဗဟိုပြုစဉ်းစားပြုမူမှုများ လျှော့ချစေချင်ကြသည်။<br>• စစ်မှန်သော ဖက်ဒရယ် အစိုးရတစ်ရပ်ဖြစ်လာပြီး၊ တိုင်းရင်းသားလူမျိုးစုအဖွဲ့အားလုံးမှ စစ်သားများဖြင့် ပါဝင်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်တစ်ခု ဖြစ်ပေါ်လာမည်ဟု ဒေသခံများက မျှော်လင့်ကြသည်။ |

| ဇယား (၁၃) | မွန်ပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ |
|---|---|
| ၅။ | **ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စတင်ကတည်းက မည်သည့်အရာများ ပြောင်းလဲလာခဲ့သနည်း။**<br>• "အခွန်ကောက်" ခြင်းများ အထူးသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ကောက်ခံမှုများ လျော့ကျလာသည်ဟု ဆိုကြပြီး အတင်းအဓမ္မလုပ်အားပေး/ ပေါ်တာလိုက်ရခြင်းများ လျော့လာသည်ဟု ဒေသခံများကဆိုသည်။ ဒေသခံ ပြည်သူများကို တပ်မတော်စစ်သားများက လမ်းပြအဖြစ် ဆောင်ရွက်ပေးရန် ခေါ်ဆောင်ခြင်းခံရသော်လည်း ယခုကာလတွင် အမိန့်ပေး ပြောဆိုခြင်းထက် တောင်းဆိုမှု ပြုလုပ်ခြင်း ပုံစံ ပိုဖြစ်သည်။<br>• အန်ဂျီအိုအဖွဲ့များကို ၎င်းတို့ဒေသများအတွင်း ဝင်ရောက်ခွင့် ပြုထားပြီး သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ခွင့်ရထားသောကြောင့် ဒေသခံအသိုင်းအဝိုင်းများ အနေဖြင့် နိုင်ငံသားဆိုင်ရာလှုပ်ရှားမှုများတွင် ပို မိုပါဝင်လှုပ်ရှားလာနိုင်ကြသည်ဟု ဒေသခံပြည်သူများက ဆိုသည်။<br>• တနေရာမှ တခြားတနေရာသို့ ခရီးသွားလာရာတွင် ပိုမိုလွယ်ကူလာသည်ဟု ဒေသခံများက ထုတ်ဖော်ပြောဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် စစ်ဆေး ရေးဂိတ်များ နည်းပါးလာပြီး၊ ဒေသခံပြည်သူများသည်လည်း စစ်သားများ၏ မေးခွန်းမေးမြန်းခြင်း မခံရတော့သောကြောင့် ဖြစ်သည်။<br>• မတူကွဲပြားသော လက်နက်ကိုင်အဖွဲ့များအကြား တိုက်ခိုက်မှုများ နည်းပါး လာသည်ဟု ဒေသခံများက ဆိုသည်။ |
| ၆။ | **လက်ရှိ သင် စိုးရိမ် ပူပန်သောအကြောင်းအရာတစ်ခုက ဘာဖြစ်မလဲ။**<br>• တရားမဝင် မူးယစ်ဆေးဝါးသုံးစွဲသူများ အထူးသဖြင့် လူငယ်များအကြား များပြားလာခြင်းသည် ဒေသခံလူမှုအသိုင်းအဝိုင်းများအတွက် အကြီးဆုံး ပူပန်ရမှု ဖြစ်သည်ဟု ၎င်းတို့ ထုတ်ဖော် ပြောဆိုကြသည်။<br>• ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရေရှည်တည်တံ့မှုအပေါ် ဆက်လက်စိုးရိမ်နေရကြဆဲ ဖြစ်သည်။<br>• ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော မြေယာသိမ်းယူမှုနှင့် မြေယာအငြင်းပွား မှုများအတွက် စိုးရိမ်နေကြရဆဲ ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ မြေယာမှတ်ပုံ တင်ခြင်းဆိုင်ရာလုပ်ငန်းစဉ် အကြောင်း ကောင်းစွာ နားလည်မှု မရှိခြင်းကြောင့် ဖြစ်ရသည်ဟု ၎င်းတို့က ယုံကြည်ကြသည်။ |

| ဇယား (၁၃) | မွန်ပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ |
|---|---|
| | • ဘာသာရေးတင်းမာမှုများ ဖြစ်လာနိုင်သည့်အပေါ် ဒေသခံများက စိုးရိမ်ကြသည်။<br>• အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်နေသည့်အပေါ် ဒေသခံများ စိုးရိမ်ကြသည်။ |
| ၇။ | **သင့် ရပ်ကွက်၊ ကျေးရွာတွင် မည်သို့သော ပြောင်းလဲမှု မြင်တွေ့လိုသနည်း။**<br>• ခရီးသွားလာရေးအတွက် ပိုမိုလွယ်ကူစေမည့် လမ်းအဆောက်အအုံနှင့် ပိုမိုကောင်းမွန်သော ပို့ဆောင်ဆက်သွယ်ရေး ရရှိလိုသည်။<br>• မွန်လူမှုအသိုင်းအဝိုင်းများသည် မွန်စာပေကို တိုးတက်မြင့်မားစေချင်ပြီး မွန်သာသာစကားကို မွန် လူမှုအသိုင်းအဝိုင်းအားလုံး လက်လှမ်းမှီ သင်ယူရစေချင်သည်။<br>• ပြည်နယ်၏ သဘာဝသယံဇာတများဖြစ်သော ပုဇွန်များ၊ ငါး၊ သစ်နှင့် ကျွန်းသစ်တို့မှ အကျိုးအမြတ်များ ခံစားရရှိချင်သလို ထိုသယံဇာတများကို ရယူပိုင်ခွင့်လည်း ရလိုသည်။<br>• တနေ့နေ့ တချိန်ချိန်တွင် စီးပွားရေးတည်တည်ငြိမ်ငြိမ်ဖြင့်၊ အလုပ်အကိုင် အခွင့်အလမ်း ကောင်းကောင်း ရှိကာ စီးပွားရေးအရ လုံခြုံမှု ရှိသော ငြိမ်းချမ်းသည့်ဘဝတစ်ခု တည်ဆောက်နိုင်လိမ့်မည်ဟု ဆန္ဒရှိကြသည်။ |
| ၈။ | **သင့်အသိုင်းအဝိုင်းတွင် အပြောင်းအလဲများ ရရှိစေရန် မည်သည့်အကူအညီများ ရှိနေရန် လိုအပ်သနည်း**<br>• စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တစ်ခုကသာ ထိုအပြောင်းအလဲများ ယူဆောင်ပေးလာ လိမ့်မည်ဟု ၎င်းတို့ ယုံကြည်ကြသည်။<br>• အစိုးရအနေဖြင့် လာဘ်စားမှုများကို အဆင့်အလိုက် ဖြေရှင်းရန်လိုအပ်ပြီး ကောင်းမွန်သော အုပ်ချုပ်ရေး တစ်ရပ် ဖန်တီးရန် လိုကြောင်း ပြောဆိုကြသည်။<br>• မညီမျှမှုလျော့ချရန်နှင့် လူတိုင်းအတွက် ပိုမိုကောင်းမွန်သော ဘဝရပ်တည်ရေး အခွင့်အလမ်း များ ဖန်တီးပေးခြင်းဖြင့် အစိုးရကကူညီပေးရန် ဒေသခံအသိုင်း အဝိုင်းများက တောင်းဆိုသည်။<br>• အစိုးရအနေဖြင့် အိမ်တွင်းအကြမ်းဖက်မှု ကိစ္စရပ်ကိုဖြေရှင်းမည့် မူဝါဒများ ချမှတ်ပေးရန် လိုအပ်သည်ဟု ဒေသခံများက ဖော်ပြကြသည်။ |

| ဇယား (၁၃) | မွန်ပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ |
|---|---|
| ၉။ | **သင့်အသိုင်းအဝိုင်းတွင် ပြောင်းလဲမှုများ အောင်မြင်စေရန် သင်မည်ကဲ့သို့ ပါဝင်ဆောင်ရွက်နိုင်မည်နည်း။**<br>• လူမှုအသိုင်းအဝိုင်းများတိုးတက်ရေးအတွက် ဆောင်ရွက်ရမည်များနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်သူများအား အကြံဉာဏ်ပေးခြင်းနှင့် အကြံပြုချက်များ ပေးခြင်းတို့ဖြင့် ၎င်းတို့ ပါဝင် ကူညီချင်ကြသည်။<br>• ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နေသော တွေ့ဆုံဆွေးနွေးနေသည့်အဖွဲ့များကို ကူညီချင်သည် ဟု ဒေသခံများက ဆိုကြသည်။ |
| ၁၀။ | **သင့် ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် သင့်ပြည်နယ်တွင် လက်ရှိ ရင်ဆိုင်နေရသော အကြီးမားဆုံး ပြဿနာက ဘာလဲ။**<br>• တရားမဝင်မူးယစ်ဆေးဝါးအသုံးပြုမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်သူများနှင့် ရောင်းချသူများ များပြားလျက်ရှိသည်ဟု ဒေသခံများက ဆိုကြသည်။<br>• မွန်ပြည်နယ်တွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းကောင်းမရှိဟု ဆိုကြသည်။ ရာဘာ ဈေးနှုန်းက အလွန်အမင်း ကျဆင်းလျက်ရှိသော်လည်း အသက်ရှင်ရပ်တည်ရေး အတွက် ဒေသခံအတော်များများက ရာဘာစိုက်ပျိုးရေး လုပ်ငန်းအပေါ် မှီခိုနေရသည်။ ရာဘာခြံ လုပ်ငန်းမှာလည်း ရာသီအလိုက်လုပ်ရသည့်လုပ်ငန်း ဖြစ်သည့်အတွက် ဤသည်က နောက်ထပ်အခက်အခဲ တခုဖြစ်သည်။<br>• မွန်ပြည်နယ်တွင် ရွှေတူးဖော်သည့်လုပ်ငန်းများ လုပ်ကိုင်နေခြင်းကြောင့် ၎င်းတို့၏ ရေအရင်း အမြစ်များ ညစ်ညမ်းရသည်ဟု ဒေသခံပြည်သူများက ထုတ်ဖော်ပြောဆိုကြသည်။<br>• ၎င်းတို့ခေါင်းဆောင်အချို့သည် ၎င်းတို့ကိုယ်စားပြုသည့် ပြည်သူလူထုအကျိုးထက် ၎င်းတို့ကိုယ်ကျိုးစီးပွားကိုသာ ကြည့်ကြသည်ဟု ဒေသခံအသိုင်းအဝိုင်းများက ဖော်ပြကြသည်။ |

| ဇယား (၁၃) | မွန်ပြည်နယ် သတ်မှတ်မေးခွန်းများမှ ထွက်ပေါ်လာသော အဓိကအကြောင်းအရာများ |
|---|---|
| ၁၁။ | **ထိုစိန်ခေါ်မှုများ ကျော်လွှားနိုင်ရန် သင်မည်ကဲ့သို့ ကူညီနိုင်မည်နည်း။**<br>• ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ တိုးတက်ရရှိရန် လိုအပ်ပြီး၊ လမ်းများ ပိုကောင်းလာရန်နှင့် လျှပ်စစ်မီးရရှိရန် လိုအပ်သည်။<br>• အစိုးရအရာရှိများ၊ နိုင်ငံရေးပါတီများ နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ အနေဖြင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များအပေါ် နားထောင်ပြီး ၎င်းတို့၏ နေ့စဉ်ဘဝ စိန်ခေါ်ချက်များ ကို ဖြေရှင်းရန် ကူညီစေချင်သည်။<br>• ညစ်ညမ်းနေသောရေအရင်းအမြစ် သန့်ရှင်းစေရေးအတွက် ဝိုင်းဝန်းကူညီ ဖြေရှင်းပေးချင်သည်။<br>• တနိုင်ငံလုံးသို့ တရားဥပဒေစိုးမိုးမှု လွှမ်းခြုံမှု ရှိလာစေရန် မျှော်လင့်သည်။ |

## နားထောင်ခြင်းရလဒ်များမှ တူညီမှုများ - ၂၀၁၅ မှ ၂၀၁၆ ခုနှစ်

ယမန်နှစ်ကနှင့် အလားတူစွာ ၂၀၁၆ ခုနှစ်တွင် ဒေသခံပြည်သူများက ၎င်းတို့ကျေးရွာများတွင် အကောင်းဘက် ဦးတည်သော အပြောင်းအလဲများ မြင်တွေ့ရသည်ဟု ဆိုသည်။ ထိုအပြောင်းအလဲများသည် မွန်ပြည်သစ်ပါတီက အစိုးရနှင့် နှစ်ဘက်အပစ်ခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုခဲ့ပြီးသည့် ၂၀၁၁ ခုနှစ်က ဖြစ်သည်။ ယခုနှစ်အတွက် မှတ်မှတ်ရရ တိုးတက်မှုတခုမှာ ယခင်က အမဲရောင် နယ်မြေများအဖြစ် သတ်မှတ်ထားခံရသော ဒေသများကို ထိုသို့ သတ်မှတ်ခြင်း မပြုတော့ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ထိုဒေသများမှ ပါဝင်ဖြေဆိုသူများအနေဖြင့် နှောင့်ယှက်မှုနှင့် မေးခွန်းမေးခံရမှုများ ပိုနည်းလာပြီး အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခံရမှုမှလည်း လွတ်ကင်းလာသည်။ ၎င်းတို့အနေဖြင့် လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာခွင့် ပိုရလာသည်။ ထိုလူမှုအဝန်းအဝိုင်းများသို့ အန်ဂျီအိုအဖွဲ့များ ပိုမိုရောက်ရှိလာခြင်းက သိသာသော ပြောင်းလဲ တိုးတက်မှု ဖြစ်သည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် နားထောင်ခြင်းစကားဝိုင်းများအတွင်း ကြုံရသော အခြားအကြောင်းအရာတခုမှာ မွန်ပြည်နယ်အတွင်းရှိ မတူကွဲပြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ညီညွတ်ရေး ရှိစေချင် ကြောင်း ထုတ်ဖော်ပြောကြားသည့် ဆန္ဒပင် ဖြစ်သည်။

မတူကွဲပြားသော လူမှုအဝန်းအဝိုင်းများအတွင်း စည်းလုံး ညီညွတ်မှု လိုအပ်သည်ဟူသော ခံယူချက် ပြင်းပြလျက်ရှိဆဲ ဖြစ်သည်။ ထိုမတူကွဲပြားသော တိုင်းရင်းသား အဖွဲ့များအနေဖြင့် ၎င်းတို့ တိုင်းရင်းသားအဖွဲ့များ၏ လိုအပ်ချက်များအပေါ်တွင်သာ စဉ်းစားခြင်းကို ရပ်ပြီး တိုင်းရင်းသားအဖွဲ့များအားလုံး၏ လိုအပ်ချက်များကိုပါ စတင်စဉ်းစားရန် လိုကြောင်း ပါဝင်ဖြေဆိုသူ အချို့က ပြောဆိုကြသည်။

ဆက်ဖြစ်နေဆဲအကြောင်းအရာတစ်ခုမှာ တွေ့ဆုံဆွေးနွေးနေသည့်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တလျှောက်ရိုးသားစွာဆောင်ရွက်ကြရန်နှင့်ယုံကြည်မှုတည်ဆောက်ရန် လိုအပ်သည်ဟု ဒေသခံများက ဆိုသည်။ ယမန်နှစ်ကရော ယခုနှစ်ပါ ပါဝင်ဖြေဆိုခဲ့သော ပြည်သူများက ငြိမ်းချမ်းရေးစကားဝိုင်းများ ပြုလုပ် နေစဉ်အတွင်း တိုက်ခိုက်မှုများအားလုံး ရပ်ထားရန် လိုအပ်သည်ဟု ပြောဆိုကြသည်။ ထိုသို့ ရပ်ထားနိုင်မှသာ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်အပေါ် ရိုးသားကြောင်း ပြသသော နည်းလမ်းတစ်ခု ဖြစ်သည်ဟု ၎င်းတို့က ဆိုသည်။

ဒေသခံများသည် အစိုးရက အလုပ်အကိုင်ဖန်တီးပေးခြင်းဖြင့် ၎င်းတို့ဘဝရပ်တည်ရေး အခြေအနေများ တိုးတက် ကောင်းမွန် ကာ ဂုဏ်သိက္ခာရှိစွာ နေနိုင်ရေးအတွက် ၎င်းတို့ကို ကူညီပေးလိမ့်မည်ဟု မျှော်လင့်နေဆဲ ဖြစ်သည်။ ထိုအကြောင်းအရာနှင့် အနီးစပ်ဆုံးတစ်ခုမှာ အစိုးရအနေဖြင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများ သတ်မှတ်ပေးရန် လိုအပ်ခြင်းဖြစ်သည်။ သို့မှသာ အခြေခံလိုအပ်ချက်များဝယ်ယူအသုံးပြုနိုင်မည် ဖြစ်သည်။ မွန်ပြည်နယ်မှ ထွက်ကုန်များဖြစ်သည့် ဈေးနည်းနည်းဖြင့် ရောင်းချနေရသော ရာဘာ ဈေးနှုန်းကိုလည်း အစိုးရက သတ်သတ်မှတ်မှတ် ချမှတ်ပေးစေချင်သည်။

အစိုးရကိုယ်စားလှယ်များတွင် ဗမာမဟုတ်သောအရာရှိများ ပိုမို ပါဝင်လာစေရေးအတွက် တောင်းဆိုမှုကိုလည်း ဆက်လက်တောင်းဆိုသည်။ ထိုနည်းတူစွာ မွန်ပြည်နယ်ရှိ ကရင်ကျေး ရွာများနှင့် ကရင်ပြည်နယ်ရှိ မွန်ကျေးရွာမှ ပါဝင်ဖြေဆိုသူများက ထိုကိုယ်စားပြုမှုအပေါ် ၎င်းတို့ဆန္ဒကို ထပ်လောင်း ပြောဆိုကြသည်။ အဘယ်ကြောင့် ဆိုသော် ဤကာလ၌ လွှတ်တော်တွင် ၎င်းတို့အား ကိုယ်စားပြုနိုင်သူများကို ဆန္ဒမဲပေးမရွေးချယ်နိုင်သော ကြောင့်ဖြစ်သည်။

တရားမဝင် မူးယစ်ဆေးဝါးအသုံးပြုမှုများပြားလာခြင်းက ပြည်နယ်တစ်ခုလုံးရှိ လူမှုအသိုင်း အဝိုင်းများအတွက် အလွန် စိုးရိမ်ပူပန်စရာအဖြစ် ဆက်ရှိနေသည်။ ဒေသအတွင်းတွင်

မွန်ပြည်သစ်ပါတီကို မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတွင် အဓိကဆောင်ရွက်သောအဖွဲ့အဖြစ် အသိအမှတ်ပြုမှု ဆက်ရှိနေသည်။

ပြည်နယ်တလွှားရှိ ဒေသခံအသိုင်းအဝိုင်းများက လူမှုရေးဝန်ဆောင်မှုများ လုံလုံလောက်လောက်ရရှိချင်သည့် ဆန္ဒကို ထပ်လောင်း ပြောဆိုကြသည်။ ကျန်းမာရေးစောင့်ရှောက်မှုမလုံလောက်ခြင်းနှင့် ပညာရေးဝန်ဆောင်မှု ချို့တဲ့ခြင်းတို့သည် ပိုမိုကောင်းမွန်သောဘဝများဖြစ်လာရေးအတွက် အတားအဆီးများ ဖြစ်နေဆဲ ဖြစ်ကြောင်း ပြောဆိုကြသည်။ အစိုးရက ထိုဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရန် ဒေသခံများက မျှော်လင့်ကြသည်။ ထို့အတူ လမ်းနှင့်လျှပ်စစ်မီးဆိုင်ရာ အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်ရန် လိုအပ်ကြောင်းလည်း ဒေသခံများက ထပ်လောင်း ပြောဆိုသည်။

မွန်ပြည်နယ်ရှိ ပါဝင်ဖြေဆိုသူများက မွန်ဘာသာစကား၊ မွန်ယဉ်ကျေးမှု၊ မွန်စာပေတို့ကို တရားဝင် အသိအမှတ်ပြုစေချင်သည့် ဆန္ဒ အပြင်းပြဆုံး ဖော်ပြကြသူများရှိသော တခုတည်းသော ပြည်နယ် ဖြစ်နေဆဲ ဖြစ်သည်။ မွန်ဘာသာစကား၊ ယဉ်ကျေးမှုနှင့် စာပေတို့ကို ထိန်းသိမ်းရန်အတွက် အစိုးရ၏ အကူအညီ လိုအပ်သည်ဟု ၎င်းတို့က ထုတ်ဖော်ပြောဆိုသည်။ ဘာသာစကားနှင့် ယဉ်ကျေးမှု ထိန်းသိမ်းရေးဆိုင်ရာ ကြိုးပမ်းချက်များအဖြစ် မွန်ဘာသာစကားကို အစိုးရကျောင်းများ၌ သင်ကြားခွင့်ရရေးနှင့် မွန်ဘာသာသင် ဆရာ ဆရာမများကို သင့်တင့်သောလစာ ထောက်ပံ့ပေးရေးတို့ဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်ကြောင်း မကြာခဏဆိုသလို ထုတ်ဖော်ပြောဆိုကြသည်။

## နားထောင်ခြင်းရလဒ်များမှ ကွဲပြားချက်များ - ၂၀၁၅ မှ ၂၀၁၆ ခုနှစ်

ယခုနှစ်အတွင်း နားထောင်ခဲ့ရသော စိုးရိမ်ချက်များထဲမှ တခုမှာ ခိုင်လုံသော အကြောင်းခြင်းရာအဖြစ် ပေါ်ထွက်လာပြီး ဤအချက်မှာ ၂၀၁၅ ခုနှစ်က မပါဝင်ခဲ့ပေ။ ထိုစိန်ခေါ်ချက်မှာ ဒေသခံများသည် အုပ်ချုပ်ရေး အာဏာပိုင်နှစ်ဖွဲ့ဖြစ်သော ပြည်နယ်အစိုးရနှင့် မွန်ပြည်သစ်ပါတီတို့၏ဒဏ်ကို ခံနေရသည့်အချက်ဖြစ်သည်။ ယခုနှစ် နားထောင်ခြင်းစကားဝိုင်းတွင် ကရင်ပြည်နယ်ကော့ကရိတ်မြို့နယ်နှင့် မွန်ပြည်နယ်သထုံမြို့နယ်တို့ကဲ့သို့ အုပ်ချုပ်မှုအာဏာ ရောယှက်ဆက်စပ်နေသောမြို့နယ်များတွင် ပြုလုပ်ခဲ့သော စကားဝိုင်းများ ပါဝင်သောကြောင့် ဤအခြေအနေဖြစ်လာခြင်းလည်း ဖြစ်နိုင်သည်။

နောက်ထပ်ပေါ်လာသောအကြောင်းအရာတစ်ခုမှာ (တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏) စစ်သားများကို ပေးရသော "အခွန်" သို့မဟုတ် ငွေကြေးအရ အထောက်အပံ့အများအပြားပေးရသည့် ကိစ္စ ဖြစ်သည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်းမှ ဖြစ်ပေါ်လာသောကိစ္စရပ်မဟုတ်သော်လည်း ယခုနှစ်မှ ပါဝင် ကြားခဲ့ရသည်မှာ နားထောင်ခြင်းစကားဝိုင်းပြုလုပ်ခဲ့သည့် ကျေးရွာ သို့မဟုတ် မြို့နယ်များ မတူကွဲပြားသည့်အတွက် ဖြစ်ကောင်းဖြစ်နိုင်သည်။

ယခုအချိန်ထိ သိသာသော အခြားအကြောင်းအရာမှာ ဒေသခံများသည် ဖက်ဒရယ်ပြည်ထောင်စုတရပ်ဖြင့် အုပ်ချုပ်သော ဒီမိုကရက်တစ်အရပ်သားအစိုးရတစ်ရပ် ဖြစ်ပေါ်လာစေချင်သည့် ဆန္ဒဖြစ်သည်။ ထိုအကြောင်း ပြောဆိုသည့် စကားဝိုင်းများတွင် ပါဝင်သော အခြားအပြောအများဆုံးအကြောင်းအရာမှာ အရပ်သားအစိုးရ တစ်ရပ် ပေါ်ပေါက်လာရန် ၂၀၀၈ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ရမည်ဆိုသည့် အကြောင်း ဖြစ်သည်။ ဒေသခံလူမှုအသိုင်းအဝိုင်းအတော်များများက စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုသို့ အကူးအပြောင်း ကာလတွင် ဖွဲ့စည်းအုပ်ချုပ်ပုံပြင်ဆင်ရေး လိုအပ်ချက်ကို ထည့်သွင်း ပြောဆိုကြသည်။ ထိုအကြောင်း အရာ ပေါ်ပေါက်လာသည်က ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း နားထောင်ခြင်း စကားဝိုင်းများမှ ရလာဒ်များ အကြား ကြီးမားသော ကွဲပြားမှုများထဲမှ တစ်ခု ဖြစ်သည်ကို တွေ့ရှိရသည်။ ဤသည်က ဒေသခံများအကြား လက်ရှိနိုင်ငံရေးကိစ္စရပ်များနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာ အသိ သိသိသာသာတိုးတက်လာသည်ကို ပြသနေသည်။

၂၀၁၅ ခုနှစ်က မတွေ့ခဲ့ရသော်လည်း ၂၀၁၆ ခုနှစ်တွင် ပေါ်ထွက်လာသော အခြားစိုးရိမ်ပူပန်မှုများမှာ မြေယာ သိမ်းဆည်းမှုများ၊ မြေယာမဲ့ဖြစ်ရမှုများနှင့် သက်ဆိုင်သော စိန်ခေါ်ချက်များ ဖြစ်သည်။ ၎င်းတို့ဒေသများသို့ စီးပွားရေးလုပ်ငန်းများ ရောက်လာပြီး သဘာဝသယံဇာတတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ပျက်စီးရမှုများအတွက် စိုးရိမ်ပူပန်ရသည်ဟုလည်း ဒေသခံများကဆိုသည်။

# အကြံပြုချက်များ



နားထောင်သူများ၏ လေ့လာတွေ့ရှိချက်များအပြင် ဒေသခံပြည်သူများနှင့် မိတ်ဆက်အဖွဲ့အစည်းများ၏ အကြံပြုချက် များကို အခြေခံ၍ CPCS က အောက်ပါ အကြံပြုချက်များကို ပြုလိုသည်။ ယခု တင်ပြထားသော အကြံပြုချက်များသည် ယခင်ထုတ်ဝေခဲ့သည့် *စစ်မှန်သောငြိမ်းချမ်းရေးသာ ကျွန်ုပ်တို့ အလိုရှိ* ဟူသော စာအုပ်တွင် တင်ပြထားချက်များနှင့် ဆင်တူသည်။

## မြန်မာအစိုးရသို့

- တနိုင်ငံလုံးငြိမ်းချမ်းရေးဆိုင်ရာ အခြေခံသဘောတရားနှင့် ဘုံအမြင် တခု ရှိကာ အစိုးရနှင့် တပ်မတော် တို့ အတူတကွ ပူးပေါင်းဆောင်ရွက်သင့်သည်။ ၎င်းတို့အနေဖြင့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ ပြဌာန်းချက်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ရေးထိုးထားသော နှစ်ဘက်အပစ်ခတ်ရပ်စဲရေး စာချုပ်များကို လေးစားရန် အတူတကွ လုပ်ဆောင် သင့်သည်။

- အစိုးရအနေဖြင့် အစိုးရအရာရှိများ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အကြား ပုံမှန် သတင်းအချက်အလက်ဖလှယ်မှု ဆောင်ရွက်စေရန် လိုအပ်သည်။

- အစိုးရက အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာ (NRPC) ၏ အခန်းကဏ္ဍနှင့် တာဝန်များကို ရှင်းရှင်းလင်းလင်း ချပြရန် လိုအပ်သည်။

- အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တလျောက် လူထုအခြေပြုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ထိတွေ့မှု ပိုမိုလုပ်ဆောင်သင့်သည်။

- အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက်များကို လူထုအခြေပြုအဖွဲ့များနှင့် ပြည်သူများထံ ပုံမှန် ဝေမျှရန် လိုအပ်သည်။ လူထုအခြေပြုအဖွဲ့များ၊ ဒေသခံပြည်သူနှင့် ဆက်သွယ်ရေးလမ်းကြောင်းချဲ့ထွင်ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ဒေသခံများနှင့်လည်း သက်ဆိုင်ကြောင်း အားပေးရာ ရောက်သည်။

- ဒေသခံပြည်သူများ၏အသံ သဘောထားများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်ပြီး အစိုးရက ထိုအမြင်သဘောထားများ ထင်ဟပ်စေမည့်

နည်းလမ်းများ ရှာဖွေရန် လိုအပ်သည်။ အစိုးရသည် ကောင်းမွန်သော အုပ်ချုပ်ရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးရန် ဒေသခံပြည်သူများ၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့် ပုံမှန်ဆွေးနွေးပွဲများ လုပ်ဆောင်ရန် လိုအပ်သည်။

- လူတိုင်းအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းနှင့် အလုပ်အကိုင်ဖန်တီးရေးကို ဦးစားပေးသော ဆင်းရဲမွဲတေမှုပပျောက်ရေးအလုံးစုံ မဟာဗျူဟာတစ်ခုကို ရေးဆွဲရန် လိုအပ်သည်။ ထိုမဟာဗျူဟာ တွင် စိုက်ပျိုးရေးထုတ်ကုန်တိုးမြှင့်ခြင်း၊ ကုန်သွယ်မှု အခွင့်အလမ်း တိုးတက်စေရေး အတွက် ဈေးကွက် အသစ်များ တည်ဆောက်ခြင်းနှင့် အခြေခံစားသောက်ကုန် ဈေးနှုန်းများ နည်းလွန်း များလွန်းခြင်း မဖြစ်စေရန် ထိန်းညှိခြင်းတို့ ပါဝင်သင့်သည်။ အလုပ်သမားများ၏ လုံခြုံမှုအတွက် အလုပ်ဆိုင်ရာ အခြေအနေများကိုလည်း သတ်မှတ်ထားရန် လိုအပ်သည်။

- အစိုးရအနေဖြင့် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ အားလုံးတွင် လူမှုရေးဝန်ဆောင်မှု ရရှိရေးနှင့် အရည်အသွေးပြည့်မီရေးအတွက် နိုင်ငံတွင်းရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်ရန် လိုအပ်သည်။ လူမှုရေး ဝန်ဆောင်မှု အရအနည်းဆုံး ကျေးလက်ဒေသများကို ဦးစားပေး ဆောင်ရွက်သင့်သည်။

- အစိုးရသည် လမ်း၊ တံတားများ ပိုမိုဆောက်လုပ်ခြင်းနှင့် တည်ဆောက်ပြီးသား လမ်းများ၏ အရည်အသွေးမြှင့်တင်ခြင်းဖြင့် လမ်းပန်းဆက်သွယ်မှုအဆောက်အအုံကို မြှင့်တင်ရန် လိုအပ်သည်။

- လူမှုအသိုင်းအဝိုင်းများအတွက် အန္တရာယ်ကင်းသော သောက်သုံးရေ ရရှိရေးနှင့် လျှပ်စစ်မီးပုံမှန် ရရှိရေးအတွက် အစိုးရက ဆောင်ရွက်ရန် လိုအပ်သည်။

- အစိုးရအနေဖြင့်သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမှကာကွယ်ရန်သဘာဝသယံဇာတထုတ်ယူရေး လုပ်ငန်းများအပေါ် စည်းကြပ်ရန်နှင့် ထိုလုပ်ငန်းများကြောင့် လူမှုအသိုင်းအဝိုင်းများအပေါ် ထိခိုက်မှုများမှ ကာကွယ်ရန် စနစ်များ တည်ထောင် အကောင်အထည်ဖော်ရန် လိုအပ်သည်။ ဒေသခံပြည်သူ များအပေါ် သက်ရောက်နိုင်သည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများ၊ ဆောင်ရွက်မှုများ တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုများ ရှိစေရန် လိုအပ်သည်။

- အစိုးရအနေဖြင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက် မျှဝေသည့်လုပ်ငန်း များ တိုးမြှင့် ဆောင်ရွက်ပေးရန် လိုအပ်သည်။ မတူကွဲပြားသော ပြည်နယ်များတွင် မတူကွဲပြားသော အလေ့အထများ ရှိကြောင်း ဂရုပြုထားကာ၊ ဒေသခံအသိုင်း အဝိုင်းများ၏ ရိုးရာမြေပိုင်ဆိုင်မှု အလေ့အထမှ နိုင်ငံတော်မြေယာ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်သို့ အကူးအပြောင်းတွင် ကူညီရန် ရည်ရွယ်သောနည်းနာများ ဆောင်ရွက်ရန် လည်း လိုအပ်သည်။

- အစိုးရအနေဖြင့် မူးယစ်ဆေးဝါးစွဲမှုများကို ဖြေရှင်းရန်နှင့် တရားမဝင်မူးယစ်ဆေးဝါးသုံး စွဲသူများ ဘေးကင်းစွာ ပြန်လည်ထူထောင်နိုင်ရေးအတွက် ထိရောက်သော နိုင်ငံတော်အဆင့် မဟာဗျူဟာတခု ရှိရန် လိုအပ်သည်။ အစိုးရအနေဖြင့် ဘိန်းစိုက်ပျိုးခြင်းဖြင့် အသက်မွေး ဝမ်းကျောင်းပြုနေရသော ဘိန်းစိုက် တောင်သူများအတွက် ရေရှည် အစားထိုးသီးနှံစိုက် ပျိုးရေးနည်းလမ်းများ ဖော်ဆောင်ပေးသင့်သည်။

- အစိုးရအနေဖြင့် ဖြစ်ပွားဆဲပဋိပက္ခကြောင့် ပြည်တွင်းအိုးအိမ်မဲ့နေရသူများနှင့် ဒုက္ခသည်များ အတွက် လူမှုဘဝ အဆင့်အတန်းမြှင့်တင်ပေးနိုင်မည့် ရေရှည်ခံ တာရှည်ခံသော အဖြေများရှာရန် လိုအပ်သည်။

## တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသို့

- တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ဒေသခံပြည်သူများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အပေါ် ၎င်းတို့၏တာဝန်နှင့် တာဝန်ရှိမှုများကို သိရှိရန် လိုအပ်သည်။ ဒေသခံအသိုင်းအဝိုင်းများအတွင်း စစ်တပ်နေရာချထားခြင်းများ လျှော့ချရန် လိုအပ်ပြီး ကျေးရွာများတွင် လက်နက်ကိုင်စစ်သားများ ရှိမနေစေရန် လျှော့ချရမည်။

- တပ်မတော်သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အကြမ်းဖက်မှုများ လျှော့ချခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အမှန်တကယ် စိတ်နှစ်ဆောင်ရွက် နေကြောင်း ပြသရန် လိုအပ်သည်။

- တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များသည် တွေ့ဆုံဆွေးနွေး ရေးအတွက် ဆွေးနွေးနိုင်မည့်အခင်းအကျင်းနှင့် နေရာများ ဖန်တီးရန် လိုအပ်သည်။

- တပ်မတော်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အစိုးရပိုင်းတွင် ၎င်း၏ အခန်းကဏ္ဍ အတိုင်းအတာကို ရှင်းရှင်းလင်းလင်း ပြောထားရန် လိုအပ်သည်။

- တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များသည် ၎င်းတို့စစ်သားများ အနေဖြင့် နှစ်ဘက်အပစ်ခတ်ရပ်စဲရေးစာချုပ်နှင့် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ ၎င်းတို့၏ တာဝန်များကို သိရှိနေရန် ဆောင်ရွက်ရမည်။ ၎င်းတို့အဖွဲ့အစည်းအတွင်းရှိ လူတိုင်း လူတိုင်းက ထိုသဘောတူညီချက်များကို သင့်တင့်စွာ အကောင်အထည်ဖော်နေကြောင်း သေချာ သိရှိရန် လိုအပ်သည်။

- အပစ်ခတ်ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) သည် ပြည်ထောင်စု၊ ပြည်နယ်နှင့် ဒေသဆိုင်ရာ အဆင့်တွင် စောင့်ကြည့်ရေးလုပ်ငန်းများကို ပိုမို တက်ကြွသော အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ရန် လိုအပ်သည်။

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်လျှောက် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များသည် လူထု အခြေပြုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပိုမို ထိတွေ့ဆက်ဆံရန် လိုအပ်သည်။ ၎င်းတို့အနေဖြင့် လက်မှတ် ရေးထိုးထားသော သဘောတူညီချက်များသည် ပြည်သူလူထုနှင့် ဆက်ဆံရေးတိုးမြှင့်နိုင်မည့် ဆောင်ရွက်ချက်များ ဖြစ်လာစေရန် လူထုအခြေပြုအဖွဲ့အစည်းများ၊ ဒေသခံအသိုင်းအဝိုင်းများနှင့် ပူးပေါင်း လုပ်ဆောင်ရန် လိုအပ်သည်။

- တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များသည် အဓိပ္ပါယ်ပြည့်ဝပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရန်အတွက် တစိုက်မတ်မတ် ဦးတည်ဆောင်ရွက်ရန် လိုအပ်သည်။

- တနိုင်ငံလုံးအနှံ့ ဆက်ဆံရေးရုံးများ ပိုမိုဖွင့်လှစ်ရန် လိုအပ်သည်။ ထိုရုံးများသည်လည်း ဒေသခံအသိုင်းအဝိုင်းတွင်းရှိ ပြည်သူအားလုံး လက်လှမ်းမီ ဆက်သွယ်နိုင်ရမည်။ စစ်သားများနှင့် လူမှုဆက်ဆံရေး အခွင့်အလမ်းကောင်းများ ရှိခြင်းဖြင့် ထိုရုံးများသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ တပ်သားများနှင့် အရပ်သားပြည်သူများအကြား ဆက်ဆံရေး တိုးတက်စေရန် ကူညီနိုင်သည်။

- တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များသည် ပြည်သူများအကြား အဓမ္မလုပ်အားပေး ခိုင်းစေမှုများ၊ ပေါ်တာဆွဲခြင်း သို့မဟုတ် အဓမ္မ စစ်သားစုဆောင်းခြင်း စသည်တို့ကို ရပ်တန့်ရန် လိုအပ်သည်။ ပြည်သူများအပေါ် မည်သည့်အကြမ်းဖက်မှုအပြုအမူကိုမဆို ၎င်းတို့ ရပ်တန့်သင့်သည်။

## လူထုအခြေပြုအဖွဲ့ဝင်များသို့ (ပြည်တွင်းလူထုအခြေပြုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ)

- လူထုအခြေပြုအဖွဲ့ဝင်များအနေဖြင့် လူမှုအသိုင်းအဝိုင်းများအကြား မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် ဆိုင်ရာ ဗဟုသုတ ပိုမိုရှိလာစေရန် သတင်းအချက်အလက်အသိဉာဏ်ဖွင့် ကမ်ပိန်းလှုပ်ရှားမှုများ ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံအသိုင်းအဝိုင်းများကို ကူညီရမည်။ မြေယာအငြင်းပွားမှု သို့မဟုတ် မြေယာ သိမ်းဆည်းမှုများနှင့် သက်ဆိုင်သော ပြဿနာများ ကြုံနေရသော လူမှုအသိုင်းအဝိုင်းများကို တရားဥပဒေနည်းလမ်းအရ အကူအညီ ပေးခြင်းဖြင့်လည်း ကူညီနိုင်ပါသည်။

- ပြည်တွင်းနှင့်ဒေသန္တရလူထုအခြေပြုအဖွဲ့ဝင်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ လုပ်ငန်းများအတွက် အစီအမံများ ရေးဆွဲရမည်။

- နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် ဒေသန္တရ လူထုအခြေပြု အဖွဲ့ဝင် များသည် လူမှုဝန်ဆောင်မှုများတိုးတက်စေရေးနှင့် ဆင်းရဲမွဲတေမှု ပပျောက်ရေးစဦး လုပ်ငန်းများ ကဲ့သို့သော အဓိက အကြောင်းအရာများတွင် ဗဟိုအစိုးရနှင့် မဟာဗျူဟာကျကျ ဆောင်ရွက်ရန် လိုအပ်သည်။

- လူထုအခြေပြုအဖွဲ့ဝင်အားလုံးသည် လက်တွဲ ပူးပေါင်း ဆောင်ရွက်ကာ လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ကြိုးပမ်းချက်များ ထပ်မနေစေရန် ၎င်းတို့ လုပ်ငန်းများအကြောင်း တစ်ဦးနှင့်တစ်ဦး သတင်းအချက်အလက် ဝေမျှရန် လိုအပ်သည်။

- နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်များသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေး ဆိုင်ရာ အလုပ်၏ သဘောသဘာဝနှင့်၊ ဒေသတွင်းအကြောင်း အရာကိုကာမိစေရန် ၎င်းတို့လုပ်ငန်းအစီအစဉ်များသည် ပိုမို ပြုလွယ် ပြင်လွယ် ရှိသော အစီအစဉ်များ ဖြစ်ရန် လိုအပ်သည်။

ကရုဏာမြန်မာလူမှုကူညီရေးအဖွဲ့ (KMSS) – မြန်မာနိုင်ငံ ကတ်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ် (CBCM) ထောက်ခံမှုနှင့် ခရစ်ယာန်ဘုရားကျောင်းများ၏ လူမှုရေးအဆုံးအမတို့ဖြင့် ၂၀၀၂ ခုနှစ်က ဖွဲ့စည်းခဲ့သည့် ကရုဏာမြန်မာလူမှုကူညီရေးအဖွဲ့သည် အသင်းတော်တည်ရှိရာ နယ်ပယ် ၁၆ နေရာတွင် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည်။ ကရုဏာ မြန်မာအဖွဲ့သည် ဆင်းရဲသားများနှင့် အကူအညီလိုအပ်နေသူ များ၏ ဘဝ ဂုဏ်သိက္ခာရှိရှိ၊ အရည်အသွေးမြင့်မားရေးအတွက် အမြင့်ဆုံးစွမ်းဆောင်နိုင်ရန် အားစိုက် ကြိုးပမ်းလျက်ရှိသည်။

တအာင်းကျောင်းသား လူငယ်များအဖွဲ့ (TSYU) – TSYU သည် တအာင်းလူမျိုးများကို အကူအညီများ ပေးနေသော အကျိုးအမြတ်မယူသည့် အဖွဲ့တဖွဲ့ဖြစ်သည်။ တအာင်းလူငယ်များကို ပညာရေးဆိုင်ရာ အခွင့် အလမ်းများ ဖန်တီးပေးခြင်းဖြင့် စွမ်းဆောင်ရည်မြင့်တင်ခြင်း၊ အိုးအိမ်မဲ့ရွှေ့ပြောင်းနေရသူများနှင့် ဆင်းရဲချွတ်ခြုံကျ နေသော တအာင်းရွာသားများကို ငွေကြေးထောက်ပံ့ခြင်းတို့ ဆောင်ရွက်သည်။ တအာင်းလူမျိုးစုများအတွက် စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်ပြီး ရှမ်းပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အစီရင်ခံစာများ လည်း ထုတ်ဝေသည်။

ပြည်ငြိမ်းသုခ (PNTK) – ပြည်ငြိမ်းသုခ အဖွဲ့သည် အကျိုးအမြတ်မယူသော နိုင်ငံရေးအဖွဲ့လည်းမဟုတ်သော အဖွဲ့တဖွဲ့ဖြစ်ပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက စတင်တည်ထောင်ခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ တွင် အခြေစိုက်သည်။ ၎င်းအဖွဲ့သည် မြန်မာပြည်တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များမှ တဆင့် လူထုများကို ကူညီပေးရန် သို့္လှဉ်ဒ်ချထားသည်။

ကရင်ဖွံ့ဖြိုးရေးကွန်ယက် (KDN) – ၂၀၀၄ ခုနှစ်က တည်ထောင်ခဲ့ပြီး ကရင်ဖွံ့ဖြိုးရေးကွန်ယက်သည် ခေါင်းဆောင် မှုပိုင်း နှင့် ကွန်မြူနီတီအပိုင်းတွင် ကွန်ယက်ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် သင်တန်းပေးခြင်းတို့ကို အလေးထား ဆောင်ရွက်သည်။ ပညာရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် စွမ်းရည်ပိုမိုမြင့်တင်ရန် ရည်ရွယ်သည်။ အိုးအိမ်မဲ့ကရင် ဒေသခံအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များနှင့် အားနည်းချက်များကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကိုလည်း ဆောင်ရွက်သည်။

ကယားပြည်နယ်ငြိမ်းချမ်းရေးစောင့်ကြည့်ရေး ကွန်ယက် (KSPMN) – ကယားပြည်နယ်ရှိ အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်ကို စောင့်ကြည့်လေ့လာပြီး လူထုဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ရန်အတွက် ကယားပြည်နယ် ငြိမ်းချမ်းရေးစောင့်ကြည့်ရေးကွန်ယက်ကို ဒေသန္တရအခြေစိုက် လူထုအခြေပြု အဖွဲ့ ၁၂ ဖွဲ့က ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ဖွဲ့စည်းခဲ့သည်။ ၎င်းအဖွဲ့သည် ပြည်နယ်တဝှမ်း အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်ဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်း၊ အပစ်ခတ်ရပ်စဲရေး အပေါ် ချိုးဖောက်မှုများ ရှိပါက အစီရင်ခံခြင်း နှင့် ကျေးရွာအသီးသီးတွင် အသိပညာဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်သည်။

မွန်အမျိုးသမီးများကွန်ယက် (MWN) – မွန်အမျိုးသမီးများကွန်ယက်ကို ၂၀၁၁ ခုနှစ်တွင် တရားဝင်ဖွဲ့စည်းခဲ့ပြီး မွန်အမျိုးသမီးများအား ဖြစ်ရပ်များ၊ လုပ်ရှားမှုများမှ တဆင့်ကိုယ်စားပြုရန်၊ တန်းတူညီမျှမှုကို မြှင့်တင်ရန်နှင့် ကွန်မြူနီတီ အဆင့်နှင့် နိုင်ငံရေးအရ ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ပါဝင်မှု မြှင့်တင်ရန် ရည်ရွယ်သည်။ ဆွေးနွေးပွဲများ၊ ကွန်မြူနီတီအတွင်း စီမံကိန်းများ၊ လူထုအခြေပြုအဖွဲ့များနှင့်နိုင်ငံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှ တဆင့် ခေတ်ပြိုင်မွန်အမျိုးသမီးအများအပြား ရင်ဆိုင်နေရသော ပြဿနာများအတွက် အဖြေရှာရန် နှင့် မွန်အမျိုးသမီးများအားလုံး ခေါင်းဆောင်မှုအခန်းကဏ္ဍမှ ပါဝင်လာနိုင်ရေး ထောက်ပံ့ပေးရန် မျှော်လင့်သည်။

ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ လေ့လာရေးစင်တာ (CPCS) – သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ သုတေသန လုပ်ငန်းများနှင့် လေ့လာသင်ယူမှုများအား အဆင့်မြှင့်တင်ရန် အထောက်အကူပြုသည့် အပြန်အလှန် ချိတ်ဆက် လျက်ရှိသော သင်တန်း အစီအစဉ်များ ဖြန့်ဖြူးရာ နေရာ ဖြစ်သည်။ ဤနေရာသည် လက်တွေ့ကျင့်သုံးသူများ၊ ကျောင်းသားများ၊ အသိပညာရှင်များ နှင့် ဆန်းစစ်လေ့လာသူများအား ဆက်အစပ်အခြေအနေပေါ်၌ အခြေခံထားသော သတင်းအချက်အလက်များနှင့် အရင်း အမြစ်များအား လက်လှမ်းမှီ လေ့လာကြည့်ရှုနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသည်။

www.centrepeaceconflictstudies.org

ငွေကြေးထောက်ပံ့သူ

PEACE SUPPORT FUND